ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**မကောင်းမှုကိုရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးများသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသော သူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 31 March 2021 ၁၀၃၃၃

# ဒီမိုကရေစီခေတ်တွင် အသိစိတ်ဓာတ်များပြင်ကြရမည်ဖြစ်ပြီး လူမှုရေးအသိစိတ်ဓာတ်ရှိရန်လို ဒီမိုကရေစီကို မသိကျိုးကျွံပြု၍ သူတစ်လူ ငါတစ်မင်းဆောင်ရွက်၍ မရ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

- ☆ မိမိတို့နိုင်ငံတွင် စစ်မှန်သည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်း ဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာဆုံးဖြတ်ချက်ချထား
- ☆ မိမိတို့နိုင်ငံ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အောင်မြင်မည်ဟု ယုံကြည်
- ☆ တိုင်းပြည်တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်
- ☆ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ
- ☆ လွှတ်တော်အတွင်းမျှတမှုရှိရန်အတွက် PR စနစ်ကျင့်သုံးနိုင်ရေး စဉ်းစားသုံးသပ်ဆွေးနွေးရန်လို

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၈

**အမေရိကန်၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိလာ**

စာမျက်နှာ » ၁၂

**ချစ်ခြင်း၊ မုန်းခြင်းကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၂)**

ဆောင်းပါး စာမျက်နှာ » ၂၁

## ထူးခြားသည့် နေ့အပူချိန်များ

၃၀-၃-၂၀၂၁

| | | |
|---|---|---|
| ဖားဆောင်း | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၀ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူ | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ကြို့ပင်ကောက် | ၄၀ | ဒီဂရီစင်တီဂရိတ် |
| ရွှေကျင် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ညောင်လေးပင် | ၃၉ | ဒီဂရီစင်တီဂရိတ် |
| ဟသ်ာတ | ၃၉ | ဒီဂရီစင်တီဂရိတ် |

ကြေးမုံ

# ဥပဒေဘောင်အတွင်းနေထိုင်မှသာ ငြိမ်းချမ်းသာယာ

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့်ပြည်သူများအတွက် အသက်ဝိညာဉ် ဖြစ်သည်။ ပြည်သူတို့၏အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များ ဖြင့် အကာအကွယ်ပေးထားသည်။ ထို့အပြင် တည်ဆဲဥပဒေများဖြင့်လည်း ပြည်သူ တို့ကို အကာအကွယ်ပေးထားသည်။ ပြည်သူတို့အနေဖြင့် ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့် အေးချမ်းသာယာသောဘဝများကို ပိုင်ဆိုင်နိုင်ပါသည်။

အတည်ပြုပြဋ္ဌာန်းထားသော ဥပဒေတို့သည် စာအုပ်ထဲတွင်သာရှိမနေဘဲ လက်တွေ့အသက်ဝင်အသုံးချလျှင် အကျိုးများစွာ ဖြစ်ထွန်းပါသည်။ တစ်ဖက်တွင် ပြည်သူတို့အနေဖြင့် မိမိတို့၏အခွင့်အရေးတို့နှင့် ထိုက်တန်အောင် ဥပဒေနှင့်အညီ နေထိုင်ကျင့်သုံးကြဖို့ လိုပေသည်။ အခွင့်အရေး၏တန်ဖိုးသည် အခွင့်အရေးကို ရရှိသုံးစွဲသူတို့အပေါ်၌ မူတည်နေပေသည်။ တစ်ဖက်တွင်လည်း ပြည်သူတို့အနေဖြင့် မိမိတို့၏အခွင့်အရေးများကို ထိပါးလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသော အတည်ပြုပြဋ္ဌာန်းထားရှိသည့် ဥပဒေနည်းအမျိုးမျိုးဖြင့် ထိရောက်စွာကာကွယ်ဖို့ လိုပါသည်။

ဥပဒေဘောင်ပြင်ပက ဥပဒေလက်လွတ်နည်းမျိုးတို့ကိုမူကား မသုံးစွဲသင့်ပေ။ ယခုအခါတွင် မသမာသူတို့က "လူထုနည်း" ဟု မှားယွင်းစွာ ခေါ်ဝေါ်သုံးစွဲလာကြသော လူအုပ်စုဖြင့် စုရုံးအော်ဟစ်ကာ တောင်းဆိုခြင်း၊ စည်းကမ်းမဲ့စွာဖြင့် ဝိုင်းဝန်းဆူပူ အော်ဟစ်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်၊ ဖမ်းဆီးရိုက်နှက် ညှဉ်းပန်းသတ်ဖြတ်ခြင်း တို့ကို လုံးဝရှောင်ရှားအပ်ပေသည်။ ထိုသို့သော ပြုမူလုပ်ကိုင်နည်းတို့သည် "လူထု နည်း" မဟုတ် "လူမိုက်နည်း" များသာ ဖြစ်ပေသည်။

လွတ်လပ်သောနိုင်ငံသားတို့၏ အမှန်တကယ် လူထုနည်းဆိုသည်ကား ဥပဒေနှင့်အညီ စစ်မှန်ပြီးတရားမျှတသည့် ရွေးကောက်နည်းဖြင့် တင်မြှောက် ထားသော လူထုကိုယ်စားလှယ်တို့က တရားဝင်လွှတ်တော်မှတစ်ဆင့် အရေး ဆိုခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း၊ လိုအပ်သောဥပဒေပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော တရားရုံးများသို့သွားရောက်၍ အမှု အခင်း၊ နစ်နာချက်ကိစ္စတို့ကို ဥပဒေအရ အဆုံးအဖြတ်ခံယူခြင်းတို့သာလျှင် ဖြစ်ပါ သည်။

တပ်မတော်သည် နိုင်ငံ့တာဝန်ယူခဲ့သည့် ပထမရက်သတ္တပတ်အတွင်း ဥပဒေနှင့်အညီ တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ NLD ပါတီဝင်များနှင့် ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက် ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်းများ၊ မီးကွင်း များကဲ့သို့သော အဖျက်အမှောင့်လက်နက်များကိုင်စွဲ၍ တိုက်ခိုက်လာကြသည်။

နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက်စီးနင်းခြင်း၊ မီးရှို့ ဖျက်ဆီးခြင်းများဖြင့် ကြိုးပမ်းအားထုတ်ခြင်း စသည့်လက်နက်ကိုင်အကြမ်းဖက် သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရသည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံ များကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင် အကြမ်းဖက် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းများအထိ ပြုလုပ်လာကြသည်။ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာ ရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်ခဲ့သည်။

နိုင်ငံတစ်ဝန်းတွင် ဆူပူအကြမ်းဖက်မှုများရှိသော်လည်း အခြေအနေဆိုးရွား သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် စစ်အုပ်ချုပ်ရေး ထုတ်ပြန်ဆောင်ရွက်ခဲ့ရသည်။ ဆူပူဆန္ဒပြမှုများသည် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး သတ်မှတ်ထားသော ဥပဒေနှင့်အညီ ဆန္ဒပြမှုများရှိသလို ဥပဒေနှင့် မညီညွတ်သဖြင့် အင်အားသုံးထိရောက်စွာ ဖြိုခွဲရသည်များရှိသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ပြည်သူများသေကျေပျက်စီး အောင် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများ၏ အသက်အန္တရာယ်ဖြစ်နိုင်မှသာလျှင် မလွှဲမရှောင်သာ ဖြိုခွဲဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် "လူထုနည်း" ကို လွဲမှားစွာအသုံးချခြင်း မပြုလုပ်ဘဲ ဘေးကင်းရန်ကွာ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် ဥပဒေဘောင် အတွင်း နေထိုင်ခြင်းသည်သာ အကောင်းဆုံးပင်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်း ထပ်ဆင့်ရှင်းလင်းပွဲ အစည်းအဝေးကျင်းပ

လှိုင်ကော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းထပ်ဆင့် ရှင်းလင်းပွဲအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လှိုင်ကော်မြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်သူလူထုသို့ပြောကြားခဲ့သည့် မိန့်ခွန်းအား အစည်းအဝေး သို့ တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများကို ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက အထွေထွေလုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက ဌာနအလိုက် လုပ်ငန်းပိုင်းဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ကယားပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၃၀-၃-၂၀၂၂)

| ကုမ္ပဏီ အမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၁,၁၀၀ | ၁၀,၄၅၀,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၁,၄၇၄ | ၅,၁၅၉,၀၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၄ | ၈၆,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၆ | ၄၃,၇၀၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၈.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၀၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၀.၅၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၃၈၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၉.၀၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၇၈၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၅.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၇၄.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၁၁၄.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇.၇၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မွှေမွှေအောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ ၃ လတာ အချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ မည်သည့်အတွက်ကြောင့် တာဝန်ယူခဲ့သည်ကို အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ကြောင်း၊ **တပ်မတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး အကြိမ်ကြိမ်ပြောကြားခြင်းများ ပြုလုပ်ခဲ့သော်လည်း မဲမသမာမှုများဖြင့် အစိုးရဖွဲ့ရန် ဆက်လက်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကို လိုအပ်သလို အရေးယူဆောင်ရွက်ရန်အတွက် တာဝန်လွှဲအပ်ခြင်း ဖြစ်ကြောင်း၊ ဒီမိုကရေစီ မရင့်ကျက်သေးသည့် နိုင်ငံဖြစ်ခြင်းကြောင့် သဘောရိုးဖြင့် မဲစာရင်းမှားယွင်းမှုများရှိနိုင်သော်လည်း ယခုဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများသည် စနစ်တကျဖြင့် မှားယွင်းစေရန် ဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိရ**ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ ၃၉ သန်းကျော်တွင် ၁၀ ဒသမ ၄ သန်းမှာ မှတ်ပုံတင်မရှိဘဲ မဲပေးမှုများနှင့် သံသယဖြစ်ဖွယ်မဲပေးမှုများကို စိစစ်တွေ့ရှိရကြောင်း၊ ၂၅ ရာခိုင်နှုန်းကျော် မဲသံသယဖြစ်ဖွယ် ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသဖြင့် ရှင်းလင်းရန် ပြောကြားခဲ့သော်လည်း ရှင်းလင်းပေးမှုမရှိခဲ့ကြောင်း။

**ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြု**

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ရာတွင်လည်း ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံများအလိုက် ဒီမိုကရေစီစနစ် ကျင့်သုံးသည့်စနစ်နှင့် ပုံစံများမတူနိုင်ကြောင်း၊ အနောက်ဥရောပနိုင်ငံများတွင်ပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီသကဲ့သို့ မိမိတို့အာရှနိုင်ငံများတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ခြိမ်းခြောက်၍ မဲပေးခိုင်းခြင်းမဟုတ်ဘဲ ပြည်သူများ၏ ဆန္ဒအရ ဆန္ဒမဲများ ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများရွေးချယ်ထားသည့် **ဒီမိုကရေစီစနစ် မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရန်အတွက် ယခုအခါတွင်လည်း စုပေါင်းဦးဆောင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိပြီး အရပ်ဘက် အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ တပ်မတော်မှ ဝန်းရံပေးနေခြင်းသာဖြစ်ကြောင်း၊** ပြည်သူများ မျှော်မှန်းထားသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သော်လည်း တတိယသက်တမ်းအတွက် ရွေးကောက်ပွဲပြုလုပ်ချိန်တွင် မဲမသမာမှုများ ပြုလုပ်၍ ပြည်သူများရွေးချယ်ထားသည့် ဒီမိုကရေစီစနစ်ကို ပြက်ရယ်ပြုပြီး ပြည်သူလူထုကို စော်ကားခြင်းဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုများကြောင့် မဖြစ်သင့်သည်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ **မိမိတို့နိုင်ငံတွင် စစ်မှန်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြစ်ပေါ်စေရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချထားကြောင်း၊** မိမိတို့နိုင်ငံ တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ တိုင်းပြည်တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ **လွှတ်တော်အတွင်း မျှတမှုရှိရန်အတွက် PR စနစ်ကျင့်သုံးနိုင်ရေး စဉ်းစားသုံးသပ်ဆွေးနွေးရန်လိုကြောင်း။**

**ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိ**

မိမိတို့စတင်တာဝန်ယူပြီး ၃ ရက်မြောက်နေ့မှစ၍ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒဖော်ထုတ်မှုများဖြစ်ပေါ်ခဲ့ပြီး နောက်ပိုင်းတွင် ဆန္ဒပြမှုအဆင့်မှ ဆူပူမှု၊ အကြမ်းဖက်မှု၊ မီးရှို့ဖျက်ဆီးမှု၊ လုယက်တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုများဖြစ်ပေါ်လာကြောင်း၊ အဆိုပါဖြစ်စဉ်များကို ရှင်းလင်းရာတွင်လည်း ဥပဒေနှင့်အညီသာ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူဆန္ဒပြမှုများကို ဖြေရှင်းရာတွင် **ဒီမိုကရေစီလမ်းကြောင်းပေါ် ကာလရှည်ကြာစွာ လျှောက်လှမ်းလျက်ရှိသည့် နိုင်ငံများ၏ အရေးယူဖြေရှင်းဆောင်ရွက်မှုများမှာ မိမိတို့နိုင်ငံထက် ပိုမိုပြင်းထန်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊** ယခုကဲ့သို့ဆူပူမှုများ ဖြစ်ပေါ်ချိန်တွင် ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် **အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက တပ်မတော်စခန်းများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းအချို့ကို တိုက်ခိုက်ခြင်းများရှိခဲ့ကြောင်း၊ နိုင်ငံရေးခံယူချက်များကြောင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ နောက်ကွယ်မှ ပြည်ပနိုင်ငံများက ထောက်ပံ့ပေးမှုများကြောင့် ဆောင်ရွက်နေသည်ကို သိရှိရ**ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တုံ့ပြန်မှုများ ဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်းဖြစ်ခြင်း၊ NCA လက်မှတ်ရေးထိုးထားခြင်း၊ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းလိုခြင်းနှင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်လိုခြင်းများကြောင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

ခဲ့ကြောင်း၊ သို့သော် NCA ကို ချိုးဖောက်ခြင်းများကြောင့် အရေးယူတုံ့ပြန်ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် အဆိုပါအဖွဲ့များသည် ငြိမ်းချမ်းရေးလိုချင်သည့် အဖွဲ့အစည်းများ ဟုတ်၊ မဟုတ် သိနိုင်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ကောင်စီမှ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်ရမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ COVID-19 ထိန်းချုပ်ရေးဆောင်ရွက်ခြင်းနှင့် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် စီးပွားရေးပြန်လည်တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်စည်ပို့ဆောင်မှုများ ပြန်လည်ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ပါက စားရေးတွင် အဆင်ပြေလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ပစ်ပယ်၍ မရကြောင်း၊ **စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်ချိန်တွင် ကျေးလက်နှင့် မြို့ပြကွာခြားချက်များ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန်လိုကြောင်း၊** ထို့ကြောင့် **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊** အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ ဘဝကို အာမခံချက်ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး လိုအပ်သည့်ငွေကြေးနှင့် နည်းပညာများကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးချေးငွေများနှင့်ပတ်သက်၍ တောင်သူများထံသို့ စိုက်ပျိုးရေး ချေးငွေထုတ်ပေးရာတွင် အဆင့်ဆင့်ဆောင်ရွက်ခြင်းမဟုတ်ဘဲ အတိုဆုံးလမ်းကြောင်းဖြင့် ဆောင်ရွက်ပေးမှသာ တောင်သူများအနေဖြင့် ထိရောက်သောသက်သာမှုရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် တောင်သူများ၏ဘဝ၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်အောင် စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ဆောင်ရွက်ပေးရမည်**

သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးမှုများပြားလာသည့်အတွက် ရာသီဥတုပူပြင်းလာသည်ကို တွေ့ရှိရကြောင်း၊ ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်မီသည့် သီးနှံပင်များ စိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် အဓိကစားသုံးသည်မှာ ဆန်နှင့် ဂျုံသီးနှံပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် နိုင်ငံတစ်ဝန်းလုံး ဆန်၊ ဆပါးဖူလုံစေရန်နှင့် သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုကိုလည်း ချွေတာသုံးစွဲရန်အတွက် ပညာပေးမှု၊ လှုံ့ဆော်မှုများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာခုတ်ထွင်ခြင်းကို ထိန်းသိမ်း၍ ကုန်းမြင့်လယ်ယာအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်လိုပြီး လိုအပ်သည့် စိုက်ပျိုးရေရရှိရေးကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်အကျိုးအတွက် ဆောင်ရွက်ကြရန်လိုကြောင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်နှင့် ဒေါက်တာဗညားအောင်မိုးတို့က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်နိုင်ရေး၊ လုံခြုံရေးအရ လိုအပ်သည့် နေရာများတွင် သီးသန့်ဥပဒေပြဋ္ဌာန်း၍ အထူးတရားရုံးများ ဖွဲ့စည်းဖွင့်လှစ်နိုင်ရေး၊ အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် ဝင်ငွေခွန်ကောက်ခံသည့် နှုန်းထားများ ပြင်ဆင်သတ်မှတ်နိုင်ရေး၊ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလျက်ရှိသည့် ကောလာဟလသတင်းစာမျက်နှာများအား ထိန်းချုပ်ရေး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ဖော်ဆောင်ပေးနိုင်ရေး၊ ပုသိမ်မြို့၌ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ အသိပေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပေါ် ပိုမိုအသိအမှတ်ပြုထောက်ပံ့ပေးနိုင်ရေး၊ **စာမျက်နှာ ၄ သို့** ☆

☆ **မိမိအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေမှု ဖူလုံစေရေးအတွက် အဓိကထား စဉ်းစား**

☆ **စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ချင်းပြည်နယ်တွင်လည်း စားနပ်ရိက္ခာ ဖူလုံစေရန် အလေးထား သုတေသနပြု ဆောင်ရွက်ရမည်**

☆ **မိမိတို့တိုင်းပြည်ကို မည်သို့ကောင်းအောင် လုပ်ဆောင်သင့်သည်ကို စဉ်းစားဆောင်ရွက်ကြရမည်**

☆ **စီးပွားရေးမြှင့်တင်မှုများဆောင်ရွက်ချိန်တွင် ကျေးလက်နှင့် မြို့ပြ ကွာခြားချက်များ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရန်လို**

☆ **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေ**

☆ **အသိပညာ၊ အတတ်ပညာများ ရရှိအောင်ဆောင်ရွက်၍ ကျေးလက်နေ ပြည်သူများ၏ ဘဝကို အာမခံချက် ရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး လိုအပ်သည့်ငွေကြေးနှင့် နည်းပညာများကို ဖြည့်ဆည်းပေးရမည်**

☆ **စိုက်ပျိုးရေးချေးငွေများနှင့်ပတ်သက်၍ တောင်သူများထံသို့ စိုက်ပျိုးရေး ချေးငွေထုတ်ပေးရာတွင် အဆင့်ဆင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အတိုဆုံးလမ်းကြောင်းဖြင့် ဆောင်ရွက်ပေးမှသာ တောင်သူများအနေဖြင့် ထိရောက်သော သက်သာမှုရရှိနိုင်မည်**

☆ **မိမိတို့ကောင်စီအနေဖြင့် တောင်သူများ၏ဘဝ၊ ကျေးလက်နေပြည်သူများ၏ ဘဝတိုးတက်အောင် စဉ်းစား ဆောင်ရွက်ရမည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၆ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်လိုက်သည် -

(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
(၂) ဦးရွှေကြိမ်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၀၇ / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၃၀ ရက်)

**ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးရွှေကြိမ်း အစား ဦးခင်ဇော်လှိုင် အား ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

☆ စာမျက်နှာ ၃ မှ

သတင်းမီဒီယာအဖွဲ့အစည်းများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ လုံခြုံရေးယန္တရားကို အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ ဒေသအလိုက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် အချက်အချာနေရာများတွင် လုံခြုံရေးတိုးမြှင့်ချထားနိုင်ရေး၊ ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များ ဆွမ်းကိစ္စ အဆင်ပြေစေရေးအတွက် လိုအပ်သည်များ ထောက်ပံ့လှူဒါန်းနိုင်ရေး၊ အင်တာနက်ဝန်ဆောင်မှု ပိတ်ပင်ထားခြင်းများကို ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ရေး၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ သွေးထိုးစည်းရုံးလှုံ့ဆော်မှု ဝါဒဖြန့်မှုများနှင့်စပ်လျဉ်း၍ တန်ပြန်အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၊ ပါတီများနှင့် အဖွဲ့အစည်းများအား လုံခြုံရေးဆိုင်ရာ အကာအကွယ်များ ပေးနိုင်ရေးတို့ကို တင်ပြဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသအလိုက် လုံခြုံရေးဆိုင်ရာ ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆူပူအကြမ်းဖက်အဖွဲ့အစည်းများက အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်ကြံစည်ခဲ့မှုများ၊ နယ်မြေဒေသလုံခြုံရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကာလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြန်လည်စိစစ်သုံးသပ်ပြီး လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အထူးတရားရုံးများ ဖွင့်လှစ်နိုင်ရေးအတွက်လည်း အလေးထား စဉ်းစားသွားမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းပြီး ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုကြောင်း၊ ဝင်ငွေခွန်နှုန်းထားကိုမတိုးမြှင့်ဘဲ အခွန်နယ်ပယ်ကို ချဲ့ထွင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခွန်ကောက်ခံမှုသည် အာဆီယံနိုင်ငံများ၏ အခွန်ကောက်ခံမှုထက် နည်းပါကြောင်း။

အစိုးရဝန်ထမ်းများသည် ပုဂ္ဂလိကဝန်ထမ်းများထက် လစာရရှိမှု နည်းပါးသော်လည်း ပင်စင်လစာ အကျိုးခံစားခွင့်ရှိသည့် ဘဝအာမခံချက်ရှိကြောင်း၊ ရရှိသည့်လစာနှင့် လုံလောက်အောင် သုံးစွဲနိုင်သည့် အခြေအနေမျိုးဖြစ်အောင် ဖန်တီးပေးရန်နှင့် အဆင်နှင့်လျော်ညီသည့် လူနေမှုစနစ်ဖြစ်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်သည့် စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များကို စနစ်တကျ မွေးထုတ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးစနစ်၊ စီးပွားရေးစနစ်၊ လူမှုရေးစနစ်များတွင် ပြုပြင်ပြောင်းလဲရမည့် ကိစ္စရပ်များရှိကြောင်း။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်နှင့် ဒေသအားလုံးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချရန်လိုအပ်ကြောင်း၊** နိုင်ငံတစ်နံတစ်လျားရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ရှိပြီးသားအခြေခံကောင်းများကိုအသုံးချ၍ စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပုသိမ်၊ မော်လမြိုင်နှင့် ထားဝယ်တို့တွင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများ တည်ဆောက်နိုင်ရေး အခြေခံကောင်းများရရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **မိမိအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ၏ စားဝတ်နေမှုဖူလုံစေရေးအတွက် အဓိကထားစဉ်းစားကြောင်း၊** စားနပ်ရိက္ခာဖူလုံမှုမရှိသည့် ချင်းပြည်နယ်တွင်လည်း စားနပ်ရိက္ခာဖူလုံစေရန် အလေးထားသုတေသနပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို မည်သို့ကောင်းအောင် လုပ်ဆောင်သင့်သည်ကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်နေ

ယခု လုပ်ဆောင်နေသည့် ဆူပူအကြမ်းဖက်မှုများသည် အစိုးရအားဆန့်ကျင်နေခြင်း မဟုတ်ဘဲ တိုင်းပြည်နှင့်ပြည်သူလူထု၏ စီးပွားရေးကို ပျက်စီးအောင် ဆောင်ရွက်နေကြခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်နေခြင်းမျိုးမရှိဘဲ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဆိုရှယ်မီဒီယာသည် ကောင်းကျိုးများ ရှိသကဲ့သို့ ဆိုးကျိုးများလည်း ဖြစ်ပေါ်စေကြောင်း၊ အင်တာနက်ကိုမှီခို၍ဆောင်ရွက်နေရသည့် လုပ်ငန်းများရှိသည့်အတွက် အမြဲပိတ်ထား၍မရကြောင်း၊ ယင်းအားမှန်ကန်စွာ အသုံးပြုနိုင်ရေး ထိန်းကျောင်းရန်လိုအပ်ပြီး ဖောက်ဖျက်ပါက ထိရောက်စွာဟန့်တားနိုင်သော ပြစ်ဒဏ်များချမှတ်သွားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မီဒီယာလုပ်ငန်းအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဟု အသိအမှတ်ပြုထားကြောင်း၊ မီဒီယာများမှတစ်ဆင့် အသိပညာများ ယူတတ်ရန်အရေးကြီးကြောင်း၊ ပြည်သူများကို ဒီမိုကရေစီနှင့် ပတ်သက်သည့် အသိပညာများ၊ အတွေးအခေါ်များ ရှိအောင် လုပ်ဆောင်ပေးကြရန်လိုကြောင်း၊ လူငယ်လူရွယ်အားလုံးပညာတတ်ဖြစ်အောင် ပညာရေးလမ်းကြောင်းကောင်းအောင် မြှင့်တင်ရန်နှင့် စိတ်နေသဘောထားများ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ရုံးပိတ်ရက်များကို တိုင်းပြည်အတွက် အကျိုးရှိရှိ အသုံးချနိုင်ရန် ပြန်လည်စဉ်းစား သုံးသပ်သွားမည်ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များအတွက် ဆွမ်း၊ ဆန်၊ ဆီ၊ ပဲများ ဖူလုံရေးအတွက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း၊ ဒီမိုကရေစီခေတ်တွင် အသိစိတ်ဓာတ်များ ပြင်ကြရမည်ဖြစ်ပြီး လူမှုရေးအသိစိတ်ဓာတ်ရှိရန်လိုကြောင်း၊ ဒီမိုကရေစီကိုမသိကျိုးကျွန်ပြု၍ သူတစ်လူငါတစ်မင်းဆောင်ရွက်၍ မရကြောင်း၊ မိမိတို့လုပ်ဆောင်မှုသည် တစ်နိုင်ငံလုံး အကျိုးခံစားခွင့်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး တိုင်းပြည်အား အာမခံချက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားများကို ဂရုတစိုက်ဖြင့် မျှတသည့် အခွင့်အရေးပေးရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အတိုင်း ထိထိရောက်ရောက်ဖြစ်အောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မတ် ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၃၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၉၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၇,၀၈၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၄၁၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၉၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးနေ

**တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ပြည်ပအန္တရာယ်ကို ကာကွယ်ရန် အဓိကတာဝန်ရှိကြောင်း၊ သို့သော်လည်း ခေတ်အဆက်ဆက် ပြည်တွင်းသောင်းကျန်းမှုများကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်တွင်းလုံခြုံရေးတွင် အဓိက တာဝန်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်စွမ်းအားကို မြှင့်တင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၃၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တည်ထောင်ခြင်း (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးခန်းအမှတ်(၂)တွင် ကျင်းပသည်။

### ထောက်ပံ့ပေးအပ်

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌဦးသန်းကျော် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သော ဝန်ထမ်းများနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရုံးတက်ရောက်ရန် ပျက်ကွက်မှုမရှိသော ဝန်ထမ်းများအား ရုံးတက်မှန်ဆုများနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခြင်းနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စားသောက်ကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ကြက်သွန်နီနှင့် ကြက်ဥများကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ခုံရုံး၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ခုံရုံးဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှု



နေပြည်တော် မတ် ၃၀

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

### များစွာအကျိုးရှိ

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နေမှုအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား မှတ်တမ်းတင်အပ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကို အရည်အသွေးပြည့်မီသော အစားအသောက်များနှင့် ဆေးဝါးများကို အန္တရာယ်ကင်းရှင်းစွာ စားသောက်ခြင်း၊ သုံးစွဲခြင်းများပြုနိုင်ရန် ဆောင်ရွက်ပေးနေကြသဖြင့် မိမိတို့နိုင်ငံတော်အတွက် များစွာအကျိုးရှိပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးများကို စနစ်တကျ မြန်မြန်စစ်ဆေးပေးခြင်းဖြင့် ကိုဗစ်-၁၉ အလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့ရေးအတွက် အထောက်အကူပြုပါကြောင်း၊ ထို့ပြင် လုပ်ငန်းကြန့်ကြာနိုင်မည့် အဆင့်များကို အတတ်နိုင်ဆုံး ထပ်မံဖြေလျှော့ရန် လိုပါကြောင်း၊ Online System ကို အသုံးပြု၍ e-Submission (လျှောက်လွှာတင်ခြင်း)ကို လက်ခံဆောင်ရွက်ပေးနိုင်ခြင်းကြောင့် လူကိုယ်တိုင် လာရောက်ရန်မလိုခြင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် ကျသင့်ငွေများကိုလည်း အွန်လိုင်းမှတစ်ဆင့် ပေးသွင်းနိုင်ခြင်းတို့ကြောင့် အချိန်ကုန်သက်သာပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လူကိုယ်တိုင် လာရောက်ရန်မလိုသဖြင့် အဂတိဖြစ်နိုင်ခြေ လျော့နည်း၍ မလိုလားအပ်သော ကိစ္စရပ်များ ဖြေရှင်းရန် မလိုပါကြောင်း၊ အစားအစာများကို စနစ်တကျ စစ်ဆေး၍ အစားအသောက်တွင် ပါဝင်သော အချိုဓာတ် (Sugar)၊ အငန်ဓာတ်(Salt)၊ အဆီ(Fat) စံနှုန်းများ လျှော့ချခြင်းအားဖြင့် မကူးစက်နိုင်သော ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချို၊ နှလုံးနှင့် ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ဈေးကွက်ထောက်လှမ်းစုံစမ်းစစ်ဆေးခြင်း (Post Market Surveillance) သည် အစားအသောက်နှင့် ဆေးဝါးအရည်အသွေး လုံခြုံစိတ်ချရမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးအရေးကြီးပါသဖြင့် ဦးစားပေး ဆောင်ရွက်ရန် လိုကြောင်း။

ဖေဖော်ဝါရီ ၈ ရက်မှစ၍ ကျန်းမာရေးဝန်ထမ်းများကို လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် ပန်ကြားချက်များ ထုတ်ပြန်ခြင်း၊ မတ် ၁ ရက်မှစ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက ဆက်သွယ်ဆောင်ရွက်ရမည့် တယ်လီဖုန်းနံပါတ်များနှင့် email လိပ်စာများကိုဖော်ပြ၍ အသိပေးပန်ကြားချက် ထုတ်ပြန်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းခွင်အသီးသီးသို့ အမြန်ဆုံး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်စေလိုကြောင်း၊ မကြာမီကာလအတွင်း ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနီးနွယ်တက္ကသိုလ်များတွင် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူတော့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း လေ့ကျင့်မွေးထုတ်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### တင်ပြ

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာခင်ဇော်က လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက MOU လက်မှတ်ရေးထိုးရန် ကမ်းလှမ်းလာမှု၊ အာဆီယံနိုင်ငံများမှ အစားအသောက်နှင့် ဆေးဝါးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဌာနခွဲအလိုက် ဆောင်ရွက်ချက်များကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ အစားအသောက်နှင့် ဆေးဝါးများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များ မှတ်ပုံတင်ခြင်းကို အွန်လိုင်းစနစ်ဖြင့် အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သင်ပါ ပြင်ပါ တိုးတက်လာ

ချစ်နိုင်(စိတ်ပညာ)

**အတတ်ပညာ၊ အသိပညာများကို စိတ်ပါဝင်စား စိတ်အားထက်သန်စွာ (သစ်ခုတ်လှကို နေ့စဉ်သွေးသူ၊ သသူ သစ်ခုတ်သမားက လှတုံးတုံးဖြင့် ခုတ်နေကြသူများထက်) မှန်မှန်ကြိုးစားသူမှန်သမျှသည် အရွယ်၊ အသက်ကြီးငယ်မရွေး တိုးတက်ထိရောက် ခရီးပေါက်ကြပါလိမ့်မည်။ လိုအင်ဆန္ဒပြည့်ဝအောင်မြင်ကြပါလိမ့်မည်။ ဘဝဆိုသည်မှာ စာသင်ကျောင်း၊ စာသင်ခန်းကြီးတစ်ခုပဲ မဟုတ်ပါလား။ ဘဝကျောင်းမှာ သင်ယူစရာ၊ မှတ်သားစရာ၊ လေ့ကျင့်တတ်မြောက်စရာများကား မိမိရှေ့မှာ များစွာရှိနေပြီးသားပင်။ တစ်ခုပြီးတစ်ခု သင်ယူနေရမှာ အစဉ်။**

### နိဒါန်း

မန္တလေး-လားရှိုးကားလမ်းပေါ်တွင် နောင်ချိုမြို့ကို ဖြတ်သွားရသည်။ နောင်ချိုမှာ ရထားဘူတာလည်းရှိသည်။ ကားများရပ်နားစရာ စားသောက်ဆိုင်များလည်း ရှိသည်။ မန္တလေး-ပြင်ဦးလွင် ၄၅ မိုင်၊ ပြင်ဦးလွင်-နောင်ချို ၃၆ မိုင်၊ မန္တလေးမှ ကားနှင့်တက်လာလျှင် မိုင် ၈၀ ကျော်၊ ကားစီးချိန် သုံးနာရီကျော်ပြီဆိုတော့ အရှေ့အလယ်ပိုင်းဒေသက အစာအာဟာရလိုအပ်နေပြီဖြစ်ကြောင်း သဘာဝအရ ဆန္ဒပြကြလေပြီ။ နောင်ချိုမှာ စားသောက်ဆိုင်များ ကောင်းကောင်းရှိသည်။ မန္တလေး-လားရှိုး၊ မူဆယ်-နမ့်ခမ်းကားလမ်း တစ်လျှောက် နောင်ချိုခေါက်ဆွဲဆိုင်များ ရောက်လျှင် ကားဆရာများရပ်နားပြီး စားသောက်လေ့ရှိကြသည်။ အတက်၊ အဆင်း ကားကြီး၊ ကားငယ်များမှ ခရီးသည်များ စားသောက်ချိန် ရောက်ပြီဖြစ်သဖြင့် ခရီးသည်များ စားသောက်ကြရန်၊ ကားအင်ဂျင် အပူသက်သာစေရန် တစ်ထောက်နားစခန်း နောင်ချို၌ ရပ်လေ့ရှိကြသည်။

ကားလမ်းမကြီးပေါ်မှာရှိသော **"ရတနာသီဂီ"** အမည်ရှိ စားသောက်ဆိုင် တည်ရှိခဲ့သည်မှာ ကာလကြာပြီ။ မိမိသိမီသလောက် ၁၉၆၀-၁၉၇၀ ပြည့်နှစ်လောက်မှာပင် အခိုင်အခံ့ရှိနေခဲ့သည်။ ယခုဆိုလျှင် ရတနာသီဂီခေါက်ဆွဲဆိုင်၏ သက်တမ်းသည် နှစ်ပေါင်း ၅၀ အနည်းဆုံးကျော်ခဲ့လောက်ပေပြီ။ ဦးစိန်ဟုခေါ်သော တရုတ်ကြီးက ဦးစီးသည်။ သူ့ဇနီးက ဝဝဖိုင့်ဖိုင့် တရုတ်မကြီးပါပဲ။ မိသားစုတက်ညီလက်ညီ ကြော်လှော်ချက်ပြုတ်ပြီး စားပွဲထိုးကြသည်။

၁၉၈၀ ပြည့်နှစ်ကာလ။ တပ်သစ်တည်စ။ မိမိတို့သည် ဦးစိန်ထံမှ ပန်းကန်ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း စသည်တို့ မကြာခဏ ငှားရမ်းခဲ့ရသည်။ ချက်နည်းပြုတ်နည်းများကိုလည်း တပည့်ခံပြီး သင်ယူခဲ့ရသည်။ လားရှိုး-မန္တလေး အဆင်း၊ အတက် ခရီးတစ်ထောက် နံနက်စာဖြစ်စေ၊ နေ့လယ်စာဖြစ်စေ၊ ညစာဖြစ်စေ တိုင်းမှူး၊ တပ်မမှူး၊ ဗျူဟာမှူးတို့ တပ်ထဲမှာ ဧည့်ခံကျွေးမွေးရလေ့ရှိသည်။ သူ့ဆီက ချေးရ၊ ငှားရတာလည်း ရှိခဲ့သည်။

အချက်အပြုတ် အကျွေးအမွေးကို သေချာစွာ ဂရုစိုက်ကာ ကြီးကြပ်ရသည်။ ဆားမငန်စေရ၊ ဆားမပါဘဲလည်း မနေရ၊ မတူးစေရ၊ စိမ်းဆတ်ဆတ် မနူးမနပ်မဖြစ်စေရ၊ လူကြီးစိတ်ကျေနပ်ကြည်သာစေရန် အစားအသောက်အဆင်ပြေဖို့က အရေးကြီးလှသည်။ **ရတနာသီဂီစားသောက်ဆိုင်**က တရုတ်အဘိုးကြီး ဦးစိန်ထံ အချိန်ရသမျှ တပည့်ခံပြီး လေ့လာမှတ်သားခဲ့သမျှ အကျိုးရှိလှသည်။ မိမိတို့ ကျွေးမွေးဧည့်ခံသမျှ ချီးမွမ်းချီးကျူးခံခဲ့ရသည်က များပါ၏။

### အချက်အပြုတ်

အသားကို အလွန်ကျက်အောင် မချက်ရ၊ သွားကောင်းသူအတွက်ဆိုလျှင် သိပ်မကျက်ခင် ချရမည်။ သွားကောင်းပုံမရသူအတွက်ဆိုလျှင် သာမန်ကျက်ရုံမျှမက နူးအိနေသည်အထိ အရသာရှိအောင် နှပ်ရမည်။ အသား၊ ငါးကို ရိုးရိုးချက်လျှင် အဆာပလာ ကောင်းမွန်စုံလင်စေရမည်။ ကင်ခြင်း၊ ကြော်ခြင်းက မူလအရသာကို ရစေသည်။ ပေါင်းလျှင်လည်း တစ်မျိုးအရသာ ထူးစေသည်။ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသားများမှာ သီးခြားဝိသေသ၊ သတိပြုရမည့်အရာများ ရှိကြသည်။

အသား၊ ငါးရော အသီးအရွက်ပါ လတ်ဆတ်ရန်နှင့် သန့်ရှင်းစေရန် အရေးအကြီးဆုံး ဖြစ်လေသည်။ အပုပ်၊ အသိုး၊ အဆိပ်အတောက်မပါစေရန် စစ်ဆေးတတ်ရမည်။ ရှောင်ရှားတတ်ရသည်။ အစားအသောက်မှာ အချိန်အခါ၊ ရာသီ၊ အခြေအနေနှင့် ဆီလျော်အောင် ချက်ပြုတ်တတ်ရသည်။ ရာသီစာပေါ်သော သီးနှံများကို ဦးစားပေး၍ ချက်သင့်သည်။ ဈေးပေါသော်လည်း အာဟာရတန်ဖိုးက ရှိနေသည်။

အသားကိုင်နည်း၊ ခုတ်နည်း၊ ချက်ပြုတ်နည်းများကို ပြောပြရုံမက လက်တွေ့မီးဖိုဘေးမှာ သရုပ်ပြသင်ကြားညွှန်ပြပေးခဲ့သော ဦးစိန်၏စေတနာကို လေးစားစွာ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါရစေ။ ဦးစိန်ကား မရှိရှာတော့ပါ။ ယခုအခါ သူ၏ သမီးများခေတ်မှသည် မြေးများ ဦးစီးလုပ်ဆောင်နေကြပါပြီ။ သူတို့အဘိုး ဦးစိန်နှင့် ခင်မင်ခဲ့ဖူးသည်ဟု ပြောသောအခါ ဘွဲ့ရပညာတတ်များ ဖြစ်နေကြသည့် မြေးများက မိမိကို ဘဘကြီးဟု ခေါ်နေကြလေပြီ။ မှန်ပေသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်၊ ငါးဆယ်ဆိုသည်ကား သူတို့မမွေးကြသေးပေ။ မိတ်ဆွေဟောင်းကား ကြာလေကောင်းလေပေပဲ။ ဦးစိန်က မစားကောင်းသောမှို အမျိုးအစား၊ မစားသင့်သောအသား၊ ယှဉ်တွဲမစားသင့်သော အစားအစာ၊ ရောဂါအခံရှိသူများ ရှောင်ကြဉ်သင့်သော အစားအစာ စသည်များကို (သူ့ကို တရိုတသေ လေးလေးစားစား) လိုချင်စိတ်ဖြင့် မေးမြန်းစူးစမ်းပြီး နာယူမှတ်သားလာသူလည်း ရှားပုံရသဖြင့် စေတနာအပြည့်အဝ ပြောပြတတ်ပါ၏။

### သင်ချင်စိတ်

သင်ယူလိုစိတ်သည် အလွန်တရာအရေးကြီးပါ၏။ ရှမ်းပြည်နယ် မြို့နယ်တစ်ခုတွင် အရာရှိတစ်ဦးဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦးက သူ၏ကိုယ်တွေ့ဘဝကို ညည်းညူသံဖြင့် ဆိုရှယ်မီဒီယာဖေ့စ်ဘွတ်မှာ ရေးတင်သည်။ လွန်ခဲ့သော ဆယ့်ငါးနှစ်၊ အနှစ် ၂၀ ဆီက သူအလုပ်ဝင်စမှာ အထက်က ဝန်ထမ်းစာရေးများ မသိအောင် (သူက အောက်ခြေအထွေထွေဝန်ထမ်း) လက်နှိပ်စက်ကို ခိုးပြီးသင်ရသည်။ စာရေးများက ပျက်မည်စိုး၍ သင်ပြမပေးရုံမျှမက လက်နှိပ်စက်ကို ဟိုကိုင် သည်ကိုင်ကြည့်၍ စူးစမ်းသည်ကိုပင် မကြိုက်။ လက်နှိပ်စက်ပျက်လျှင် မိုင်းဆက်မှ ကျိုင်းတုံ၊ ကျိုင်းတုံမှ တောင်ကြီး၊ တောင်ကြီးမှ ရန်ကုန်ရုံးချုပ်ရောက်အောင်သွားပို့၊ သွားပြုပြင်ရ၊ ပြင်ခကလည်း ဈေးကြီး၊ ပြင်ရဖို့ အလှည့်စောင့်ရသည်ကလည်း လနှင့်ချီကြာတတ်သဖြင့် လက်နှိပ်စက် မပျက်စီးရအောင် ရှေ့လို ဥ၍ အသက်နှင့်လဲကာ ကာကွယ်စောင့်ရှောက်နေကြကြောင်း သူလည်းနားလည်ပါသည်။

လက်နှိပ်စက်ကိုင်တွယ်နည်း၊ ရိုက်နည်း၊ လက်ကွက်စသည်တို့ကို အခြားဌာနမှ (ရန်ပုံငွေပေါသော) သဘောကောင်းသော ရုံးများရှိ ဝန်ထမ်းအစ်ကို၊ အစ်မများထံသို့ ရုံးချိန်ပြင်ပ လေ့လာသင်ယူခွင့်ရအောင် ချောင်းပြီး ချဉ်းကပ်ခဲ့ရသည်။ တတ်မြောက်ချင်စိတ်ရှိသဖြင့် တစ်နှစ်၊ နှစ်နှစ်ကြာသောအခါ မိမိထက်ဝါရင့်သော စာရေးများထက်ပင် ကျွမ်းကျင်စွာ ရိုက်တတ်လာခဲ့လေသည်။ ကွန်ပျူတာသင်တန်းများတက်ပြီး ရုံးတိုင်းမှာ ကွန်ပျူတာ အသုံးပြုနေကြပါလေပြီ။ သူက အရာရှိဖြစ်နေပြီ။ လက်အောက်ဝန်ထမ်းများ ကွန်ပျူတာ မသုံးတတ်သူများကို သူက ကာလတို၊ ကာလရှည် သင်တန်းဖွယားဆွဲပြီး သင်တန်းဖွင့်ပေးသည်။ သူကလည်း ဝင်သင်ပြပေးသည်။ သို့တစေ ...

လုပ်သက်နုသေးသော ဝန်ထမ်းလေးများသည် ဒေသခံတိုင်းရင်းသားလေးများပါပဲ။ တက္ကသိုလ်တစ်ခုခုက ဘွဲ့တစ်ခုခုရခဲ့ပြီးကြသူတွေပါပဲ။ သို့ရာတွင် သူလေးတို့အများစုက ကွန်ပျူတာသင်ယူရမှာကို အလုပ်ပို အချိန်ဖြုန်းခြင်းဟု ထင်မှတ်ယူဆသည်။ စိတ်ပါဝင်စားခြင်းမရှိကြ။ စိတ်မပါသဖြင့် တတ်မြောက်ရန်ဝေးစွ၊ ကျွမ်းကျင်မှုမရ၊ လေ့ကျင့်ရန်လည်း ပျက်ကွက်သည်။ ကျက်မှတ်ရန်လည်း ပျင်းသည်။ မှတ်မှတ်သားသားလည်း မရှိ။ အရာရှိငယ်ဖြစ်သူက ချော့မော့ပြီး သင်ပေးနေရသည်။

သူ့လို လိုလိုချင်ချင် သင်ယူလိုစိတ်မရှိသော ဝန်ထမ်းတပည့်များကို စိတ်ရှည်ရှည်ဖြင့် သင်ကြပါ၊ ပြင်ကြပါဟု စည်းရုံးဆွဲဆောင်နေရကြောင်း။

အချို့သော အသိပညာ၊ အတတ်ပညာက လက်တွေ့ချက်ချင်း လက်ငင်းအသုံးကျသည်။ အချို့သော အသိပညာ၊ အတတ်ပညာက ချက်ချင်း အသုံးမပြုနိုင်။ အချိန်ကာလကြာမှ တစ်ကွေ့ကွေ့၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် အသုံးဝင်လာတတ်သည်။

### သိလိုစိတ်

တပ်မတော်အရာရှိဘဝ၊ ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကြာသည်အထိ ဘယ်အရက်အမျိုးအစားကို ဘယ်လိုဖန်ခွက်အမျိုးအစားနှင့် သောက်ရမည်မှန်း ခွဲခွဲခြားခြားမသိခဲ့။ သိရဖို့လည်း စိတ်မဝင်စားခဲ့။ တပ်စုမှူး၊ တပ်ခွဲမှူး၊ စစ်ကြောင်းမှူးတာဝန်ထမ်းဆောင်ရာတွင် (မိမိက အရက်လည်း မကြိုက်ခဲ့မိသဖြင့်) အရက်သောက်တာပဲ မတ်ခွက်နှင့်လည်း ရသည်။ ကြွေပန်းကန်နှင့်လည်း ဖြစ်သည်။ ဝါးခွက်နှင့်လည်း ပြီးတာပဲ။ အစားအသောက်ကိုလည်း ဟန်းကောနှင့်စား၊ ဖက်ရွက်ခင်းပြီး ပုံစား။ ဘာပဲဖြစ်ဖြစ် စားစရာကို စားရပြီးတာပဲ။ သံပန်းကန်၊ ကြွေပန်းကန်ခွဲခြားနေစရာမလိုဟု ထင်မှတ်ခဲ့ပါ၏။ ဗိုလ်မှူးအဆင့်၊ နောင်ချိုမြို့ရှိခြေမြန်တပ်မှာ ငါးနှစ်ကြာ တာဝန်ထမ်းရသောအခါ ရှေ့တန်းစစ်ဆင်ရေးသာမက နောက်တန်းအုပ်ချုပ်ရေး လေ့ကျင့်ရေးတာဝန်များပါဆောင်ရွက်ခဲ့ရပေသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း မန္တလေး-လားရှိုးကားဖြင့် မကြာခဏဆင်းကြ၊ တက်ကြသည့် တပ်မတော်လူကြီးဧည့်သည်များကို လက်ဖက်ရည်သောက်ချိန် လက်ဖက်ရည်၊ ထမင်းချိန် ထမင်း ဧည့်ခံကျွေးမွေးရပေသည်။

ဤသို့ဖြင့် ဘီယာဖန်ခွက်၊ ဝီစကီဖန်ခွက်၊ ဂျင်ခွက်၊ ဝိုင်ခွက်၊ ရှန်ပိန်ဖန်ခွက်တို့ကိုပါ ဝယ်ယူပြင်ဆင်ခဲ့ရပါတော့သည်။ ဆရာဒဂုန်တာရာ ရေးသော စာတစ်ပုဒ်တွင် ဘီယာနှင့် ရေရောပြီး သောက်သည်ဟု ပါခဲ့ကြောင်း (တကယ်ဟုတ်၊ မဟုတ်တော့မသိပါ) ဆရာသော်တာဆွေ ရေးဖူးခဲ့သည်ကို မှတ်မိနေပါသည်။ ဆရာဒဂုန်တာရာသည် အရက်သောက်တတ်သူမဟုတ်သဖြင့် ဘီယာ၊ ဘရမ်ဒီ၊ ဝီစကီ၊ ဂျင် စသည်တို့ကို ခွဲခြားမသိသည်မှာလည်း အဆန်းတော့မဟုတ်။

ဘယ်အရက်အမျိုးအစားကို ဘယ်လိုဖန်ခွက်မျိုးနှင့် သောက်ရသည်။ ထိုခွက်မျိုးများရှိသင့်သည်ဆိုသည့်အချက်ကို စိတ်ရှည်လက်ရှည် သင်ကြားပြသခဲ့သူမှာ ထိုအချိန်က ရမခတိုင်းမှူး **ဗိုလ်ချုပ်ချစ်ဆွေ** ဖြစ်လေသည်။


ဗိုလ်ချုပ်က စစ်သံမှူးအဖြစ် ဆိုဗီယက် ရုရှားနိုင်ငံ မော်စကိုမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ သံတမန်ရေးရာ သိစရာ၊ မှတ်စရာများကိုလည်း စကားဝိုင်းမှာ မှတ်သားတတ်အောင် ပြောပြလေ့ရှိသည်။ အကြောင်းအရာတစ်ခုခုကို နားထောင်သူစိတ်ဝင်စားအောင် စီကာပတ်ကုံးပြောပြတတ်သည်။ ရုပ်ရှင်မင်းသားဝင်းဦး (ဗိုလ်လှမြင့်)နှင့် ဗိုလ်သင်တန်း အတူတူဆင်းခဲ့သူချင်း ခင်ကြသည်။

စာမျက်နှာ ၇ သို့



ပါမောက္ခဦးအုံးဖေ

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Virtual Meeting ဖြင့် ပြုလုပ်သည့် (၂၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်



**နေပြည်တော် မတ် ၃၀**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံက Virtual စနစ်ဖြင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပသော (၂၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

ယခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်သည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံက အာဆီယံအစည်းအဝေးများကို "We Care, We Prepare, We Prosper" ဆောင်ပုဒ်ဖြင့် ကျင်းပဆောင်ရွက်လျက်ရှိသည်။

ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ယခုနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာဆီယံဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးတွင် မတည်ငြိမ်မှုများရှိနေသေးသော်လည်း နိုင်ငံအလိုက် စီးပွားရေး ပြန်လည်နာလန်ထူလာနိုင်ရေး အစီအမံများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များ၊ အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသစီးပွားရေးအတွက် အရေးပါသည့်အတွက် ပြန်လည်ထူထောင်ရေးအစီအစဉ်များကို တွန်းအားပေးဆောင်ရွက်နိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ဆောင်ရွက်ချက်များ၊ ASEAN Blueprint 2025 အောက်မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ အာဆီယံနိုင်ငံများအတွင်း ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများ၏ တိုးတက်မှုများကိုလည်း ဆွေးနွေးခဲ့သည်။

အာဆီယံဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုများတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေရရှိနိုင်မှု၊ အာမခံလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုအတွက် ဘဏ္ဍာငွေရရှိနိုင်မှု၊ အာဆီယံအကောက်ခွန်နှင့် အခွန်ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံဒေသတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ငွေကြေးပံ့ပိုးနေမှုများကို ပူးပေါင်းတိုက်ဖျက်မှု စသည်တို့ပါဝင်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်းအလိုက်သော်လည်းကောင်း၊ အာဆီယံဒေသအလိုက်သော်လည်းကောင်း တုံ့ပြန်ဆောင်ရွက်ကြသကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း တုံ့ပြန်ဆောင်ရွက်လျက်ရှိကြရာ ဘဏ္ဍာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာသည့်တိုးတက်မှုများရှိခဲ့ပါကြောင်း၊ ယင်းတွင် ASEAN Framework Agreement on Services နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ဆောင်မှုများ ဖြေလျှော့ပေးရေးဆိုင်ရာ နဝမ အကျော့ ကတိကဝတ်များ အတည်ပြုသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာအစိုးရအနေဖြင့် Comprehensive Economic Stimulus Plan တစ်ခုအဖြစ် COVID-19 Economic Relief Plan (CERP)ကို ချမှတ်ဆောင်ရွက်ဆောင်ရွက်လျက်ရှိသည့်အပြင် အခြားပြန်လည်ထူထောင်ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုသည် မည်သည့်အချိန်အထိ ဆက်လက်ရှိနေမည်ဆိုသည်မှာ မသေချာသည့်အတွက် စိန်ခေါ်မှုများလည်း ဆက်လက်တည်ရှိနေသည်ဖြစ်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရာတွင် ထိရောက်သည့် ပြည်သူ့ကျန်းမာရေး ဆောင်ရွက်ချက်များအတွက် လုံလောက်သည့် ဘဏ္ဍာရေးပံ့ပိုးမှုများ အပါအဝင် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာအစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အာဆီယံ၏ မိတ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးသည် အာဆီယံနိုင်ငံများ အားလုံးအတွက် အရေးကြီးလျက်ရှိနေပါကြောင်း၊ ယင်းသို့ နီးကပ်စွာပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို အာဆီယံ၏ စုပေါင်းအားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးကို ဆက်လက်ကြိုးပမ်း ဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးများအဖြစ် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှအခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၊ အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံးနှင့် အစည်းအဝေး၊ ASEAN Business Advisory Councilနှင့် US-ASEAN Business Council, EU-ASEAN Business Council တို့၏ အစည်းအဝေးများကိုလည်းကျင်းပခဲ့ရာ အစည်းအဝေးများတွင် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ အခွင့်အလမ်းများနှင့် ဆုံးရှုံးနိုင်ခြေရှိမှုများ၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် ဒေသတွင်းလူ့စွမ်းအားနှင့် အရင်းအမြစ်များအား ထိရောက်စွာ ခွဲဝေအသုံးချရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်ရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာမိတ်အဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယခုအစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများ စုံညီစွာတက်ရောက်ခဲ့ကြပြီး လာမည့် ၂၀၂၂ ခုနှစ်အတွက် ကျင်းပမည့် (၂၆) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် အလှည့်ကျသည့် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

❂ စာမျက်နှာ ၆ မှ

**စာရေးသူချင်း**

ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေသည် တပ်မတော်မှ အငြိမ်းစားယူပြီး ဆယ်နှစ်ခန့်ကြာမှ **နောင်စစ်သည်** ကလောင်အမည်ဖြင့် **"သေတစ်နေ့ မွေးတစ်နေ့"** ကိုယ်တွေ့ဘဝ မှတ်တမ်းစာအုပ်များအပြင် ခရီးသွားမှတ်တမ်းများ၊ စာအုပ်စာပေတော်တော်များများကို ရေးသားပြုစုသွားခဲ့ပါသည်။ စာအရေးကောင်းသဖြင့် စာဖတ်ပရိသတ်များက အားပေးနှစ်သက်ခဲ့ကြပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေနှင့် ပခုက္ကူဦးအုံးဖေတို့ ပထမဦးဆုံးအကြိမ် စတင်တွေ့ဆုံခြင်းမှာ ၁၉၉၆ ခုနှစ်ဆီက မင်္ဂလာဒုံလေဆိပ်မှာ ဆုံမိကြခြင်း ဖြစ်ပါသည်။ ဦးသန်းမောင် (ပုံနှိပ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး) ခေါင်းဆောင်သော မြန်မာစာရေးဆရာအဖွဲ့တွင် အဖွဲ့ဝင် စောမုံညင်း၊ ပခုက္ကူဦးအုံးဖေ၊ ဒေါက်တာရဲနိုင်နှင့် မိမိတို့ တရုတ်ပြည် ယူနန်ပြည်နယ် ကူမင်း၊ ပီကင်း၊ ရှန်ဟဲမြို့တော်တို့သို့ စာပေခရီးသွားမည့် ခရီးစဉ်ဖြစ်ပါသည်။ ကူမင်းသို့သွားရမည်။ ထိုလေယာဉ်ဖြင့်ပင် ကူမင်းမှတစ်ဆင့် ပီကင်းသို့သွားမည့် သစ်တောရေးရာဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ ဦးဆောင်သော တာဝန်ရှိလူကြီးများအဖွဲ့နှင့် မင်္ဂလာဒုံလေဆိပ်မှာ ဆုံမိကြခြင်းပါ။ လေယာဉ်ပေါ် မတက်ရသေးမီ ခဏသာ။ ဗိုလ်မှူးကြီးသန်းမောင်၊ ဆရာမကြီး စောမုံညင်း (ဒေါ်ရင်ရင်)တို့က ဗိုလ်ချုပ်ကြီးနှင့် ယခင်ကပင် သိခဲ့ကြဖူးပုံရပါသည်။ ဒေါက်တာရဲနိုင်နှင့် မိမိတို့ကိုလည်း ဗိုလ်ချုပ်ကြီးက တပ်မတော်အရာရှိများအဖြစ် သိထားပြီးကြသော်လည်း ပခုက္ကူဦးအုံးဖေနှင့်ကား ယခုမှ လူချင်းဆုံရကြောင်း ပြောပြပါသည်။ ဧရာဝတီအနောက်ဘက်ခြမ်းမှာ ဗိုလ်ကြီးအဆင့်လောက်က အလံနီချေမှုန်းရေး စစ်ဆင်ရေးများနှင့် နေခဲ့ဖူး၊ ရောက်ခဲ့ဖူးကြောင်း ပြောပြပါသည်။

ပခုက္ကူဦးအုံးဖေကတော့ သစ်တောဝန်ကြီးကို စတင်၍ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသကဲ့သို့ ပခုက္ကူနှင့် ယောဒေသ၊ ဆောဒေသတွင် ရှေးကပင်စည်ပင်လုံးဘယ်အရွယ်မှ ရွေးခုတ်ခဲ့ကြောင်း၊ ယခုအခါ ကျွန်းပင်များကို စည်းမရှိကမ်းမရှိ အလွန်အကျွံသစ်တောဌာနက ခုတ်ယူနေကြသည်ကို မြင်ရသဖြင့် တားဆီးကန့်သတ်ပေးပါရန် စိတ်အားထက်သန်စွာ ပြောဆိုနေပါတော့သည်။

ဗိုလ်မှူးကြီးသန်းမောင်၊ ဗိုလ်မှူးကြီးရဲနိုင်နှင့် ကျွန်တော်တို့မှာ မျက်စိမျက်နှာပျက်ကာ ဗိုလ်ချုပ်ကြီးက စိတ်ဆိုးလေမလား စိုးရိမ်စိတ်ပွားနေမိကြပါသည်။ ဗိုလ်ချုပ်ကြီးချစ်ဆွေက စိတ်မဆိုးသည့်အပြင် စိတ်ဝင်တစားနားထောင်ပြီး မေးပါသည်။ ပခုက္ကူအထိလာပြီး ကိုယ်တိုင်တွေ့ဆုံ စကားပြောပါရစေဟု ခွင့်တောင်းလိုက်ပါသေးသည်။ တွေ့ခွင့်ရသခိုက်အချိန်လေး သူပြောချင်သမျှ တုတ်ထိုးအိုးပေါက် စိတ်ထဲရှိသည့်အလျောက် ထုတ်ဖော်ပြောပြခွင့်ရသဖြင့် ဦးအုံးဖေကတော့ ကျေနပ်သွားလေသည်။ နောင်အခါ ဗိုလ်ချုပ်ကြီးချစ်ဆွေနှင့် ဦးအုံးဖေတို့သည် ရင်းနှီးချစ်ခင်ကြသော စာရေးဆရာကြီးများ ဖြစ်သွားကြပါသည်။ ဦးအုံးဖေအိမ်တွင် မိမိ ထမင်းအကြိမ်ကြိမ်စားခဲ့ဖူး၊ တည်းခဲ့ဖူးပါ၏။ ဗိုလ်ချုပ်ကြီးချစ်ဆွေ၏ အိမ်မှာလည်း ဆရာကြီးချစ်စံဝင်း၊ ဆရာကြီး လယ်တွင်းသားစောချစ်၊ ဆရာကြီး ဒေါက်တာခင်မောင်ညိုတို့နှင့်အတူ ညစာသွား၍စားရင်း စကားလက်ဆုံကျခဲ့ဖူးပါ၏။ စာရေးကောင်းသော ဆရာနောင်စစ်သည်က စာရေးသူများကို ချစ်ခင်လေးစားတန်ဖိုးထားလေသည်။ ပခုက္ကူဦးအုံးဖေက သူ့ကို အကြိမ်ကြိမ်အဖန်ဖန် စာရေးရန် တိုက်တွန်းနှိုးဆော်သဖြင့် လူကြီးစကားမပယ်ရှားလိုသောကြောင့် စာရေးရင်း သူက စာရေးဆရာဖြစ်လာပါတော့သည်။ ပင်ကိုပါရမီ စာဖတ်အားအလွန်ကောင်းခဲ့ပြီး အနုပညာဝမ်းစာရှိပြီးသားမို့ အောင်မြင်ခြင်းပင်။ စာဖတ်ပရိသတ်၏ တစ်ခဲနက်နှစ်သက်လေးစားအားပေးခြင်းကို ရခဲ့ပါလေသည်။

**လေ့ကျင့်ရ**

ကြိုးစားမှု၊ လေ့လာမှု၊ သင်ယူမှုကို မိမိကိုယ်တိုင်လှုံ့ဆော်နှိုးဆွပြီး စိတ်ပါအောင်၊ ထက်သန်အောင် ဆွဲဆောင်ပြုပြင်နေရပါလိမ့်မည်။ အလေ့အထ၊ အလေ့အကျင့်ရအောင် အချိန်ယူပြီး လေ့ကျင့်ယူရပါသည်။ မိမိတို့မသိသေးသည်များ လောကတစ်ဝန်းအများကြီးရှိနေသည်။ မိမိတို့ မတတ်သေးသောအရာများ ကမ္ဘာကြီးမှာ အများကြီးရှိသေးသည်။

အသက်အရွယ် ၆၀၊ ၇၀ ဆိုသည်မှာ နေ့တစ်နေ့၏ ညနေစောင်း၊ နေဝင်၊ မိုးချုပ်၊ ဆည်းဆာအချိန် ဘဝအပိုင်းအခြား ဖြစ်ပါသည်။ သို့တစေ **ပခုက္ကူဦးအုံးဖေ၊ နောင်စစ်သည်** (ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ၊ သစ်တောရေးရာဝန်ကြီး-ငြိမ်း) စသည်တို့၏ နေဝင်ခါနီး ညမှောင်ရီပျိုးချိန်လေးမှာပင် စာရေးဆရာဖြစ်အောင် ကြိုးစားရေးသားခဲ့ပုံများမှာ လေးစားအားကျ အတုယူရမည့် စံပြစံနမူနာများပင် ဖြစ်ပါတော့သည်။ အချိန်ကိုအသုံးချ အကျိုးရှိလေစွ။

**နိဂုံး**

အတတ်ပညာ၊ အသိပညာများကို စိတ်ပါဝင်စား စိတ်အားထက်သန်စွာ (သစ်ခုတ်လွှကိုနေ့စဉ်သွေးသူ၊ သသူ သစ်ခုတ်သမားက လွှတုံးတုံးဖြင့် ခုတ်နေကြသူများထက်) မှန်မှန်ကြိုးစားသူ မှန်သမျှသည် အရွယ်၊ အသက်ကြီးငယ်မရွေး တိုးတက်ထိရောက် ခရီးပေါက်ကြပါလိမ့်မည်။ လိုအင်ဆန္ဒ ပြည့်ဝအောင်မြင်ကြပါလိမ့်မည်။ ဘဝဆိုသည်မှာ စာသင်ကျောင်း၊ စာသင်ခန်းကြီးတစ်ခုပဲ မဟုတ်ပါလား။ ဘဝကျောင်းမှာ သင်ယူစရာ၊ မှတ်သားစရာ၊ လေ့ကျင့်တတ်မြောက်စရာများကား မိမိရှေ့မှာ များစွာရှိနေပြီးသားပင်။ တစ်ခုပြီးတစ်ခု သင်ယူနေရမှာ အစဉ်။ ။

# ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၃၀
ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့်စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက COVID-19 Fund မှ ချေးငွေ ရယူထားသူများအနေဖြင့် ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလသက်တမ်း တစ်နှစ်ဖြစ်ရောက်သည့်နေ့မှစ၍ နောက်ထပ် ခြောက်လ သက်တမ်းတိုးမြှင့်ရေးကိစ္စကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့သဖြင့် နိုင်ငံပိုင်မီဒီယာများ၌ မတ် ၁၇ ရက်တွင် ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ (Task Force)နှင့် COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် တိုင်းဒေသကြီး/ ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့များကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သဖြင့် သက်ဆိုင်ရာအဖွဲ့များမှ ဆောင်ရွက်ပြီးစီးမှုများကို လုပ်ငန်းကော်မတီသို့တင်ပြပေးရန် မေတ္တာရပ်ခံလိုကြောင်း၊ ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြ၍ ပြင်ဆင်ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရခိုင်ပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် မတ် ၃၀
ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ Aureum Palace Hotel အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးသန်းထွန်း၊ သံတွဲခရိုင်မှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်များမှ တာဝန်ခံများနှင့် ငပလီဒေသ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ရန်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ ငပလီခရီးစဉ်ဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ရန်အတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း ပုဂံ-မန္တလေး-ပြင်ဦးလွင်၊ ရန်ကုန်-ချောင်းသာ-ငွေဆောင်၊ တောင်ကြီး-အင်းလေး-ပင်းတယ စသောခရီးစဉ်ဒေသများသို့ သွားရောက်ပြီး ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ရာ ကဏ္ဍပေါင်းစုံ အလွှာပေါင်းစုံအသီးသီးမှ ပြည်သူများ ထိခိုက်နစ်နာလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ကိုဗစ် ချေးငွေများ ထုတ်ချေးပေးခဲ့ရာ ယခုအခါတွင် ချေးငွေသက်တမ်းကို နောက်ထပ်ခြောက်လ ထပ်မံသက်တမ်းတိုးပေးထားပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်မှ ဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ပြီဟု ယူဆရသည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအား ပြန်လည်ဖွင့်လှစ်ပေးလျက်ရှိနေပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များအား ဖြေလျှော့ပေးနေသော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များကို မေ့လျော့ပေါ့ဆ၍ မရပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် စားသောက်ဆိုင်၊ အမှတ်တရပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပို့ဆောင်ရေး စသည့်ကဏ္ဍပေါင်းစုံနှင့် ဆက်စပ်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာပါက ဒေသခံများ အလုပ်အကိုင်ရရှိပြီး အလွှာပေါင်းစုံမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရ-ပုဂ္ဂလိက-ပြည်သူလူထုအားလုံးအရှိန်အဟုန်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုအချိန်အခါသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသော ပြည်သူများ စိတ်အပန်းဖြေနိုင်ရေး ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ခရီးသွားနိုင်ရန် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနယ်ပယ်မှ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၃) ဦးသန်းထွန်းက ဆွေးနွေးတင်ပြရာတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ Destination Management Organizations (DMO) တို့ကို ပြန်လည်ဖွဲ့စည်းသွားပြီး ရခိုင်ပြည်နယ်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မာန်အောင်ကျွန်း သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်သွားရန်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများက ဟိုတယ်များ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ၊ ငပလီကမ်းခြေသန့်ရှင်းသာယာလှပရေးနှင့် ငပလီညဈေး စနစ်တကျဖွင့်လှစ်နိုင်ရေး အခြေအနေများကို အသီးသီးဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ငပလီဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Sandoway ဟိုတယ်ကို ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ရန်ပြင်ဆင်ထားရှိမှုများ၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန် ခရီးသွားဧည့်သည် အများအပြားလာရောက်ရာတွင် ကျန်းမာရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငပလီကမ်းခြေဒေသသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံများကပါ သိရှိသည့် ကမ္ဘာ့အဆင့်မီ လည်ပတ်ချင်စရာ ကမ်းခြေတစ်ခုဖြစ်သည့်အပြင် ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ Landmark တစ်ခုလည်းဖြစ်သည်။ ငပလီကမ်းခြေဒေသကို မြန်မာနိုင်ငံ၏ စံနမူနာပြ ခရီးစဉ်ဒေသတစ်ခုအဖြစ် အထူးအလေးထားလုပ်ဆောင်လျက်ရှိသည့်အပြင် လာရောက်ကြမည့် ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုများပေးရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချောင်းမငယ်ရေလှောင်တမံဧရိယာအတွင်း၌ သီးနှံသစ်တောရောနှောစိုက်ခင်းထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်မည်

နေပြည်တော် မတ် ၃၀

ချောင်းမငယ်ရေလှောင်တမံဧရိယာအတွင်း၌ သီးနှံသစ်တောရောနှောစိုက်ခင်းထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ချောင်းမငယ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာရှိ ကျေးလက်နေပြည်သူများ လူမှုအဆင့်အတန်း မြင့်မားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဝင်ငွေတိုးတက်ရေးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ ဒေသနေတောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုမှု ပိုမိုဖွံ့ဖြိုးလာရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်းများ ဖောက်လုပ်ရေးနှင့် လျှပ်စစ်မီးရရှိရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ချောင်းမငယ်ရေလှောင်တမံ၏ အနီးဝန်းကျင်တွင် ဆည်အစုအဖွဲ့များ နီးစပ်စွာတည်ရှိနေခြင်း၊ ဆည်မအတွင်း စီးဝင်ရေကောင်းမွန်ခြင်း၊ ရေလွှဲဆည်တစ်ဆင့်မခံဘဲ ဆည်ရေပေးမြောင်းမကြီးမှ ရေသောက်ဧရိယာသို့ တိုက်ရိုက်ရေပေးဝေနိုင်ခြင်းနှင့် သီးနှံစုံစိုက်ဧရိယာများအတွက် ရေလုံလောက်စွာပေးဝေနိုင်သည့်အတွက် ယခုနှစ်ဆည်ရေဖြင့် နွေစပါးလျာထား ဧက ၄၂၀၀ ခန့်ကို ပြည့်မီအောင် စိုက်ပျိုးလျက်ရှိသည်။

နေပြည်တော် လယ်ဝေးမြို့မှ ၁၂ မိုင်ခန့်အကွာ ပန်းညိုစမ်းကျေးရွာအနီးရှိ ချောင်းမငယ်ရေလှောင်တမံသည် တမံအမြင့် ၉၆ ပေ၊ တမံအလျား ပေ ၂၁၅၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့်ရေလှောင်ပမာဏ(F.T.L) ဧကပေ ၉၁၇၇၀ ရှိပြီး လက်ရှိတွင် ရေလှောင်ပမာဏ ဧကပေ ၄၀၈၇၀ သိုလှောင်ထားရှိသည်။

၂၀၀၆ - ၂၀၀၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် အဆိုပါရေလှောင်တမံတွင် တူးမြောင်းမကြီး အလျား ၁၉ မိုင်၊ လက်တံမြောင်းများ အလျား ၂၉ မိုင်၊ တူးမြောင်းအဆောက်အအုံ ၃၉၆ ခု ရှိပြီး ဆည်ရေပေးဝေနိုင်သည့် စိစစ်ပြီးဧရိယာမှာ ၇၂၁၉ ဧက ရှိသည်။ ထို့အပြင် ရေအားလျှပ်စစ်တပ်ဆင်အား ကီလိုဝပ် ၅၀ တာဘိုင်တစ်လုံးမှ ထွက်ရှိလာသော လျှပ်စစ်မီးကို အနီးဝန်းကျင်ကျေးရွာများအတွက် ဖြန့်ဖြူးပေးလျက်ရှိသည်။

မတ် ၂၈ ရက် နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ချောင်းမငယ်ရေလှောင်တမံနှင့် ဆည်ရေသောက်ဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေပြည်တော်ဝန်းကျင် သစ်တောသစ်ပင်ရောနှောစိုက်ပျိုးရေး၊ သာယာလှပရေးနှင့် ခရီးသွားဝန်ဆောင်မှု အထောက်အကူပြု ဒေသဝန်းကျင် သာယာလှပရေးကို အထောက်အကူပြုနိုင်ရန်၊ ဆည်၏ဘေးကင်းလုံခြုံရေးအတွက် သတ်မှတ်ဧရိယာအတွင်း တည်ဆဲဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဆည်ရေသောက်ဧရိယာအတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေး ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးကော်မတီ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၃၀

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးကော်မတီ (Committee for Humanitarian Assistance, Resettlement and Development-CHRD) ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရခိုင်ပြည်နယ်အတွင်း ကာလရှည်ကြာဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရမှုများကို ဖြေရှင်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူစဉ် ကာလအတွင်း ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ မြေပြင်တွင် အမှန်တကယ်ပြောင်းလဲ ဖြစ်ပေါ်တိုးတက်မှုများဆက်လက်ဖော်ဆောင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းမှုရှိလာပြီး ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှုနှုန်းလည်း ထိန်းချုပ်နိုင်ပြီ ဖြစ်သည့်အတွက် ပဋိပက္ခ ဖြစ်စဉ်များကြောင့် ပြည်တွင်း နေရပ်စွန့်ခွာနေကြသူများ မူလနေရင်းဒေသကျေးရွာများတွင် ပြန်လည်နေထိုင်နိုင်ရေး မိုင်းရှင်းလင်းခြင်း အပါအဝင် ပြန်လည်နေရာ ချထားရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း။

**ဆွေးနွေး**

တစ်ဖက်တွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများကို နိုင်ငံတော်၏ အကျိုးစီးပွားကို မထိခိုက်ပါက သဘောတူညီချက်များကို ဆက်လက်ဆွေးနွေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆွေးနွေး၍ လက်ခံသင့်သည်များကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ လက်ခံဆောင်ရွက်မည် ဖြစ်ကြောင်းကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း၊ CHRD ကော်မတီကို ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခကင်းဝေးပြီး ဒေသဖွံ့ဖြိုးရေးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များထဲက လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မတ် ၁၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်နှင့် အခြားပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကွာခြားချက်နှင့် ကျေးလက်၊ မြို့ပြကွာဟချက်လျော့ကျစေရေးနှင့် လူမှုစီးပွားဘဝ မြင့်မားစေရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များကို အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ပြီး ဒေသခံများ ဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနိုင်ရေးတို့အတွက် ကာလတိုအတွင်း သိသာထင်ရှားသော ရလဒ်များပေါ်ထွက်စေမည့် Quick Win လုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လတ်တလောတွင် ပြန်လည်နေရာ ချထားမည့် တိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းနိုင်ရေး ဦးစားပေး ဆွေးနွေးပေးကြစေလိုပါကြောင်း။

စာမျက်နှာ ၁၁ သို့



# ဦးချပါ၏

☆ မောပြည်နယ် အရှေ့ဖျား
ကမ္ဘာခြား တာရှည်ပြီ
နှစ်ဆယ်စုချီ။

အလွမ်းငွေ့ ဝေ့ဝေ့သီ
မမေ့သည် နှောင်းပုံရိပ်။
ဘယ်ရွေးကံ ဖန်လာပို့
မြို့တာချီလိတ်။ ။

☆ ယန်းတိန်ရွာ ဇာတိနွယ်...။
သာသနာ ရောင်ဝါလင်း
လမင်းသို့နှယ်။

ပရိယတ် နှံ့စပ်ကြွယ်
စာချဝယ် ပျော်မွေ့၏။
ပိဋကတ် သုံးပုံ
ဓမ္မပဒ အဖုံဖုံတို့
ဂုံရှမ်းလို ပြန်ဆိုပေးတယ်
ကျေးဇူးကြီးဘိ။ ။

☆ နဂါးနှစ်ကောင်
ထွန်းလင်းပြောင် မြို့ဂုဏ်ဆောင်သည့်
ဘုန်းထွတ်ခေါင်တည့်။

အမြင့်ဆုံးဘွဲ့တော်
ဆက်ကပ်ခံ ပညာကျော်သည့်
မြတ်ဘုန်းမော် ကိုးကျော်သက်ကို
လက်အစုံ ကြာငုံဖူး
ဦးချပါ၏။ ။

ကို(စစ်တက္ကသိုလ်)

# အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများကျင်းပ






နေပြည်တော် မတ် ၃၀

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ အစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (17th ASEAN Central Bank Governors' Meeting–ACGM)၊ (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (7th ASEAN Finance Ministers' and Central Bank Governors' Meeting–AFMGM) များကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးများသို့ အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေတို့ ပါဝင်တက်ရောက်ကြသည်။

**ဆွေးနွေး**

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ အစည်းအဝေးကို နံနက် ၉ နာရီတွင်ကျင်းပရာ အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဘဏ် (AIIB)၏ ဥက္ကဋ္ဌ Mr. Jin Liqun က "Enhancing Digital Infrastructure in the New Normal" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ဥက္ကဋ္ဌ Mr. Masatsugu Asakawa က"Supporting a Swift and Sustained Recovery in ASEAN" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Mitsuhiro Furusawa က "Global and Regional Economic Outlook and Policy Advice to Foster a Greener and More Equitable Recovery" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ် (WB) ၏ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Mari E. Pangestu က "Initiatives and Collaborative Efforts to Ensure Recovery and Subsequently Long-Term Growth" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဆီယံ + ၃ မေခရိုစီးပွားရေးသုတေသနရုံး(AMRO)၏ ဒါရိုက်တာ Mr. Toshinori Doi က "Regional Outlook, Risk and Opportunities" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြပြီး အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများက အာဆီယံဒေသတွင်း Sustainable Finance ဆောင်ရွက်နေမှုများ၊ Digital Infrastructure ဆောင်ရွက်နေမှုများ၊ COVID-19 ကာလ၌ ဆောင်ရွက်နေမှုများနှင့် COVID-19 Responses များတွင် အာဆီယံဗဟိုဘဏ်များနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများအနေဖြင့် Monetary Policy၊ Fiscal Policy များ ချမှတ်ဆောင်ရွက်နေမှုများနှင့် ရှေ့အလားအလာများအတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

(၁၇) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင်ကျင်းပရာ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးသဘာပတိဖြစ်သူ ဘရူနိုင်း ငွေကြေးအာဏာပိုင်အဖွဲ့ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Ms. Noorrafidah Sulaiman က အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးလုပ်ငန်းစဉ်များ ကြီးကြပ်ထိန်းကျောင်းရေး အာဆီယံအဆင့်မြင့်ကော်မတီ (ASEAN Senior Level Committee on Financial Integration) အောက်ရှိ အာဆီယံငွေရေးကြေးရေးလွတ်လပ်ခွင့်ပြုရေး (ASEAN Financial Services Liberalization - FSL) အာဆီယံ ဘဏ်လုပ်ငန်းပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework - ABIF)၊ အာဆီယံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (ASEAN Payment and Settlement Systems - PSS) နှင့် အာဆီယံငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး (ASEAN Capital Account Liberalization) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများသို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက အာဆီယံဝန်ဆောင်မှုသဘောတူညီချက်မူဘောင်အောက်ရှိ နဝမအကြော့ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး ကတိကဝတ်အတွက် အပြီးသတ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် နဝမအကြော့ ကတိကဝတ် (9th Protocol) အား ယခုနှစ်အတွင်း လက်မှတ်ရေးထိုးရန်၊ ၂၀၂၂ ခုနှစ်တွင် အာဆီယံဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် အစီအစဉ်နှင့် ဘဏ်လုပ်ငန်းများ ကြီးကြပ်စစ်ဆေးမှုအစီအစဉ်များ (ABIF Arrangement and Supervisory Arrangement) ထပ်မံချမှတ်ရန်၊ ငွေရေးကြေးရေးဆိုင်ရာ အခြေခံအဆောက်အဦနှင့် ဘဏ္ဍာငွေ ဖြည့်ဆည်းမှုနည်းလမ်းသစ်များ ရှာဖွေစုစည်းခြင်းဖြင့် အာဆီယံဒေသတွင်း ဘဏ္ဍာငွေဖြည့်ဆည်းမှုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူဗဟိုပြုသော စီးပွားရေးတိုးတက်မှု အထောက်အကူပြုစေမည့် အာဆီယံဒေသတွင်း အားလုံးပါဝင်သော ငွေရေးကြေးရေးဝန်ဆောင်မှုကို မြှင့်တင်ရန်၊ ဒေသတွင်း ထိရောက်ပြီး အမြန်အလှန်ချိတ်ဆက်မှုရှိသည့် ငွေပေးချေမှုစနစ်ပေါ်ထွန်းလာစေရေးနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးဆိုင်ရာ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအတွက် အာဆီယံငွေပေးချေမှု မူဝါဒမူဘောင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ အသုံးပြုမှုဆိုင်ရာလမ်းညွှန်ချက်ကို ထပ်မံမွမ်းမံရန် စသည့်ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုများပေးခဲ့ကြသည်။

**ပြောကြား**

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက (၁၇) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသည် အာဆီယံစီးပွားရေးအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်ဗဟိုဘဏ်များနှင့် ငွေကြေးအာဏာပိုင်များအကြား အတွေ့အကြုံ အသိအမြင်များဖလှယ်ရန်နှင့် အာဆီယံနိုင်ငံများဆိုင်ရာ လက်ရှိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကိုမျှဝေရန် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ အာဆီယံ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအတွက် အာဆီယံလုပ်ငန်းကော်မတီများ၏ ကြိုးပမ်းအားထုတ်မှုများကို မိမိအနေဖြင့် ဂုဏ်ယူကြောင်းကို ပြောကြားလိုပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဆိုက်ဘာဖြင့် တိုက်ခိုက်ခံရမှုမှ ကာကွယ်ရန်နှင့် ကြိုတင်ပြင်ဆင်ထားရန်တို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် အာဆီယံဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များကိုမျှဝေခြင်း အစီအစဉ်တည်ထောင်ခြင်းဆိုင်ရာ ထပ်မံပြင်ဆင်သည့် နားလည်မှုစာချွန်လွှာ (Supplemental MOU on ASEAN Cybersecurity Resilience and Information Sharing Platform - CRISP)ကို CRISP အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်နေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ ၂၀၂၅ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်များ အောင်မြင်စေရန် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု (Financial Integration)၊ ငွေရေးကြေးရေး အလုံးစုံပါဝင်မှု (Financial Inclusion) နှင့် ငွေရေးကြေးရေးတည်ငြိမ်မှု(Financial Stability) များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံငွေရေးကြေးရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအကြား ဆွေးနွေးပွဲရလဒ်များကို တင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ကျင်းပခဲ့ရာ ၂၀၂၁ ခုနှစ်အတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်သည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ တင်ပြဆွေးနွေးသည်။ ထို့နောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်နှင့် ASEAN- Business Advisory Council (BAC)၊ EU-ASEAN BAC၊ US-ASEAN BAC တို့မှ ကိုယ်စားလှယ်များနှင့်အတူ "Business Advisory Councils Dialogue" ကို ဆက်လက်ကျင်းပကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လေ့လာဆန်းစစ်မှု၊ ကြီးကြပ်ထိန်းကျောင်းမှုနှင့် အကဲဖြတ်သုံးသပ်မှုလုပ်ငန်းစဉ်များအပါအဝင် ၂၀၂၅ အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံ (AEC Blueprint 2025) အောက်ရှိ လုပ်ငန်းတိုးတက်မှုများကို ဆွေးနွေးတင်ပြသည်။

**လမ်းညွှန်မှုများပေး**

ယင်းနောက် အာဆီယံဘဏ္ဍာရေးနှင့် ဒုတိယအကြီးအကဲများ အစည်းအဝေး ပူးတွဲသဘာပတိများက အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှုနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခြင်း တိုးတက်မှု၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးတွင် အာဆီယံဗဟိုဘဏ်များ၏ အခန်းကဏ္ဍနှင့် အာဆီယံဘဏ်လုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စည်းမျဉ်းများကိုတင်ပြခဲ့ရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်မှုများပေးခဲ့ကြသည်။

ဆက်လက်၍ (၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (7th AFMGM) ၏ ပူးတွဲကြေညာချက်ကို အပြီးသတ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၂၀၂၂ ခုနှစ် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

○

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

❑ စာမျက်နှာ ၉ မှ

ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့်အစီအစဉ်" (the Arrangement on Return of the Displaced Persons from Rakhine State)နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် "Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of the Displaced Persons from Rakhine State"ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း၊ ပြန်လည်လက်ခံရေးနှင့်ပတ်သက်ပြီး ဆောက်လုပ်ပြီး ပြန်လည်လက်ခံရေးစခန်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ပြန်လည်နေရာချထားရေးအတွက် တည်ဆောက်ပြီး နေအိမ်များတွင် နေရာချထားရေးနှင့် ထပ်မံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီ၏ ရန်ပုံငွေရရှိရေးနှင့် သုံးစွဲရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် ဌာနအလိုက်၊ ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်အတွင်း မြေပြင်တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ရခိုင်ပြည်နယ်အတွင်း လက်တလော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်၊ ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ပြည်သူ့အငှားအိမ်ရာတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် စစ်ဆေး



ရန်ကုန် မတ် ၃၀

ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးဦးစီးကော်မတီအဖွဲ့ဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့ပတ်လမ်းရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းသို့ လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မြို့တော်ဝန်သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) တို့မှ တာဝန်ယူကာ အိမ်ရာများ ဆောက်လုပ်နေမှုကို စစ်ဆေးရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်နှင့် အင်ဂျင်နီယာမှူးကြီး ဦးသန့်ဇော်အေးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် စီမံကိန်းရုံးတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အင်ဂျင်နီယာဌာန (ရေအရင်းအမြစ်နှင့် ရေပေးဝေရေး)၊ MCEF ၊ MLCA ၊ Quality Control ဆောင်ရွက်သည့် ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းနေရာသည် မူလလယ်မြေ ဖြစ်ခြင်းကြောင့် တည်ဆောက်နိုင်ရန် တောင်မြေဖို့ရသည့် မြေသားလုပ်ငန်းများပြားခြင်းကြောင့် စီမံကိန်းဆောင်ရွက်မှု ကြန့်ကြာနေသော်လည်း မိုးရာသီမရောက်မီ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းကို စက်တင်ဘာ ၃၀ ရက် ပြီးစီးရန် လျာထားသော်လည်း အိမ်ရာများ ကောင်းမွန်ပြည့်စုံရေးအတွက် အခြေခံအဆောက်အအုံကဏ္ဍအရေးကြီးသဖြင့် စီမံကိန်းလမ်းများ အမာခံရရှိရေး၊ မီးသွယ်တန်းရေးအတွက် လိုအပ်သောပစ္စည်းများ တင်သွင်းရေးအတွက် အချိန်ယူ၍ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ အိမ်ရာအတွက် လိုအပ်သော သောက်သုံးရေကို လဂွန်းပြင် ရေသန့်စင်စက်ရုံမှ ပေးဝေနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း၊ QC ကုမ္ပဏီများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်မှတ်ပုံတင်ရန်နှင့် တာဝန်ယူရမည့်လုပ်ငန်းများ ပြန်လည်သတ်မှတ်ပေးရန်လိုကြောင်း၊ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ MCEF နှင့် MLCA ပါ ဖြိုင်တူ လုပ်ငန်းတိုးတက်အောင် လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယခုတည်ဆောက်လျက်ရှိသည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းမှာ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေနည်းပြည်သူများနေရေး ဖြေရှင်းပေးနိုင်ရန်အတွက် အခန်း ၁၀၀၀၀ စီမံကိန်းဆောင်ရွက်ရန် မူဝါဒအရ ပြည်သူ့အငှားအိမ်ရာ စီမံကိန်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ၇၀၄ ခန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ၆၂၈၈ ခန်းနှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ၃၀၀၈ ခန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်း(ရန်ကုန်)သည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂) လမ်းနှင့် မြို့ပတ်လမ်းဆုံမှ သရက်ပင်ချောင်းရွာသွားလမ်းရှိ မြေဧရိယာ ၁၇၁ ဧကတွင် ဆောင်ရွက်လျက်ရှိပြီး Phase 1 အဖြစ် အဆောက်အအုံ (၁၉၄) လုံး၊ အိမ်ခန်း ၃၁၀၄ ခန်းကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃၀

၂၀၂၁ ခုနှစ်၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကြီးမှူး၍ ငြိမ်းချမ်းသော၊ ပူးပေါင်းပါဝင်မှုရှိသော၊ အစွန့်ရှည်တည်တံ့မှုရှိသော၊ ကျန်းမာကြံ့ခိုင်ပြီး သဟဇာတဖြစ်မှုရှိသော၊ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ယဉ်ကျေးမှုဆိုင်ရာကာကွယ်တားဆီးရေး ကြေညာချက်အပေါ် လုပ်ငန်းအစုအဖွဲ့၏ (၄)ကြိမ်မြောက်အစည်းအဝေးနှင့် အကြိမ်(၃၀)မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးဖြစ်သော သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်နှင့်ကိုယ်စားလှယ်များ တက်ရောက်သည်။

အစည်းအဝေးများတွင် ကာကွယ်တားဆီးခြင်းနှင့် ယဉ်ကျေးမှု Culture of Prevention (CoP) လုပ်ငန်းစဉ် (၆)ခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းအစုအဖွဲ့များမှ လုပ်ငန်းစီမံချက်များ၊ အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းမဏ္ဍိုင် (ASCC) ၏ လုပ်ငန်းအခြေပြမြေပုံ ၂၀၂၅ ပါလုပ်ငန်းစဉ်၊ တီမောလက်စ်တေနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားလာမှု၊ (၂၅)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးအဆင့် အစည်းအဝေးများတွင် တင်ပြမည့်အချက်များ၊ (၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အတည်ပြုမည့် ကြေညာချက်နှင့် မှတ်တမ်းတင်ရှိမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အမေရိကန်၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၀၀၀ ကျော်ရှိလာ



ဝါရှင်တန် မတ် ၃၀

အမေရိကန်ပြည်ထောင်စုတွင် လက်ရှိအချိန်အထိ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၁၀၀၀၀ ကျော်ရှိလာခဲ့ကြောင်း အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်တားဆီးကာကွယ်ရေးစင်တာက ယနေ့ ကြေညာသည်။

လက်ရှိအချိန်အထိ အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ အမေရိကန်ပြည်ထောင်စုတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၉၅၈ ဦးရှိသည့်အနက် ဗြိတိန်၌ တွေ့ရှိသည့် B.1.17 ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၅၇၉ ဦး၊ တောင်အာဖရိကနိုင်ငံ၌ တွေ့ရှိသည့် B.1.351 ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၈ ဦးနှင့် ဘရာဇီးနိုင်ငံ၌ တွေ့ရှိသည့် P.1 ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈၈ ဦးတို့ ပါဝင်ကြောင်း သိရသည်။

ထို့အပြင် အမေရိကန် ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးစင်တာသည် ကယ်လီဖိုးနီးယားပြည်နယ်တွင် ပထမဆုံးတွေ့ရှိခဲ့သည့် B.1.427 နှင့် B.1.429 ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် နှစ်မျိုးကိုလည်း အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဗီဇပြောင်းကိုနာဗိုင်းရပ်စ်သည် မူလကဖြစ်ပွားသည့် ကိုဗစ်-၁၉ ရောဂါထက် ကူးစက်မှုနှုန်း မြင့်မားသလို သေဆုံးမှုနှုန်းလည်း မြန်ဆန်သည့်အထောက်ရှိသည့်အတွက် အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ် တားဆီးရေးစင်တာအနေဖြင့် လက်ရှိအချိန်အထိ ဗီဇပြောင်းကိုနာဗိုင်းရပ်စ်ငါးမျိုးကို စိုးရိမ်ရသော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်များအဖြစ် ခွဲခြားသတ်မှတ်လိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းသည် ပြန်လည်မြင့်မားလာဖွယ်ရှိသည့်အတွက် မိမိတို့အနေဖြင့် နှာခေါင်းစည်းများကို မဖြစ်မနေ တပ်ဆင်ထားပြီး လူစုလူဝေးကို ရှောင်ရှားရန် လိုအပ်ကြောင်း အိုင်အိုဝါတက္ကသိုလ်ရှိ အဏုဇီဝဗေဒနှင့် ကာကွယ်ဆေးပညာဌာန ပါမောက္ခ ဆတန်လေပါမန်က ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

သို့ဖြစ်ရာ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ခပ်ခွာခွာနေခြင်းနှင့် လက်သန့်ဆေးများ အသုံးပြုခြင်းကဲ့သို့သော ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းတို့သည် ကိုဗစ်-၁၉ ရောဂါနှင့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း အမေရိကန်ပြည်သူ့ကျန်းမာရေး တာဝန်ရှိသူများက အကြံပြုထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

■



## ဆွီဒင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသည့် လူနာအရေအတွက် များပြားလာ

စတော့ဟုမ်း မတ် ၃၀

ယခုသီတင်းပတ်အကုန်တွင် ဆွီဒင်နိုင်ငံရှိ ဒေသများ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဆေးရုံတက်ရောက် ကုသမှုခံယူသည့် လူနာအရေအတွက် များပြားလာကြောင်း မီဒီယာများက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သော ဂိုသန်ဘတ်တည်ရှိရာ ဗက်စထရာဂိုတာလန်းဒေသတွင် ဆေးရုံတက်ရောက်ကုသရသည့် လူနာအရေအတွက်သည် ၃၆၇ ဦးသို့ ရောက်ရှိခဲ့ကြောင်း ဆွီဒင်ရုပ်မြင်သံကြားဌာနက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေသည် ဆိုးရွားနေပြီး ဆေးရုံများအပေါ်တွင် ဖိအားများရှိနေကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အက်ဆာလာဒေသတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်နေပြီး အက်ဆာလာတက္ကသိုလ်ဆေးရုံတွင် အပြင်းအထန်ဖျားနာနေသောကြောင့် တက်ရောက်ကုသမှုခံယူနေသော လူငယ်များကို တွေ့ရှိရသည်။ ဗြိတိန်တွင် တွေ့ရှိခဲ့သော ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် အဆိုပါလူငယ်များ ဖျားနာနေခြင်းဖြစ်ကြောင်း အဆိုပါဆေးရုံ၏ အထူးကြပ်မတ်ကုသရေးဆောင်၏ အကြီးအကဲ မက်ဂနက်ဗွန်ဆက်က ပြောကြားသည်။

ဒါလာမာဒေသတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်နေသောကြောင့် ရောဂါကုသရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေကြောင်း သိရသည်။ အခုဆိုရင် အထူးကြပ်မတ်ကုသဆောင်ဟာ ဝန်ထုပ်ဝန်ပိုးပိနေတဲ့ အနေအထားမှာ ရောက်ရှိနေတာကြောင့် ဝန်ထမ်းတွေကို ပြန်လည်ဖြည့်တင်းပြီး လူနာထားရှိမယ့်နေရာတွေကို တိုးချဲ့ထားပါတယ်ဟု ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်း ယာယီညွှန်ကြားရေးမှူး ကာရင်ဆတီကာ အမ်ဂျီဘတ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ စတော့ဟုမ်းဒေသတွင် ပြီးခဲ့သော သီတင်းပတ်များအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် တဖြည်းဖြည်း မြင့်တက်လာကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၉၄၉၂၉၃ ဦးရှိခဲ့

ရောမ မတ် ၃၀

အီတလီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလနောက်ပိုင်းတွင် စတင်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၉၄၉၂၉၃ ဦးရှိကြောင်း အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူ ၉၄၉၂၉၃ အနက် ၂၉၆၉၃၃ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နှစ်ကြိမ်စလုံးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းလည်း အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၉၁၆ ဦး အထိရှိလာခဲ့ကြောင်း အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၇ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၈၃၅၀ ဦးရှိခဲ့ကာ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၉၇၂၅ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂ ဒသမ ၈၇ သန်းကျော်ရှိလာခဲ့ကြောင်း အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်



# တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ဥရုဂွေးသမ္မတ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှုခံယူ

မွန်တီဗီဒီယို မတ် ၃၀

ဥရုဂွေးသမ္မတ လူဝီးစ်လာခေါလ်ပေါင်သည် မတ် ၂၉ ရက်က မြို့တော် မွန်တီဗီဒီယိုရှိ မာဆီးလ်ပြည်သူ့ဆေးရုံတွင် တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ရှေ့တန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော နည်းပညာပိုင်းဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့၏ ကျွမ်းကျင်ပိုင်နိုင်မှုနှင့်ပတ်သက်၍ ကျေးဇူးတင်ရှိပါကြောင်း သမ္မတ လူဝီးစ်လာခေါလ်ပေါင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

ဥရုဂွေးနိုင်ငံတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး လူဝီးစ်လာခေါလ်ပေါင်သည် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်မတိုင်မီကတည်းက မိမိအလှည့်ရောက်သောအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူမည်ဟု ကြေညာထားသည်။

ဥရုဂွေးအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်ရာတွင် အသက် ၅၀ နှင့် ၇၀ အကြားရှိ ပြည်သူများနှင့် အသက် ၈၀ နှင့်အထက်ရှိ ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဦးစားပေးထိုးနှံပေးရန် စီစဉ်ထားပြီး အသက် ၁၈ နှစ်နှင့်အထက်ရှိ ပြည်သူအားလုံးကို မတ် ၂၉ နှင့် ဧပြီ ၃ ရက်အကြားတွင် ထိုးနှံပေးရန် စီစဉ်ထားသည်။

ဥရုဂွေးနိုင်ငံသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်တက်လာခြင်းနှင့်အတူ ခက်ခဲသော ကာလတစ်ခုကို ဖြတ်သန်းနေဆဲဖြစ်ကြောင်း သမ္မတက ဝန်ခံလိုက်သည်။

ဥရုဂွေးနိုင်ငံ အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင် ဆောင်ရွက်ခဲ့ပြီးနောက် တစ်လခန့်အတွင်း ပြည်သူ ၅၃၀၀၀၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ပြီး ယင်းပမာဏသည် နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသည်။



မတ် ၁၃ ရက်အထိရရှိသည့် ကိန်းဂဏန်းများအရ ဥရုဂွေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၉၅၄၈ ဦး ရှိပြီး ယင်းတို့အနက် ၉၂၈ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ဂျာမနီနိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်မည့်ခရီးသည်များ ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်းဆေးလက်မှတ်ပြသရမည်

ဘာလင် မတ် ၃၀

ဂျာမနီနိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်မည့် ခရီးသည်များသည် ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း ဆေးလက်မှတ်ပြသရမည်ဟု ယနေ့ထုတ်ပြန်ခဲ့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းအရ သိရသည်။

ဂျာမနီနိုင်ငံသို့ လာရောက်မည့် လေယာဉ်စီးခရီးသည်များသည် ခရီးမထွက်ခွာမီ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ကို ၎င်းတို့စီးနင်းမည့် လေကြောင်းလိုင်းသို့ ခရီးမထွက်ခွာမီ ပြသရမည်ဖြစ်ပြီး အဆိုပါ ရောဂါစစ်ဆေးသည့် ကုန်ကျစရိတ်ကို ၎င်းတို့ကိုယ်တိုင် ကျခံရမည်ဖြစ်ကြောင်းနှင့် ဂျာမနီနိုင်ငံအတွင်းသို့ မရောက်ရှိမီ ၄၈ နာရီအတွင်း ၎င်းစစ်ဆေးမှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ် မေ ၁၂ ရက်အထိ အကျုံးဝင်သော အဆိုပါစည်းမျဉ်းသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဂျန်စပန်းက ပြောကြားသည်။ ကမ္ဘာတစ်ဝှမ်းတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများဖြင့်တက်နေခြင်းက ခရီးသွားလာရာတွင် ကန့်သတ်ချက်များ ဆက်လက်ထားရှိရန် အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု ဂျာမနီအစိုးရက ပြောကြားသည်။

နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုများ ချမှတ်ထားသော်လည်း ဂျာမနီနိုင်ငံသားများသည် ပြည်ပနိုင်ငံများသို့ အပန်းဖြေခရီးများ သွားလာရန် ဆောင်ရွက်နေကြကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ရောဂါ ရှိ၊ မရှိစစ်ဆေးပေးခြင်းတို့ကို အရှိန်မြှင့်ဆောင်ရွက်နေသောကြောင့် ခရီးသွားလာရန် စာရင်းပေးသွင်းသူ များပြားလာကြောင်း ဂျာမနီအခြေစိုက် ခရီးသွားလုပ်ငန်းဖြစ်သည့် တီယူအိုင်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၂ ဒသမ ၀၉ သန်းအထိရှိလာ

နယူးဒေလီ မတ် ၃၀

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၂၁၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၂၀၉၅၈၅၅ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၁ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၆၂၁၁၄ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယ နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၁၃၉၃၀၂၁ ဦးရှိခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၅၄၀၇၂၀ သာ ကျန်ရှိတော့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ပြီး လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၆၁ သန်းကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၀၄ ဦးရှိခဲ့ကာ သေဆုံးသူခြောက်ဦးရှိခဲ့ခြင်းကြောင့် မြို့တော်နယူးဒေလီတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၀၁၂ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၈၃၇၀၆၄၅ | ဦး |
| သေဆုံးသူ | ၂၈၀၆၈၂၃ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၃၅၅၆၃၃၃ | ဦး |

# မိုးကောင်းနှင့် ညောင်တုန်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၃၀

မိုးကောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် ညနေ ၅ နာရီတွင် မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာအနီး မိုးကောင်း-ညောင်ကုန်းသွားကားလမ်းတွင် မြင့်အောင်(ခ)လဒွဲ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၉၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ည ၇ နာရီတွင် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်တွင် စည်သူကျော်အား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



မြင့်အောင်(ခ)လဒွဲ၊ စည်သူကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မတ် ၂၉ ရက် နံနက် ၁၁ နာရီတွင် ညောင်တုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်တုန်းမြို့နယ် ကျိုက်ပင်ဆယ်ကျေးရွာ ပုသိမ်-ဟင်္သာတသွား ကားလမ်းတွင် သန်းဇော်ထွေး မောင်းနှင်ပြီး ၎င်း၏ဇနီးဖြစ်သူ ချိုဇင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ချိုဇင်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား




# ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မတ် ၃၀

မတ် ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ တောင်သူစုရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ရုံး၏ဘယ်ဘက်ထောင့်ရှိ အမှိုက်ပုံအနီးမှ ရှော့တိုက်ဒုံးဖြင့် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရုံးခန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်ငါးဦးတို့မှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြကြောင်း။

ထိုကဲ့သို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး တစ်ချိန်တည်းတွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၁၀၀ ခန့်သည် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးသို့ ဝန်းရံပိတ်ဆို့ အော်ဟစ်ဆဲဆိုကာ လေးခွ၊ ဂျင်ကလိ၊ လက်လုပ်သေနတ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် လူစုကွဲသွားခဲ့ကြောင်း။

လူစုကွဲပြီးနောက် ရုံးပတ်ဝန်းကျင် ဒုံးကျည်ပစ်ခတ်ခဲ့သည့် နေရာတစ်ဝိုက်အား ရှာဖွေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ရုံးဘယ်ဘက်ထောင့် မီတာ ၆၀၀ ခန့်အကွာ အမှိုက်ပုံမှ အလျား သုံးပေခွဲအချင်း နှစ်လက်မရှိ သံပိုက်လုံး နှစ်လုံး၊ ၁၂ ဗို့ ဘက်ထရီအိုးငယ် နှစ်လုံးနှင့် အဆိုပါနေရာမှ မီတာ ၄၀၀ ခန့်အကွာတွင် မပေါက်ကွဲသေးသည့် ဒုံးကျည်တစ်လုံးကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း။




ဖြစ်စဉ်တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအား ရှော့တိုက်ဒုံးကျည်ဖြင့် အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သူများနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မအူပင်မြို့ အမှတ်(၁)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

မအူပင် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁)ရပ်ကွက် အောင်ဆုပန်(၂)လမ်း အိမ်ရှင် ဒေါ်အေးမာ၏နေအိမ်ရှိ ထမင်းပေါင်းအိုးတည်ရာမှ အပူရှိန်လွန်ကဲပြီး ယနေ့နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မြို့ပေါ်ရပ်ကွက်မှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ဦးစီးဌာနသန္ဓေဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်လေးလုံး မီးလောင်ခဲ့ကြောင်းနှင့် လူနှင့် တိရစ္ဆာန် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အောင်နိုင်(မအူပင်)

သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃၀

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၉ စီး၊ သွင်းကုန် ၁၃၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် မတ် ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုညသုံးသိန်း(၉၀၀ သန်း)) တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသောအကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် Spy Wine (275 ml) (1x24 Bottle), C/O-Thai (45 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇာတ်နာအောင် မလုပ်ကြပါနဲ့ မောင်တို့

မောင်သောမနု

ဇာတ်ကြီးဆယ်ဘွဲ့တွင် နောက်ဆုံးဇာတ်တော်အဖြစ် ရေးဖွဲ့ထားသည့် ဝေဿန္တရာမင်းကြီး၊ ပါရမီဖြည့်ဖက် မဒ္ဒီဒေဝီနှင့် သားတော်နှင့် သမီးတော်လေးတို့အကြောင်းကို စာပေလေ့လာလိုက်စားသူတို့ ဖတ်ဖူးကြမည် ဖြစ်သည်။ ထိုဇာတ်တော်ကို ဇာတ်သဘင်တွင် သရုပ်ဖော်တင်ဆက်ရာ၌ ပို၍ပင်ကြည့်လို့ကောင်းပါသည်။ ဇာတ်လမ်းမှာ ဝေဿန္တရာမင်းကြီး၏ဒါနပါရမီကို အဓိကရည်ညွှန်းထားသော်လည်း သားတော်လေး ဇာလီနှင့် သမီးတော်လေး ကဏှာဇိနတို့ကို နှိပ်စက်ခေါ်ဆောင်သွားသည့် ပုဏ္ဏားဇူဇကာ၏စရိုက်သည် ဇာတ်အိမ်တွင် ဇာတ်ရှိန်အတက်ဆုံးဖြစ်သည်။ ထိုဇာတ်လမ်းကို ကြည့်ရှုခံစားရသော ပရိသတ်များအဖို့ ကရုဏာရသထက် ဒေါမနဿရသများ ခံစားကြရသည်။ ကျွန်တော်တို့ ပရိသတ်များ၏အမြင်တွင် ကလေးနှစ်ဦးကို နှိပ်စက်ခေါ်ဆောင်သွားကြသည်ကိုသာ မြင်ခဲ့ကြသည်။

ဤဇာတ်တော် ဇာတ်လမ်းကဲ့သို့ပင် မြန်မာ့ရုပ်ရှင်၊ ဇာတ်သဘင်ပရိသတ်များအနေဖြင့် ရုပ်ရှင်၊ ဇာတ်သဘင် ဇာတ်လမ်းတစ်ခုခု၏ အဓိကဆိုလိုချင်သည့် ဇာတ်လမ်းအနှစ်သာရကို ခံစားရမည်ထက် ဇာတ်လမ်းတွင် ဇာတ်နာအောင် သရုပ်ဖော်ထားသည့် ဇာတ်လမ်းဇာတ်ကွက်ကိုသာ ပိုမိုခံစား၊ ပိုမိုနှစ်သက် စွဲလမ်းကြပါသည်။ မြန်မာပရိသတ်များအနေဖြင့် ထိုသို့ဇာတ်လမ်းဇာတ်ကွက်များကို ကြည့်ရှုပြီး မည်မျှ စွဲလမ်းကြ၊ ခံစားကြပါသနည်းဆိုလျှင် ဇာတ်နာသည့် ဇာတ်ဝင်ခန်းရောက်သည်နှင့် ရုပ်ရှင်ပိတ်ကားကိုဖြစ်စေ၊ ဇာတ်စင်ကိုဖြစ်စေ အရာဝတ္ထုများနှင့် ပစ်ပေါက်သည်အထိ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြသည်။

### ဇာတ်နာအောင်ပြုလုပ်

ပြင်ပလောကတွင် ယနေ့ဖြစ်ပျက်နေသော အဖြစ်အပျက်များတွင်လည်း ဤသို့ပင်ဖြစ်နေသည်။ မြန်မာပရိသတ်အကြိုက်ကို သိနေသော မသမာသူတို့သည် ဇာတ်နာအောင် ပြုလုပ်ကာ ဇာတ်ရှိန်တက်အောင် ဖန်တီးလာကြပေသည်။ ထိပ်တိုက်တွေ့ဆုံ အကြမ်းဖက်တိုက်ခိုက်သည့် ဆန္ဒပြပွဲများအတွင်း နာကျင်စရာ၊ ထိခိုက်စရာတစ်ခုခုကို ကြုံတွေ့လိုက်သည်နှင့် စဉ်းစားချင့်ချိန်ခြင်း၊ လေ့လာသုံးသပ်ဆင်ခြင်ခြင်းမရှိဘဲ ချက်ချင်းလက်ငင်း ဒေါသအိုးပေါက်ကွဲပါတော့သည်။ တစ်ဆက်တည်းပင် ဆဲဆိုခြင်း၊ အော်ဟစ်ခြင်း၊ တုံ့ပြန်တိုက်ခိုက်ခြင်းတို့ပါ ပြုလုပ်ကြပါသည်။ အကြမ်းဖက်တိုက်ခိုက် ဆန္ဒပြမှုများအတွင်း ဇာတ်နာအောင် ပြုလုပ်နေသည့် ဆန့်ကျင်ဘက်အုပ်စုက ဖန်တီးထားသည့် နောက်ကွယ်က အုပ်စုတစ်ခုခုက လုပ်ကြံမှုရှိနေပြီလောဟု သံသယဖြစ်မိပါသည်။

ထင်ရှားသော သာဓကအနေဖြင့် ဆူပူအကြမ်းဖက်မှုများ စတင်ဖြစ်ပေါ်ခဲ့သည့် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော် သပြေကုန်းလမ်းဆုံအနီး ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ မိန်းကလေးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရသေဆုံးခဲ့သည့်ဖြစ်စဉ်နှင့် မတ်လ ၃ ရက်နေ့ မန္တလေးမြို့ ၈၄ လမ်းနှင့် လမ်း ၃၀ အဓိကရုဏ်းဖြစ်စဉ်တွင် မိန်းကလေးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရသေဆုံးခဲ့သည့်ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်သူများကြားတွင် ပြင်းပြင်းထန်ထန် ဂယက်ရိုက်ခတ်မှုများ ရှိခဲ့သည်။

ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတို့က ဖြစ်စဉ်အမှန်ကို ချက်ချင်းသတင်းထုတ်ပြန်ခဲ့ပြီး သေမှုသေခင်းဖွင့်ကာ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ်ခြင်းကြောင့် ထိမှန်ခဲ့ခြင်းမဟုတ်ဘဲ ပြင်ပမှအသုံးပြုသော လက်နက်တစ်စုံတစ်ရာကြောင့် ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်ကြောင်း အထောက်အထား အချက်အလက်များနှင့် ပြန်လည်အသိပေး သတင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

### တစ်ကျော့ပြန် ပြန်ထွက်လာပြီလား

အဆိုပါ ဖြစ်စဉ်နှစ်ခုနှင့်ပတ်သက်၍ ဆူပူအကြမ်းဖက်ဆန္ဒပြပွဲအတွင်း ဇာတ်နာအောင် ပြုလုပ်နေသည့် ဆန့်ကျင်ဘက်အုပ်စုက ဖန်တီးထားသည့် နောက်ကွယ်က အုပ်စုတစ်ခုခုက လုပ်ကြံမှုရှိနေပြီဟု ပြည်သူများကြား၌ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ ပြင်းပြင်းထန်ထန် ဝေဖန်ထောက်ပြမှုများအရ မတ်လ ၃ ရက်နေ့ မန္တလေးဆူပူအကြမ်းဖက်ဆန္ဒပြပွဲအတွင်း မိန်းကလေးငယ်တစ်ဦး အနီးကပ်လုပ်ကြံခံရအပြီးတွင် ထိုကဲ့သို့ဖြစ်စဉ်များ ခေတ္တငုပ်လျှိုးနေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများအတွင်း အနီးကပ်လုပ်ကြံမှုများ အတော်ဝေးဝေးပျောက်နေပြီးမှ အနီးကပ်လုပ်ကြံမှု ယခုတစ်ကျော့ပြန် ပြန်ထွက်လာပြီလားဟု မေးခွန်းထုတ်ရတော့မလို ဖြစ်ခဲ့သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များတွင် လက်နက်ထိမှန် ထိခိုက်ဒဏ်ရာရသေဆုံးခဲ့ကြသူများမှာ အသက် ၁၀ နှစ် ဝန်းကျင်ကလေးငယ်များ ဖြစ်နေသည်ကို အံ့သြဖွယ် တွေ့ရသည်။ သံသယဖြစ်ဖွယ်ကောင်းသည့် အလွန်ထူးခြားသည့်အချက်ပင်ဖြစ်သည်။ လူစုလူဝေးဖြင့် ရန်းရင်းဆန်ခတ်ဖြစ်နေစဉ် အရွယ်ရောက်ပြီးသူ အကြမ်းဖက်အုပ်စုလူအများအပြားနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား ထိပ်တိုက်တွေ့ဆုံရာ၌ လုံခြုံရေးတပ်ဖွဲ့များက ထိန်းထိန်းသိမ်းသိမ်း ခြောက်လှန့်ဖြိုခွင်းခဲ့သည်ကို ဗီဒီယိုမှတ်တမ်းများတွင် ကြည့်လျှင် သိသာနိုင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လာသည့်အခါမှသာ တိုက်ခိုက်သူအုပ်စုကို အနိမ့်ဆုံးအဆင့် ရှင်းလင်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

သို့သော် လူအုပ်စုကြီးအတွင်း မည်သည့်နေရာမှ ပစ်ခတ်လိုက်ခြင်းမသိသော ပစ်ခတ်မှုကြောင့် အသက် ၁၀ နှစ် ဝန်းကျင်ကလေးငယ်အချို့ ထိခိုက်သေဆုံးသောအခါ "ကလေးငယ်တွေကအစ ပစ်ခတ်နေပါတယ်။ လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်နေပါတယ်" စသည်ဖြင့် ပြည်သူလူထု မခံမရပ်နိုင်ဖြစ်အောင်၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂ စင်မြင့်ကသိအောင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် အရပ်ရပ်ကသိအောင် ဝါဒဖြန့် အပုပ်ချလုပ်ကြံသတင်းများ လွှင့်ထုတ်လာကြပါသည်။ ထိုသို့လုပ်ကြံဝါဒဖြန့် သတင်းလွှင့်ထုတ်ကြသည်ဆိုသော်လည်း ကြောက်မက်ဖွယ်ကောင်းသည့် အကြမ်းဖက်ဆူပူတိုက်ခိုက်မှုဖြစ်စဉ်များကြားတွင် အသက် ၁၀ နှစ်ဝန်းကျင်ကလေးငယ်များ အဘယ်ကြောင့် ပါဝင်နေရသည်ဟု ဆိုသည့်အချက်မှာ မေးခွန်းထုတ်စရာဖြစ်ပါသည်။

### ယုတ္တိမတန်သောအချက်ပင်ဖြစ်

သာမန်အားဖြင့် ရိုးရှင်းစွာရှုမြင်မည်ဆိုလျှင် ကလေးငယ်များအနေဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေသော အကြမ်းဖက်လူစုလူဝေးအတွင်း ပါဝင်နေသည်ဆိုခြင်းမှာ မည်သို့မျှလက်ခံနိုင်စရာမရှိသည့် ယုတ္တိမတန်သောအချက်ပင် ဖြစ်သည်။ ကလေးငယ်များကိုယ်တိုင် အကြမ်းဖက်ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်နေသည်ဟုဆိုသည်မှာ မည်သည့်အကြောင်းပြချက်နှင့်ဆိုဆို လက်ခံနိုင်စရာအကြောင်း မရှိပါ။ အချို့ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့များအား တုတ်၊ ဓား၊ လုံး၊ လေးခွ၊ ဂျင်ကလိ၊ လောက်လွှဲ၊ မီးလောင်ဗုံး၊ လက်လုပ်သေနတ်များ ကိုင်ဆောင်ပြီး ထိပ်တိုက်တွေ့ဆုံသည့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် များသောအားဖြင့် လူကြီး၊ လူလတ်အတော်များများ ပါဝင်တော့ခြင်းမရှိဘဲ မိုက်ရူးရဲ၊ အရဲစွန့်တက်ကြွလူငယ်အချို့သာ ပါဝင်နေကြသည်ကို ၎င်းတို့ လူမှုကွန်ရက်ပေါ်တွင် တင်ထားသည့် ဗီဒီယိုဖိုင်များကို ကြည့်လျှင် တွေ့ရမည်ဖြစ်သည်။ ထိုဗီဒီယိုဖိုင်များတွင်လည်း ကလေးငယ်များ ပါဝင်ခြင်းမရှိသည်ကို တွေ့ရမည် ဖြစ်သည်။

ကြောက်စရာကောင်းသည့် တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ပြီး အော်ဟစ်ဆူပူ တိုက်ခိုက်နေကြသည့် လူအုပ်စုအတွင်း ကလေးငယ်များ ပါဝင်နေခြင်းမှာ လုံးဝမဖြစ်နိုင်သလို ကလေးငယ်များ၏ ပင်ကိုစိတ်ထားသဘာဝမှာ တစ်ဦးတစ်ယောက်၏ ကြမ်းတမ်းခက်ထန်သော အပြုအမူမျိုးကို မြင်တွေ့လျှင်ပင် စိုးရိမ်ထိတ်လန့် ကြောက်လန့်သောသဘောရှိပြီး ရှောင်ခွာကွယ်ပုန်းနေတတ်သည်ကို ကလေးငယ်တိုင်းတွင် တွေ့ရတတ်ပါသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်ဆူပူ ဆန္ဒပြတိုက်ခိုက်မှု ဖြစ်စဉ်များအတွင်း ဖြစ်တောင့်ဖြစ်ခဲ လုံးဝမဖြစ်နိုင်သည့် မိန်းကလေးငယ်နှစ်ဦး မည်သည့်နေရာမှ ပစ်ခတ်လိုက်ခြင်းမသိသည့် သေနတ်ထိမှန် ဒဏ်ရာရသေဆုံးရမှု ဖြစ်စဉ်ကို အသေအချာ စဉ်းစားသုံးသပ်ကြည့်ရမည်ဖြစ်သည်။

### စေ့စေ့တွေးလျှင် ရေးရေးပေါ်

အကြမ်းဖက် ဆူပူဆန္ဒပြမှုများအတွင်း ရွေးချယ်လုပ်ကြံသတ်ဖြတ်ရေး နောက်ကွယ်က အုပ်စု ပြန်လည်ခေါင်းထောင်ထနေပြီလောဟု ရှာဖွေစောကြော ကြည့်ရမည်ဖြစ်သည်။ သို့တည်းမဟုတ် မြန်မာတို့၏ စကားပုံတွင်ပါရှိသည့် "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုသကဲ့သို့ မိမိတို့၏ ပူလောင်နေသော သောက၊ ဒေါသများကို မိမိတို့ သားသမီးများ၊ မိမိတို့၏ အပြစ်မဲ့သော ကလေးငယ်များအား ချနင်းနေပြီလားဟု ထင်ရမလိုဖြစ်သည်။ သို့တည်းမဟုတ် "သားကောင်ကိုချနင်းပြီး ကမ္ဘာမီးလောင်အောင်" ပြုလုပ်နေပြီလားဟု ထင်ရပေသည်။ မည်သို့ပင်ဖြစ်စေ အယုတ်မာဆုံး၊ အကြံပက်စက်ဆုံး အလုပ်များကို လုပ်လာကြသည်ကို တွေ့ရပြီဖြစ်သည်။ စေ့စေ့တွေးလျှင် ရေးရေးပေါ်မည် ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အမုန်းတရား ကြီးမားအောင် ၎င်းတို့ကိုယ်တိုင်က လုပ်ကြံပါမည်လော။ အဖြေမှန်ကိုစဉ်းစားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို မုန်းတီးအောင် လုပ်ကြံသူတို့ကို ရှာဖွေကြည့်သင့်ပါသည်။

ဇာတ်လမ်းတစ်ပုဒ်ကို နားဆင်ကြည့်ရှုခံစားကြရာတွင် ဇာတ်လမ်း၏ ကျောရိုးပါအတိုင်း ဇာတ်အိမ်၊ ဇာတ်သဘော၊ ဇာတ်လမ်းအနှစ်သာရများ အကုန်ခြုံငုံကာ ဆိုလိုရင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်အောင် ရှုမြင်ဖို့လိုပါသည်။ ဇာတ်လမ်းတွင်ပါဝင်သော ဇာတ်နာသည့် ဇာတ်ကွက်တစ်ခုကိုသာ ရှုမြင်ပြီး ဒေါသပေါက်ကွဲလျှင် ဇာတ်လမ်းအနှစ်သာရ ပျက်ပါသည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တွင် တပ်မတော်နှင့်ပြည်သူ ထိပ်တိုက်တွေ့စေသည့်၊ ရန်သူဖြစ်စေမည့် ဖန်တီးသူဆန့်ကျင်ဘက်အုပ်စုကို မြင်အောင် ဆင်ခြင်ရှုမြင်ဖို့လိုအပ်ပါသည်။ ဤပြည်ထောင်စု၊ ဤတပ်မတော်၊ ဤပြည်သူလူထုသည် ဇာတ်အိမ်တစ်ခုတည်းသာ ဖြစ်သည်။ တစ်သားတည်းသာ ဖြစ်သည်။

ဆူပူအကြမ်းဖက် ဆန္ဒပြတိုက်ခိုက်မှုများအတွင်း လက်သည်မပေါ်သည့် လုပ်ကြံသတ်ဖြတ်မှုများမှတစ်ဖန် ကလေးငယ်များကို ဓားစာခံထား၍ ဇာတ်နာအောင် အကြံပက်စက်ယုတ်မာမှုများကို ဝိုင်းဝန်းဖော်ထုတ်သင့်ကြပေပြီ။

သို့ပါ၍ တိုင်းပြည်ကြီး ဇာတ်နာအောင် မလုပ်ကြပါနှင့် မောင်တို့၊ ပြည်သူနှင့် တပ်မတော်ကို ဇာတ်နာအောင် မလုပ်ကြပါနှင့် မောင်တို့ဟုသာ အသိပေးလိုက်ပါသည်။ ။

**သာမန်အားဖြင့် ရိုးရှင်းစွာရှုမြင်မည်ဆိုလျှင် ကလေးငယ်များအနေဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေသော အကြမ်းဖက်လူစုလူဝေးအတွင်း ပါဝင်နေသည်ဆိုခြင်းမှာ မည်သို့မျှလက်ခံနိုင်စရာမရှိသည့် ယုတ္တိမတန်သောအချက်ပင် ဖြစ်သည်။ ကလေးငယ်များကိုယ်တိုင် အကြမ်းဖက်ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်နေသည်ဟုဆိုသည်မှာ မည်သည့်အကြောင်းပြချက်နှင့်ဆိုဆို လက်ခံနိုင်စရာ အကြောင်းမရှိပါ။ အချို့ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့များအား တုတ်၊ ဓား၊ လုံး၊ လေးခွ၊ ဂျင်ကလိ၊ လောက်လွှဲ၊ မီးလောင်ဗုံး၊ လက်လုပ်သေနတ်များ ကိုင်ဆောင်ပြီး ထိပ်တိုက်တွေ့ဆုံသည့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် များသောအားဖြင့် လူကြီး၊ လူလတ်အတော်များများ ပါဝင်တော့ခြင်းမရှိဘဲ မိုက်ရူးရဲ၊ အရဲစွန့်တက်ကြွ လူငယ်အချို့သာပါဝင်နေကြသည်ကို ၎င်းတို့ လူမှုကွန်ရက်ပေါ်တွင် တင်ထားသည့် ဗီဒီယိုဖိုင်များကိုကြည့်လျှင် တွေ့ရမည်ဖြစ်သည်။ ထိုဗီဒီယိုဖိုင်များတွင်လည်း ကလေးငယ်များ ပါဝင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်။**

# CDM လှုပ်ရှားမှုကို မြန်မြန်အဆုံးသတ်စေချင်တယ်။ ဒါမှသာလုပ်ငန်းတွေပုံမှန်အတိုင်း လည်ပတ်မှာဖြစ်ပါတယ်

**ဦးမောင်ကို(အမည်လွှဲ)**

CDM လှုပ်ရှားမှုကြောင့် ထိခိုက်ခံစားရသည့်စီးပွားရေးလုပ်ငန်းရှင်အချို့အား တွေ့ဆုံမေးမြန်းထားသည်များကိုဖော်ပြလိုက်ပါသည်။

"ကျွန်တော်တို့ ပဲအရောင်းအဝယ်လုပ်ငန်းက ပဲစိုက်တောင်သူတွေ လာရောက် ပဲရောင်းတဲ့အခါ ငွေလက်ငင်းရှင်းပေးပြီးဝယ်ရတဲ့အပြင် ကျွန်တော့်ဒိုင်ခွဲပဲသမားတွေကလည်း ကျွန်တော့်ဆီနေ့တိုင်း ပဲလာရောင်းတော့ သူတို့ကိုလည်း ငွေလက်ငင်းရှင်းပေးပြီး ဝယ်ရတဲ့လုပ်ငန်းဖြစ်တယ်။ ဒီလိုလာရောက်ရောင်းချတဲ့ ပဲတွေရောက်ရှိမှုအပေါ်မူတည်ပြီး ကျွန်တော်တို့က ရန်ကုန်မြို့မှာရှိတဲ့ ပွဲရုံကြီးတွေနဲ့ ကုမ္ပဏီအချို့ကိုတင်ပို့ပြီး နေ့စဉ်ကုန်စည်ဒိုင်ပေါက်ဈေးနဲ့ ရောင်းချရတာဖြစ်ပါတယ်။ ရောင်းရငွေကိုတော့ ဘဏ်ကိုလွှဲပေးပြီး ဘဏ်မှာငွေထုတ်ကာ အရောင်းအဝယ်လုပ်နေရတာဖြစ်ပါတယ်။ အခု CDM လှုပ်ရှားမှုတွေကြောင့် ဘဏ်အချို့ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့အတွက် လုပ်ငန်းနဲ့ပတ်သက်တဲ့ ငွေကြေးစီးဆင်းမှုတွေ ရပ်တန့်နေတယ်။ အဲဒီလို ငွေကြေးစီးဆင်းမှုတွေ မလည်ပတ်တော့ အခုဆိုရင် ကုန်စည်စီးဆင်းမှုရော၊ ပဲရောင်းဝယ်မှုလုပ်ငန်းရော ရပ်တန့်သလောက်နီးပါးဖြစ်နေတယ်။ ကျွန်တော်က ဘယ်ပါတီဝင်မှလည်း မဟုတ်ဘူး။ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ဖို့ဆိုရင် အားလုံးပူးပေါင်းကြဖို့လိုတယ်။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုတဲ့ စိတ်ဓာတ်က အောက်တန်းကျပါတယ်။ ဘာပဲဖြစ်ဖြစ်CDM လှုပ်ရှားမှုကို မြန်မြန်အဆုံးသတ်စေချင်တယ်။ ဒါမှသာ လုပ်ငန်းတွေပုံမှန်အတိုင်းလည်ပတ်မှာဖြစ်ပါတယ်" ဟု ကျောက်တံခါးမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးမောင်ကို(အမည်လွှဲ)က ပြောသည်။

"လယ်ယာကဏ္ဍက ကျွန်တော်တို့တိုင်းပြည်ရဲ့ အသက်ပဲ။ ကျွန်တော်တို့တိုင်းပြည်မှာ လယ်ယာကဏ္ဍဆိုတာလည်း များများစားစားမရှိဘူး၊ ဆန်စပါးနဲ့ ပဲမျိုးစုံသာရှိတာ။ တကယ်တမ်း လယ်ယာကဏ္ဍတိုးတက်ဖို့ဟာ အရောင်းအဝယ်မဖြစ်ဘဲနဲ့ ဘယ်လိုတိုးတက်နိုင်မလဲ၊ကိုဗစ်-၁၉ ရောဂါကာလ စကတည်းက လူတွေ အပြင်မထွက်ရ၊ ဘာမလုပ်ရဆိုတော့ အရောင်းအဝယ်ရော၊ လူတွေရော အကုန်ဒုက္ခရောက်တာ အခုတစ်နှစ်ပြည့်သွားပြီလေ။ အဲဒီတစ်နှစ်ရဲ့ ကျဆင်းတဲ့စီးပွားရေးကို ပြန်နာလန်ထူဖို့ဆိုတာ အရင်နှစ်ကအကြွေးကို ကျွန်တော်တို့က တစ်ဆပြန်ဆပ်မှ အကြွေးကျေမှာပေါ့။ အခုဟာက အရင်နှစ်ကျဆင်းသွားတဲ့ စီးပွားရေးရဲ့အကြွေးကို ဆပ်ဖို့နေနေသာသာ အခုကိုယ့်ဟာကိုယ်တောင် အနိုင်နိုင် ပြန်ဖြစ်နေတယ်ဆိုတော့ အလားအလာအနေအထားအရတော့ အားရစရာသိပ်မရှိဘူး။ ပိုဆိုးတာက အခု CDM လှုပ်ရှားမှုဆိုတာ ပေါ်ပေါက်လာလို့ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ဖို့ဆိုတာ ခန့်မှန်းရခက်သွားတယ်။ ပဲအရောင်းအဝယ်လုပ်ငန်းက ယုံကြည်မှုနဲ့လုပ်ရတဲ့ အလုပ်တွေမဟုတ်ဘဲနဲ့ ရောင်းထားတဲ့ပဲဖိုးငွေကို ဘဏ်လွှဲခိုင်း၊ လွှဲထားတဲ့ငွေကိုထုတ်ပြီး ငွေကြေးပေးချေကာ အရောင်းအဝယ်လုပ်နေရတာ။ ဒီလိုဖြစ်ပေါ်လာတော့ ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေ အတော်လေးခံစားနေရပါတယ်။ အခုဆိုရင် ပဲမျိုးစုံဝယ်ရောင်းလုပ်သူတွေ လက်ထဲမှာငွေမရှိတဲ့အခါကျတော့ ပဲလုပ်ငန်းရဲ့ စီးပွားရေးလည်ပတ်မှုက ရပ်တန့်သွားမယ့်သဘော ဖြစ်သွားတယ်။ အခုချိန်ထိ ဘဏ်တချို့ ပိတ်ထားတုန်းပဲ။ ပြီးခဲ့တဲ့ရက်ပိုင်းက ဘဏ်တွေဖွင့်ဖို့ ဗဟိုဘဏ်ကညွှန်ကြားထားတယ်။ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မဖွင့်ပါဘူး။ မဖွင့်ဘူးဆိုရင် ကျွန်တော်တို့အပ်ထားတဲ့ငွေတွေ ထုတ်မရလို့ လုပ်ငန်းလည်ပတ်ဖို့ အခက်အခဲဖြစ်နေတယ်။ ကျွန်တော်တို့က ဒီရာသီလေးပဲ ပိုက်ဆံသုံးရတာလေ။ တစ်နှစ်မှာ ခြောက်လလောက်က ပိုက်ဆံပိုနေလို့ ဘဏ်မှာပဲ ပြန်အပ်ထားတာ။ အခုကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေ ခံစားနေရတယ်။ ဒါကျွန်တော်တစ်ယောက်ထဲမဟုတ်ပါဘူး။ ကျွန်တော်နဲ့ထပ်တူ ဆန်စပါးလုပ်ငန်းရှင်တွေလည်း ဒီအတိုင်းပဲ၊ ဒါကြောင့် CDM မှာပါဝင်ကြတဲ့သူတွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ပထမဦးစားပေးစဉ်းစားဆောင်ရွက်ကြစေချင်ပါတယ်"ဟု ဖြူးမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးစံအေး(အမည်လွှဲ)က ပြောသည်။

**မောင်ကြည်**

---

**ကြေးမုံ** အယ်ဒီတာ့ထံ ပေးစာ

## ရှုးမိုက်တဲ့ လူတစ်သိုက်ရဲ့ အမှိုက်သပိတ်ကို ထိရောက်စွာ အရေးယူပေးပါ



အယ်ဒီတာခင်ဗျာ-

ရန်ကုန်မြို့ကို အရုပ်ဆိုးအကျည်းတန်စေခဲ့တဲ့ အတားအဆီးတွေ/အမှိုက်သရိုက်တွေကို မကြာသေးခင်က လုံခြုံရေးတပ်ဖွဲ့များနဲ့ စည်ပင်ဝန်ထမ်းများပေါင်းပြီး ရှင်းလင်းဖယ်ရှားပေးခဲ့တဲ့အတွက် ကျွန်တော်တို့ရပ်ကွက်လေး နေသာထိုင်သာဖြစ်ခဲ့ရပါတယ်။

အခုတစ်ဖန်ပြန်ပြီး လူဗာလ၊ လူ့ရမ်းကားများက အမှိုက်သပိတ်လို့ ကြွေးကြော်ပြီး အမှိုက်တွေကို ပစ်ချင်သလို ပစ်နေကြလို့ ကျွန်တော်တို့ရပ်ကွက်လမ်းတွေဟာ အမှိုက်ပုံတွေ/အမှိုက် သရိုက်တွေနဲ့ ကျက်သရေမဲ့ခဲ့ပြန်ပါပြီ။

အခုလို အမှိုက်သပိတ်ပြုလုပ်ဖို့အတွက် ကျွန်တော်တို့ရပ်ကွက်ထဲက ရိုးသားတဲ့ပြည်သူတွေကို Clean Yangon အဖွဲ့က နှိုးဆော်တောင်းဆိုနေကြတာ ဖြစ်ပါတယ်။ အင်မတန် ရိုင်းစိုင်းယုတ်မာတဲ့ ဆောင်ရွက်ချက်ပဲဖြစ်ပါတယ် ။

အခုလို ရှုးမိုက်သူ လူတစ်စုရဲ့ လုပ်ရပ်ကို ကျွန်တော်တို့ပြည်သူတွေက ကြိတ်ခံနေရတော့မှာလား။ ပိုင်းဝန်းကာကွယ် မတားဆီးပေးနိုင်တော့ဘူးလား ခင်ဗျာ။ ကျွန်တော်တို့ရဲ့ ဗညားဒလလမ်း၊ သမိန်ဗရမ်းလမ်း၊ ကျိုက္ကဆံလမ်းမကြီးတွေအပေါ် စည်းမဲ့ကမ်းမဲ့ လူမဆန်တဲ့ အမှိုက်ပစ်မှုတွေကို ယနေ့မနက်ကစပြီး မြင်တွေ့ရတာ လွန်စွာစိတ်မကောင်း ဖြစ်ရပါတယ်။ အဲဒီလို လုပ်ရပ်တွေကို ကျွန်တော်တို့ပြည်သူတွေက ထိုင်ကြည့်နေရတော့မှာလားခင်ဗျာ။

အခုလို ရှုးမိုက်တဲ့ လူတစ်သိုက်ရဲ့ အမှိုက်သပိတ်ကို တားဆီးအရေးယူပေးပါရန်နဲ့ အဲဒီလိုပြုလုပ်အောင် နှိုးဆော်ဆောင်ရွက်နေတဲ့ Clean Yangon အဖွဲ့ကို ထိရောက်စွာ အရေးယူပေးပါလို့ အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**တာမွေမှ ပြည်သူတစ်ဦး**

## အမှိုက်သပိတ် လုပ်နေသူတွေကို ရေဖြတ်/ မီးဖြတ် အရေးယူပေးပါ

အယ်ဒီတာခင်ဗျာ-

ကျွန်တော်တို့ ရန်ကုန်မှာ သပိတ်တိုက်ပွဲအမျိုးမျိုးအနက်က အခု အမှိုက်သပိတ်ဆိုပြီး စတင်လုပ်ဆောင်လာတာကိုတွေ့ရပါတယ်။ ဒါကတော့ တော်တော်လွန်တဲ့ လုပ်ရပ်ပါပဲ။ လုံးဝအဓိပ္ပာယ် မရှိပါဘူး။ အခုလို အမှိုက်တွေ စည်းကမ်းမဲ့ စွန့်ပစ်တာ၊ သန့်သန့်ရှင်းရှင်းနေရမယ့်အစား ညစ်ပတ်နံစော်တဲ့ မြို့ပြကြီးအဖြစ် ပုံဖော်တာဟာ သူတို့တောင်းဆိုတဲ့ ဒီမိုကရေစီရရှိရေးဆိုတာနဲ့ ဘယ်လိုများ ပတ်သက်သလဲလို့ ကျွန်တော်တော့ စဉ်းစားလို့ကိုမရပါဘူး။ အခုလို အမှိုက်တွေဖြန့်ပြီး အိမ်တွေပေါ်ကနေ စည်းကမ်းမဲ့ စွန့်ပစ်တဲ့ သူတွေရော၊ ဆော်ဩတဲ့အဖွဲ့ကိုရော ထိထိရောက်ရောက် အရေးယူစေချင်ပါတယ်။

ကျွန်တော့်အနေနဲ့ အကြံဉာဏ်ပေးရရင် သက်ဆိုင်ရာ မြို့နယ်/ခရိုင်တာဝန်ရှိသူတွေအနေနဲ့ အဲဒီလိုလုပ်တဲ့ လမ်း၊ ရပ်ကွက်ကို ရေဖြတ်၊ မီးဖြတ်လုပ်ပြီး ပြစ်ဒဏ်ပေးစေချင်ပါတယ်။ ရေလည်းမရ၊ မီးလည်းမရနဲ့ အမှိုက်နံ့တွေ နံစော်နေရင် အဲဒီလမ်း / ရပ်ကွက်ကို သူတို့ဘာသာ သူတို့လူနဲ့သူတို့ ဝိုင်းထိန်းတဲ့ နည်းလမ်းကသာ အကောင်းဆုံး ဖြစ်မယ်လို့ ယူဆပါတယ်။ နိုင်ငံတကာမှာဆိုလည်း ဒီလိုတုံ့ပြန်တာ အောင်မြင်တဲ့နည်းလမ်းဖြစ်တယ်လို့ ကျွန်တော်ကြားဖူးပါတယ်။ ဒါကြောင့် အမှိုက်များကို စည်းကမ်းမဲ့ စွန့်ပစ်ပြီး အဓိပ္ပာယ်မဲ့တဲ့ သပိတ်လုပ်နေသူတွေကို အရေးယူပေးပါရန် အယ်ဒီတာမှတစ်ဆင့် တာဝန်ရှိသူတွေကို အသိပေးအပ်ပါတယ်။

**အမှိုက်သပိတ်ကို ကန့်ကွက်ရှုတ်ချသူ ပြည်သူတစ်ဦး**

---

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

စာတည်းအဖွဲ့

# “မော်စကိုမှာဝေတဲ့နှင်း”ဆိုပြီး ဘာကြောင့် မော်စကိုကို ရွေးရတာလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် မော်စကိုမှာ ပညာသင်ကြားခဲ့ဖူးတာအပြင် ရုရှားနဲ့ မြန်မာနိုင်ငံတို့ရဲ့ တူညီမှုရှိတဲ့ နိုင်ငံသမိုင်းပုံရိပ်တွေကို တင်ပြချင်လို့ပါ

စာရေးဆရာ နွေကုံ့ကော်

စာပေသည်လူ၏တန်ဖိုး၊ စာပေမြင့်မှလူမျိုးတင့်မည်ဆိုသည့်အတိုင်း စာပေပညာရှင်များက မိမိတို့တိုင်းပြည်၊ မိမိတို့လူမျိုး ကမ္ဘာ့အလယ်ဝင့်ထည်စေရေး စာပေဖြင့်လူမှုရသအဖုံဖုံ၊ ဗဟုသုတဖြစ်ဖွယ်၊ မှတ်သားလိုက်နာဖွယ် စသောအကြောင်းအရာမျိုးစုံတို့ကို ရေးသားထုတ်ဝေလျက်ရှိပါသည်။ ထို့အတူ စာပေပညာရှင်ကြီးများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြုခြင်းအားဖြင့် လည်းကောင်း၊ ချီးမြှောက်ခြင်းအားဖြင့် လည်းကောင်း နှစ်စဉ်နှစ်တိုင်း ပြန်ကြားရေးဝန်ကြီးဌာနက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု အစရှိသဖြင့် စာပေဆုများချီးမြှင့်ပေးလျက်ရှိပါသည်။ ယခုတစ်ဖန် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ထုတ်ပြန်ခဲ့ပြီဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ရာ ဆုရရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



စာရေးဆရာမ နန္ဒာခင်



စာရေးဆရာမ သက်သက်နွယ်



စာရေးဆရာ နွေကုံ့ကော်



စာရေးဆရာ မောင်အင်း

**စာရေးဆရာမ နန္ဒာခင် (သက္ကလမြေ)**
**အမည်ရင်း ဒေါ်ခင်အုန်းမြင့်**
**စာမူအမည်၊ အဖေ့ခြံနှင့် အခြားရသဝတ္ထုတိုပေါင်းချုပ်**
**ဆုအမျိုးအစား၊ ဝတ္ထုတိုပေါင်းချုပ် ပထမဆု**

“မိသားစုတစ်စုဟာ တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ ပျော်မွေ့မနေဘဲနဲ့ ခြံကျယ်ကျယ်တစ်ခုထဲမှာ သဘာဝသစ်ပင်ပန်းမန်တွေနဲ့ ကိုယ့်ဘာသာကိုယ်စိုက်၊ ကိုယ့်ဘာသာကိုယ်စား အသက် ၉၀ ကျော် အမေ၊အဖေတို့နဲ့ အဲဒီခြံထဲမှာ ပျော်မွေ့တဲ့အကြောင်း ကျွန်မရေးထားတာပါ။ ထုတ်ပြီးတဲ့ စာအုပ်ကတော့ ၁၇ အုပ်ရှိပါပြီ။ အဲဒါကတော့ ဆုရကောအပြင်မှာ ထုတ်တာကောပေါ့နော်။ စာပေဗိမာန်ဆုက ဒါနဲ့ဆို ၄ ကြိမ်မြောက်၊ ဦးအုံးဖေဆုက ၈ ကြိမ်၊ အခြားဆုတွေအပါအဝင် ဆု ၃၅ ဆုလောက်အထိ ရဖူးပါတယ်။

ကျွန်မတို့က ခေတ်ရဲ့ပြောင်းလဲမှုနဲ့အတူ မော်ဒန်တွေရေးတာတော့ မဟုတ်ဘူး။ ရသကိုရေးတယ်။ မိသားစုနဲ့ပတ်သက်တဲ့ အကြောင်းအရာလေးတွေ၊ ကျောင်းသားတွေနဲ့ ဆရာတွေနဲ့ ချစ်ခြင်းမေတ္တာ၊ ကလေးတွေကို ဘယ်လိုပြုစုရတယ်၊ သင်ကြားရမယ်ဆိုတဲ့အကြောင်းအရာတွေကို ဇောင်းပေးပြီးရေးတာပါ။ လက်ရှိမှာတော့ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သက္ကလဇာတိ၊ သက္ကလ အထကမှာ ကျောင်းဆရာမတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

ဆရာမကြီးသည် စာပေ၊ ပန်းချီ၊ ဂီတတို့ကို ချစ်မြတ်နိုးသူဖြစ်ပြီး ၁၉၈၆ ခုနှစ်မှစတင်ကာ မြတ်မင်္ဂလာ၊ မင်္ဂလာမောင်မယ်၊ ပညာတန်ဆောင်တို့တွင် ဆောင်းပါးများ၊ ဝတ္ထုတိုများ စတင်ရေးသားခြင်းဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)**
**အမည်ရင်း ဒေါ်သက်သက်နွယ်**
**စာမူအမည်၊ လမင်းစန္ဒာလင်းပါစေနှင့် အခြားဝတ္ထုတိုများ**
**ဆုအမျိုးအစား၊ ဝတ္ထုတို ဒုတိယဆု**

“ကျွန်မက အရင်က နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှာ နှစ်သိမ့်ဆွေးနွေးပညာပေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မရဲ့တာဝန်က အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေကို နှစ်သိမ့်ဆွေးနွေးတဲ့တာဝန်ဖြစ်ပါတယ်ရှင့်။ အကြမ်းဖက်ခံရတဲ့ အမျိုးသမီးတွေကို သူတို့ရဲ့ လူမှုဒုက္ခတွေကို ကူညီရတဲ့သူဖြစ်ပါတယ်။ အဲဒီလို ခံစားရတဲ့ အမျိုးသမီးလေးတွေအကြောင်းကို အမြတ်မ်းသိရတော့ အဲဒီအကြောင်းလေးတွေကို အခြေခံပြီးတော့မှ ယခုဝတ္ထုတိုလေးတွေကို ရေးဖြစ်တာဖြစ်ပါတယ်။ အရင်ကတော့ ကျွန်မတို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထုတ်ဝေတဲ့ မေတ္တာစမ်းရေမဂ္ဂဇင်းမှာ ဆောင်းပါးလေးတွေရေးခဲ့ပါတယ်။ အကြမ်းဖက်ခံရတဲ့အမျိုးသမီးတွေရဲ့အကြောင်းကို အခြားအမျိုးသမီးငယ်ရွယ်သူတွေကိုလည်း သိစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေက အမျိုးသားတွေထက် ပိုမိုများပြားနေတာတွေ့ရပါတယ်။ အဲဒီတော့ လူမှုဒုက္ခခံစားနေရတဲ့အမျိုးသမီးတွေကသူတို့ရဲ့စွမ်းရည်ကိုထုတ်ပြီး မသုံးနိုင်ဘူးဆိုရင် ကျွန်မတို့နိုင်ငံအတွက် နောက်ကျကျန်ရစ်ခဲ့မှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် အမျိုးသမီးတွေကို ဒီလိုမျိုးဝတ္ထုဇာတ်လမ်းလေးတွေ ချပြလိုက်ခြင်းဖြင့် သူတို့ ဘယ်လိုပြုပြင်ပြောင်းလဲလာမလဲဆိုတဲ့အသိကို ရစေချင်လို့ ဒီဝတ္ထုလေးတွေရေးဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။

ဆရာမသည် ယခုအခါ နေပြည်တော် ပျဉ်းမနားပေါင်းလောင်းအရပ်၌ နေထိုင်လျက်ရှိပြီး နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းနှင့် မြဝတီသတင်းစာတို့မှာ ဆောင်းပါးများ ရေးသားလျက်ရှိကြောင်း၊ ၁၉၈၃ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့မ အထကမှ အောင်မြင်ခဲ့ကြောင်း၊ ၁၉၈၄ ခုနှစ် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် ဓာတုဗေဒအဓိကဖြင့် တက်ရောက်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် ဘွဲ့ရကြောင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကျောင်းဆရာမအလုပ်လုပ်ကိုင်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တွင် အကြမ်းဖက်ခံရသူအမျိုးသမီးများကို နှစ်သိမ့်ဆွေးနွေးပေးခြင်း တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ လက်ရှိ Mandalar Yaung SinWomen Empowerment & Gender Equality အဖွဲ့တွင် ဒေသဆိုင်ရာညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**စာရေးဆရာ နွေကုံ့ကော်(မြို့လှ)**
**အမည်ရင်း ဗိုလ်ကြီး စိုးမိုးကျော်**
**စာမူအမည်၊ မော်စကိုမှာဝေတဲ့နှင်း**
**ဆုအမျိုးအစား၊ ဝတ္ထုရှည် ပထမဆု**

ကျွန်တော်က ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်းပါ “အမှေကိုသာ အပြစ်တင်ပါ” ဝတ္ထုတိုစာမူနဲ့ စာပေလမ်းကြောင်းပေါ် စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ သိတတ်တဲ့အရွယ်ကစပြီး စာဖတ်ခြင်းရဲ့ ကျေးဇူးကြောင့် စာရေးချင်စိတ်ဖြစ်ပေါ်လာခဲ့တယ်ဆိုလည်း မမှားပါဘူး။ ဆရာ ဆရာမကြီးတွေ ညွှန်ကြားတဲ့ စုတုပြုနည်းလမ်းတွေကို ကျင့်သုံးပြီး စာပေလမ်းကြောင်းမှာ လျှောက်လှမ်းလျက်ရှိပါတယ်။

ဒီ “မော်စကိုမှာဝေတဲ့နှင်း” ဝတ္ထုရှည်စာမူက မူလက မဂ္ဂဇင်းစာမူအဖြစ် ရည်ရွယ်ထားတာပါ။ ဝတ္ထုရှည်ဖန်တီးရင် ဖြစ်နိုင်တာပဲဆိုတဲ့ အတွေးဝင်လာတဲ့နောက် လိုအပ်တဲ့ဇာတ်ကွက်တွေ ထပ်ဖြည့်ပြီး စာပေဗိမာန် ဝတ္ထုရှည်ကဏ္ဍအတွက် ပထမဆုံး တင်သွင်းပြိုင်ပွဲဝင်ခဲ့ပါတယ်။

ဇာတ်လမ်းအနေနဲ့က မိခင်မေတ္တာဘွဲ့ဖြစ်ပါတယ်။ ထူးခြားတာက နိုင်ငံခြားသူ မိခင်တစ်ယောက်ရဲ့ သားအပေါ်ထားတဲ့ မိခင်စိတ်ပါ။ ဘာသာမတူ၊ အယူမတူသူ လူနှစ်ဦးရဲ့ ဖူးစာကြောင့် ပေါက်ဖွားလာတဲ့ သားတစ်ယောက်ရဲ့ ခံစားချက်၊ တစ်ပြည်သူကိုယူခဲ့သူ ဦးမျိုးသွယ်နဲ့ နိုင်ငံခြားသူ ဆားရှာတို့ရဲ့ ချစ်ခြင်းမေတ္တာကို အခြေတည်ပြီး မတူကွဲပြားတဲ့ ဘာသာနှစ်ခုရဲ့ လက်တွေ့အခက်အခဲတွေ၊ ရိုးရာဓလေ့တွေကို စီကာပတ်ကုံးပြီး မိခင်တစ်ယောက်ရဲ့ စစ်မှန်တဲ့ မေတ္တာတရားကို ဖော်ညွှန်းထားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။

“မော်စကိုမှာဝေတဲ့နှင်း” ဆိုပြီး ဘာကြောင့် မော်စကိုကို ရွေးရတာလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် မော်စကိုမှာ ပညာသင်ကြားခဲ့ဖူးတာအပြင် ရုရှားနဲ့ မြန်မာနိုင်ငံတို့ရဲ့ တူညီမှုရှိတဲ့ နိုင်ငံသမိုင်းပုံရိပ်တွေကို တင်ပြချင်လို့ပါ။ ရုရှားဟာလည်း ကမ္ဘာ့စစ်ဒဏ်ကြီးတွေကို ခံခဲ့ရတဲ့အပြင် ဇာဘုရင်ရဲ့ ဖိနှိပ်မှုတွေကို အလူးအလဲခံခဲ့ရတဲ့ သမိုင်းရှိပါတယ်။ ဒါပေမယ့် စည်းကမ်းရှိတဲ့ ပြည်သူတွေရဲ့ အမျိုးသားရေးစိတ်ဓာတ် ခံယူချက်ပြည့်ဝမှုတွေကြောင့် သူတို့တွေ စစ်ကြီးပြီးလို့မှ မကြာသေးဘူး အာကာသဆီတက်နိုင်ခဲ့ပါပြီ။ ကျွန်တော်တို့ နိုင်ငံသားတွေအနေနဲ့လည်း အတိတ်က သင်ခန်းစာတွေထဲက နာကြည်းစရာတွေကိုပဲ စားမြုံ့ပြန်လည်ပြန်တွေးနေမယ့်အစား လက်တွေ့ကျကျ အမျိုးသားရေးစိတ်ဓာတ်ကောင်းတွေနဲ့ ရုရှားပြည်သူတွေလို ညီညွတ်ပြီး နိုင်ငံကြီးတိုးတက်အောင် ကြိုးစားသင့်တယ်ဆိုတာကို မိခင်မေတ္တာကို ဖော်ညွှန်းရင်း တစ်စိတ်တစ်ပိုင်း တင်ပြထားတာဖြစ်ပါတယ်။

စာပေနဲ့ပတ်သက်ပြီး လိုချင်လွန်းခဲ့တဲ့ ဆုအမျိုးအစားထဲမှာ စာပေဗိမာန် စာမူဆုလည်း အပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့လို စာရေးသူတော်တော်များများ မက်မောတဲ့ဆုပါ။ ကျွန်တော့်အနေနဲ့ စာပေလမ်းကြောင်းကို ခရီးကြုံလို့ ဝင်ရောက်လာခြင်းမဟုတ်ပါဘူး။ ရှေ့ဆက်ပြီး တစိုက်မတ်မတ်နဲ့ ဝါသနာပါတဲ့စာပေတွေကို ရေးသားပြီး တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမယ့် စာမူတွေပေါ်ထွက်အောင် ကြိုးစားနေဦးမှာဖြစ်ပါတယ်။ အခုလို ဆုရွေးချယ်ပေးခဲ့ကြတဲ့ အကဲဖြတ်ဆရာကြီး ဆရာမကြီးတွေကို ကျေးဇူးတင်ပါတယ်။ ပွဲတက်ရောက်နိုင်အောင် စီစဉ်ပေးတဲ့ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**စာရေးဆရာ မောင်အင်း(ဥက္ကံ)**
**အမည်ရင်း ဦးမင်းအောင်**
**စာမူအမည်၊ သဲရေစစ်**
**ဆုအမျိုးအစား၊ ဝတ္ထုရှည် ဒုတိယဆု**

စာပေပြိုင်ပွဲဆိုတာ ပြိုင်လေ့ပြိုင်ထမရှိခဲ့ဘူး။ လက်ရှိအနေအထားမှာက ကိုယ်တိုင် စာအုပ်ထုတ်နိုင်တဲ့ အခြေအနေမရှိတဲ့အတွက် စာပေဗိမာန်ကို ကျွန်တော့်ရဲ့ ဝတ္ထုရှည်လေးကို ပို့လိုက်တယ်။ ဒုတိယဆုရတယ်ဆိုလို့ တော်တော်ကြီးကို ဝမ်းမြောက်မိပါတယ်။

နယ်ကလူတွေအတွက် စာရေးရတာ၊ စာမူပို့ရတာ သိပ်တော့ မလွယ်လှဘူး၊ ခက်ခက်ခဲခဲ ရအောင်ပို့ပြီး ပြိုင်ရတဲ့အတွက် ဒီဆုလေး ရတာဟာ ဘဝရဲ့ မှတ်တိုင်တစ်ခုလို့ ပြောရမှာပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ဝမ်းသာမိတယ်။ စာပေဆုရွေးချယ်ရေးအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ စာပေနယ်ထဲကို ၂၀၀၀ ပြည့်နှစ်က စတင်ရောက်ရှိတာပါ။ ပထမဆုံးရေးခဲ့တဲ့ စာမူကတော့ သောကြာစာစောင်မှာဖြစ်ပါတယ်။ ဝတ္ထုတိုလေး ရေးခဲ့ရာကနေ စတင်ရောက်ရှိခဲ့တာပါ။ အခုဆို နှစ်ပေါင်း ၂၀ ကျော်လောက်ရှိသွားပြီ။ နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း စာစရေးတဲ့အချိန် စာပေတိုက်တွေကို တစ်တိုက်ဆင်းတစ်တိုက်တက်ပါ။ ကိုယ်တိုင်ပို့တာတွေလည်းရှိတယ်။ စာတိုက်ကပို့တာလည်းရှိတယ်။ အယ်ဒီတာရဲ့ ဆုံးဖြတ်ချက်အတိုင်း စာမူတွေဖော်ပြခံရရင် ပျော်ခဲ့တာပေါ့။

၂၀၁၃ ခုနှစ်ကျတော့ မြန်မာနိုင်ငံ စာရေးဆရာအသင်းကနေ ကျွန်တော့်ရဲ့ ဝတ္ထုတို ပထမဆုပေးခဲ့ရာကနေ အဲဒီကနေစပြီး စာရေးရတာ ပိုပြီးတော့နှစ်မြိုက်လာတာပါ။ မန္တလေး အမေနေ့၊ မန္တလေး အဖေနေ့ နှစ်ခုစလုံးမှာတော့ ကျွန်တော် ဆုရခဲ့ပါတယ်။ ခုချိန်မှာတော့ စာပေဗိမာန် ဝတ္ထုရှည် ဒုတိယဆုရခဲ့တာပါ။ စာတစ်ပုဒ်ဖြစ်ဖို့ဆိုတာ စာပေသမားတစ်ယောက်အနေနဲ့ စာတွေအများကြီးဖတ်ရတယ်။ အတွေ့အကြုံတွေအများကြီး ရယူရတာရှိတဲ့အတွက် ကိုယ့်ပတ်ဝန်းကျင်မှာ တွေ့ရှိသမျှ ကျွန်တော့်အတွက် ကုန်ကြမ်းတွေပါပဲ။ ကျွန်တော်ရေးသားသမျှ စာပေအများစုက မိဘမေတ္တာဘွဲ့ပါမယ်။ ဆရာနဲ့ ဆရာမဘွဲ့၊ သူငယ်ချင်း၊ မိတ်ဆွေ အရေးအဖွဲ့တွေပါမယ်။ တကယ့်ဖြစ်ရပ်မှန်တွေကို စိတ်ခံစားချက်နဲ့ ပေါင်းစပ်ပြီးရေးဖွဲ့ခဲ့တာဖြစ်တဲ့အတွက် အခုလို ဆုရရှိလာတဲ့အပေါ်မှာလည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း- ဇော်ရန်နောင်၊ စိမ်းခက်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မဲရုံပေါင်း ၁၁၇ ရုံ | ၁၀၅၁၂၂ | ၁၀၅၅၃၅ | ၁၃၁၉၃ | ၅၄၄ | ၉၂၉၈ |
| ၂ | ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မဲရုံပေါင်း ၁၂၆ ရုံ | ၁၁၁၇၅၉ | ၈၅၁၆၆ | ၁၂၈၀၂ | ၇၉၅ | ၁၂၀၈၈ |
| ၃ | ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မဲရုံပေါင်း ၂၁၂ ရုံ | ၉၉၆၂၃ | ၇၄၀၂၈ | ၁၁၅၄၇ | ၆၆၃ | ၁၀၄၈၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ပေါင်းတည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၅၅ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၆၃၇၁၀ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၄၈၉၇၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၄၇၃၄၊ မြေပြင်လက်ကျန် ၁၀၅၆၁၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၄၆၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၃၇ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရွှေတောင် | ၁၁၇ | ၁၁၉၀၁၅ | ၈၂၂၆၆ | ၃၆၇၄၉ | ၃၂၅၆၂ | ၄၁၉၂ | ၅ |
| ၂ | ပေါင်းတည် | ၁၂၆ | ၁၂၇၄၆၆ | ၈၆၀၈၈ | ၄၁၃၇၈ | ၃၉၃၀၅ | ၂၂၅၄ | ၁၈၁ |
| ၃ | ပေါက်ခေါင်း | ၂၁၂ | ၁၁၇၂၂၉ | ၈၀၆၂၂ | ၃၆၆၀၇ | ၃၃၇၄၃ | ၃၀၁၅ | ၁၅၁ |
| | စုစုပေါင်း | ၄၅၅ | ၃၆၃၇၁၀ | ၂၄၈၉၇၆ | ၁၁၄၇၃၄ | ၁၀၅၆၁၀ | ၉၄၆၁ | ၃၃၇ |

### ရွှေတောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၉၇ ရွာရှိပြီး မဲရုံပေါင်း ၁၁၇ ရုံအတွက်၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲအရေအတွက် ၁၁၉၀၁၅ စောင်အား ရပ်/ကျေးမဲလက်မှတ် ၁၁၇၄၀၀ စောင်၊ မြို့နယ်မဲလက်မှတ် ၁၆၁၅ စောင်ဟူ၍ ဖြန့်ခွဲထုတ်ပေး အသုံးပြုထိန်းသိမ်းထားရှိပါသည်။ မဲလက်မှတ်အပိုနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၁၇၄၀၀ | ၈၁၆၆၈ | ၃၅၇၃၂ | ၃၁၅၄၅ | ၄၁၉၂ | ၅ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၆၁၅ | ၅၉၈ | ၁၀၁၇ | ၁၀၁၇ | | |
| | စုစုပေါင်း | ၁၁၉၀၁၅ | ၈၂၂၆၆ | ၃၆၇၄၉ | ၃၂၅၆၂ | ၄၁၉၂ | ၅ |

၆။ ရွှေတောင်မြို့နယ်၊ ရပ်/ကျေး မဲလက်မှတ်အရေအတွက် ၁၁၇၄၀၀ အနက် ၈၁၆၆၈ အား ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၃၅၇၃၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၁၅၄၅ သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်အရ မဲရုံ ၅၄ ရုံတွင် မဲလက်မှတ် ၄၁၉၂ စောင် လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၅ ရုံတွင် တရားမဝင်မဲလက်မှတ် ၅ စောင် အပိုရှိနေကြောင်း တွေ့ရှိရပါသည်။

၇။ ရွှေတောင်မြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၁၉၀၁၅ အနက် ၈၂၂၆၆ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၃၂၅၆၂ အား အသုံးမပြုဘဲကျန်ရှိနေသည့် မဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သရက်တောရပ်ကွက် | ၅ | ၆၅၅၀ | ၄၆၃၈ | ၁၉၁၂ | ၁၇၉၁ | ၁၂၁ | |
| ၂ | ကြာနီကန်ရပ်ကွက် | ၄ | ၅၃၅၀ | ၃၇၉၀ | ၁၅၆၀ | ၁၅၅၈ | ၂ | |
| ၃ | ယွန်းတန်းရပ်ကွက် | ၄ | ၄၂၀၀ | ၂၇၇၆ | ၁၄၂၄ | ၁၁၇၃ | ၂၅၁ | |
| ၄ | ထန်းကုန်းကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၃၄၆၂ | ၁၄၃၈ | ၁၀၂၆ | ၄၁၂ | |
| ၅ | မဲတောကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၆၂ | ၅၃၈ | ၄၈၈ | ၅၀ | |
| ၆ | ဝါးတောကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၀၃ | ၉၄၇ | ၆၉၁ | ၂၅၆ | |
| ၇ | ပေါင်းချုပ်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၈၆ | ၆၆၄ | ၆၆၀ | ၄ | |
| ၈ | ငွေးတောက်မြောင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၇၁၁ | ၂၃၉ | ၂၃၉ | | |
| ၉ | ကွင်းယားကြီးကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၇၂၆ | ၇၇၄ | ၇၆၉ | ၅ | |
| ၁၀ | ကသစ်တိုင်းကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၂၇၅ | ၈၇၅ | ၈၇၅ | | |
| ၁၁ | မီးလောင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၈၃ | ၃၆၇ | ၃၆၉ | | ၂ |
| ၁၂ | ကြို့ကုန်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၆၂ | ၃၃၈ | ၂၈၈ | ၅၀ | |
| ၁၃ | နွားမယံကျေးရွာအုပ်စု | ၅ | ၅၆၅၀ | ၃၉၈၄ | ၁၆၆၆ | ၁၃၆၁ | ၃၀၅ | |
| ၁၄ | မင်းကွန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၂၂ | ၂၇၈ | ၂၇၈ | | |
| ၁၅ | မယားမံကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၀၂ | ၄၄၈ | ၄၄၈ | | |
| ၁၆ | အိုးထိန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၇၈ | ၄၇၂ | ၄၆၈ | ၄ | |
| ၁၇ | ကံသုံးဆင့်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၇၄ | ၃၂၆ | ၃၂၄ | ၂ | |
| ၁၈ | တောဟိုင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၈၈ | ၃၁၂ | ၃၁၂ | | |
| ၁၉ | ကျောက်မြင့်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၈၅ | ၃၁၅ | ၃၁၃ | ၂ | |
| ၂၀ | နွားခြံကုန်းကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၆၈၉ | ၇၁၁ | ၅၆၁ | ၁၅၀ | |
| ၂၁ | ဒုရင်ဒုဘိုကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၆၅ | ၄၈၅ | ၄၂၆ | ၅၉ | |
| ၂၂ | မင်းတဲကျွန်းကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၉၀ | ၃၁၀ | ၃၀၈ | ၂ | |
| ၂၃ | မြောင်းတပ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၆၁ | ၂၃၉ | ၂၃၉ | | |
| ၂၄ | မြို့မကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၇၅ | ၆၂၅ | ၅၇၃ | ၅၂ | |
| ၂၅ | သာဇီကုန်းကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၉၄ | ၃၀၆ | ၂၉၆ | ၁၀ | |
| ၂၆ | ကျီးသဲကျေးရွာအုပ်စု | ၇ | ၆၂၀၀ | ၃၉၄၉ | ၂၂၅၁ | ၁၄၀၃ | ၈၄၈ | |
| ၂၇ | မကျီးပေါက်ကုန်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၈၅၃ | ၈၄၇ | ၂၉၇ | ၅၅၀ | |
| ၂၈ | ကျောင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၈၉ | ၅၁၁ | ၅၁၁ | | |
| ၂၉ | သရက်သုံးပင်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၉၁၅ | ၇၃၅ | ၇၃၄ | ၁ | |
| ၃၀ | ကျောက်ထရံကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၅၅၉ | ၇၉၁ | ၇၉၁ | | |
| ၃၁ | ရွှေဟသာကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၁၇ | ၆၃၃ | ၅၈၅ | ၄၈ | |
| ၃၂ | ရှားတိုင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၈၈ | ၃၁၂ | ၃၁၂ | | |
| ၃၃ | တည်ကုန်းကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၅၁ | ၁၉၉ | ၁၉၉ | | |
| ၃၄ | ကျွန်းကလေးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၃၇ | ၃၆၃ | ၃၆၃ | | |
| ၃၅ | ညောင်စာရေးကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၈၁၁ | ၆၃၉ | ၆၃၉ | | |
| ၃၆ | သရက်တပင်ကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၇၁၆ | ၅၈၄ | ၄၃၄ | ၁၅၀ | |
| ၃၇ | ဆင်သေကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၅၃ | ၄၉၇ | ၃၄၇ | ၁၅၀ | |
| ၃၈ | ဇီးကျွန်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၆၃ | ၅၈၇ | ၅၈၇ | | |
| ၃၉ | ရှားပင်ဇင်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၀၈၂ | ၆၁၈ | ၆၂၁ | | ၃ |
| ၄၀ | တရုတ်မှော်ကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၁၉၄ | ၈၀၆ | ၈၀၆ | | |
| ၄၁ | လမိုင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၆၆ | ၄၃၄ | ၄၃၄ | | |
| ၄၂ | ကွေ့မကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၆ | ၃၀၄ | ၃၀၄ | | |
| ၄၃ | ယင်းမူကုန်းကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၈၇၉ | ၁၁၂၁ | ၁၁၁၆ | ၅ | |
| ၄၄ | မမဲလေးကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၁၉ | ၄၈၁ | ၄၈၁ | | |
| ၄၅ | ရှားပင်ကုန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၅၂ | ၃၄၈ | ၃၄၈ | | |
| ၄၆ | သောင်ပြင်ကုန်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၃၂ | ၃၆၈ | ၃၆၈ | | |
| ၄၇ | ဆိတ်ကြီးကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၁၄၇ | ၈၅၃ | ၈၅၃ | | |

စာမျက်နှာ ၁၉ သို့ ❊

❊ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၈ | ကျွဲတလင်းကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၂၃၄ | ၁၃၆၆ | ၉၁၆ | ၄၅၀ | |
| ၄၉ | တဘူစားကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၄၇၈ | ၅၇၂ | ၅၇၀ | ၂ | |
| ၅၀ | ဇယ်မကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၄၄၀ | ၆၁၀ | ၆၀၉ | ၁ | |
| ၅၁ | ဆည်ကြီးကုန်းကျေးရွာအုပ်စု | ၄ | ၄၁၀၀ | ၂၇၆၇ | ၁၃၃၃ | ၁၀၈၃ | ၂၅၀ | |
| | ရပ်ကွက်/ကျေးရွာချုပ် စုစုပေါင်း | ၁၁၇ | ၁၁၇၄၀၀ | ၈၁၆၆၈ | ၃၅၇၃၂ | ၃၁၅၄၅ | ၄၁၉၂ | ၅ |
| | မြို့နယ်မဲလက်မှတ် | | ၁၆၁၅ | ၅၉၈ | ၁၀၁၇ | ၁၀၁၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၇ | ၁၁၉၀၁၅ | ၈၂၂၆၆ | ၃၆၇၄၉ | ၃၂၅၆၂ | ၄၁၉၂ | ၅ |

**ပေါင်းတည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၄ အုပ်စု၊ မဲရုံပေါင်း ၁၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၂၇၄၆၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၆၀၈၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၁၃၇၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၃၀၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဆန္ဒမဲလိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၂၁၅၀၀ | ၈၅၇၁၇ | ၃၅၇၈၃ | ၃၃၇၁၀ | ၂၂၅၄ | ၁၈၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၇၁ | ၃၇၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၅၉၅ | | ၅၅၉၅ | ၅၅၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၇၄၆၆ | ၈၆၀၈၈ | ၄၁၃၇၈ | ၃၉၃၀၅ | ၂၂၅၄ | ၁၈၁ |

၉။ ပေါင်းတည်မြို့နယ်တွင် ရပ်ကွက် / ကျေးရွာအုပ်စုပေါင်း ၅၆ ခုရှိ မဲရုံပေါင်း ၁၂၆ ရုံတို့၌ ရပ်/ကျေး မဲလက်မှတ်စာရင်းတွင် မဲလက်မှတ်အရေအတွက် ၂၂၅၄ စောင် လျော့နည်းပျောက်ဆုံးနေပြီး အပို ၁၈၁ စောင် တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲအရေအတွက် ၃၇၁ စောင် ထုတ်ယူသုံးစွဲထားပြီး မြို့နယ်လက်ကျန် မဲလက်မှတ် ၅၅၉၅ စောင်ကို အသစ်အတိုင်း အသုံးပြုခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ပေါက်အိုင်ကြီး ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင် ကြိုတင်မဲ မှားယွင်းပေးခြင်းအတွက် ၄ စောင်၊ ပေါက်အိုင်ကြီးကျေးရွာ အုပ်စု မဲရုံအမှတ်(၂)တွင် ကြိုတင်မဲ မှားယွင်းပေးခြင်းအတွက် ၁၂၇ စောင်ကို သုံးစွဲထားပြီး လက်ခံမဲလက်မှတ် ဖြတ်ပိုင်းများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ အပ်နှံထားပါသည်။ ရွေးကောက်ပွဲပြီးနောက်ပိုင်း တွင် နွယ်ချို ၁ ရပ်ကွက်မှ မဲလက်မှတ်(သုံးစွဲပြီး) ၂၅၁ စောင်၊ မဲလက်မှတ်လက်ကျန် အကောင်း ၄၉ စောင်၊ ကုက္ကိုပင်ကျေးရွာအုပ်စုမှ မဲလက်မှတ်(သုံးစွဲပြီး) ၁၀၈ စောင်၊ မဲလက်မှတ်လက်ကျန် အကောင်း ၄၂ စောင် တို့ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်အပ်နှံထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ ပေါင်းတည်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘွဲ့ပင်ကန်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၃၃၄ | ၃၆၆ | ၃၆၆ | | |
| ၂ | ပျဉ်းပင်ကန် ရပ်ကွက် | ၂ | ၁၉၅၀ | ၁၄၈၃ | ၄၆၇ | ၄၆၇ | | |
| ၃ | အုတ်ဖိုု(၁)အရှေ့ရပ်ကွက် | ၂ | ၂၃၀၀ | ၁၆၀၅ | ၆၉၅ | ၆၉၅ | | |
| ၄ | အုတ်ဖို(၂)အနောက်ရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၀၅ | ၄၉၅ | ၄၉၅ | | |
| ၅ | ဈေး(၁)ရပ်ကွက် | ၁ | ၁၃၅၀ | ၁၀၀၀ | ၃၅၀ | ၃၅၀ | | |
| ၆ | ဈေး(၂)ရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၁၀ | ၄၄၀ | ၄၄၀ | | |
| ၇ | မင်းကွက်(၁) ရပ်ကွက် | ၂ | ၁၉၅၀ | ၁၃၃၆ | ၆၁၄ | ၆၃၉ | | ၂၅ |
| ၈ | မင်းကွက်(၂) ရပ်ကွက် | ၁ | ၁၇၅၀ | ၁၂၇၄ | ၄၇၆ | ၄၇၆ | | |
| ၉ | မင်းကွက်(၃) ရပ်ကွက် | ၃ | ၃၉၀၀ | ၂၄၉၁ | ၁၄၀၉ | ၁၁၀၉ | ၃၀၀ | |
| ၁၀ | နွယ်ချို(၁) ရပ်ကွက် | ၂ | ၂၃၅၀ | ၁၇၄၉ | ၆၀၁ | ၆၀၁ | | |
| ၁၁ | နွယ်ချို(၂) ရပ်ကွက် | ၁ | ၁၆၅၀ | ၃၇၈ | ၁၂၇၂ | ၃၂၂ | ၉၅၀ | |
| ၁၂ | ဟသ်ာကန်ရပ်ကွက် | ၁ | ၁၂၅၀ | ၉၇၃ | ၂၇၇ | ၂၇၇ | | |
| ၁၃ | သစ်ပုတ်ကျေးရွာအုပ်စု | ၄ | ၄၅၀၀ | ၂၉၇၃ | ၁၅၂၇ | ၁၃၇၇ | ၁၅၀ | |
| ၁၄ | ပြန်ချီတက်ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၈၈၄ | ၄၆၆ | ၄၆၆ | | |
| ၁၅ | ညောင်နီပင်ကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၅၈၄ | ၇၆၆ | ၇၆၆ | | |
| ၁၆ | ကိုင်းကွင်း ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၂၉ | ၂၂၁ | ၂၂၁ | | |
| ၁၇ | ကျောက်တံခါးကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၁၃၇၇ | ၁၆၇၃ | ၁၆၇၃ | | |
| ၁၈ | သိမ်ကုန်း ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၀၅၃ | ၈၄၇ | ၈၄၇ | | |
| ၁၉ | ကြာနီကန် ကျေးရွာအုပ်စု | ၄ | ၃၉၀၀ | ၂၅၄၈ | ၁၃၅၂ | ၁၃၅၂ | | |
| ၂၀ | မကြီးစမ်း ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၈၁၂ | ၅၃၈ | ၅၃၈ | | |
| ၂၁ | ဇီးပင်လှ ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၀၂၅ | ၇၂၅ | ၈၂၅ | | ၁၀၀ |
| ၂၂ | အင္ဂရာပြည့် ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၃၇၁ | ၁၀၂၉ | ၁၀၂၉ | | |
| ၂၃ | ပေါက်တော ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၄၄၂ | ၇၅၈ | ၇၅၈ | | |
| ၂၄ | သဲမဲကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၂၂ | ၅၂၈ | ၅၂၈ | | |
| ၂၅ | နွားခြံကုန်း ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၀၅၉ | ၈၄၁ | ၈၄၁ | | |
| ၂၆ | မြောက်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၀၅၄ | ၅၄၆ | ၅၄၆ | | |
| ၂၇ | မှတ်တိုင် ကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၇၆၅ | ၉၈၅ | ၇၈၇ | ၁၉၈ | |
| ၂၈ | ရွာသစ်ကြီး ကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၃၂၄ | ၉၂၆ | ၇၃၄ | ၁၉၂ | |
| ၂၉ | ကန်ငယ် ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၃၁ | ၁၆၉ | ၁၆၉ | | |
| ၃၀ | တောင်ဘို့လှ ကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၃၂၇ | ၄၇၃ | ၄၇၃ | | |
| ၃၁ | ဖျက်ကြီးကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၅၄ | ၂၄၆ | ၂၅၁ | | ၅ |
| ၃၂ | ကြူတောကန် ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၇၂၀ | ၃၈၀ | ၃၈၀ | | |
| ၃၃ | ပေါက်အိုင်ကြီး ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၄၄ | ၂၀၆ | ၂၀၈ | | ၂ |
| ၃၄ | ထန်းသုံးခွကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၁၀၃၇ | ၂၆၃ | ၂၆၃ | | |
| ၃၅ | ကိုယ်ဝန်ဆောင်ကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၃၀၄ | ၈၄၆ | ၈၃၆ | ၁၀ | |
| ၃၆ | ကြီးကြီးကြ ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၁၂ | ၆၃၈ | ၆၇၈ | | ၄၀ |
| ၃၇ | ကြို့ကုန်း ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၄၁ | ၂၀၉ | ၂၀၉ | | |
| ၃၈ | ညောင်ကပ်ပင်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၄၃ | ၄၀၇ | ၂၅၇ | ၁၅၀ | |
| ၃၉ | ကုက္ကိုပင် ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၆၃ | ၂၃၇ | ၂၃၇ | | |
| ၄၀ | ညောင်ဖြူ ကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၆၂၀ | ၄၈၀ | ၄၀၇ | ၇၃ | |
| ၄၁ | ပျဉ်ပုံကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၂၇၇၄ | ၁၁၇၆ | ၁၀၇၅ | ၁၀၁ | |
| ၄၂ | ကြို့ပင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၄၇၁ | ၄၂၉ | ၄၂၉ | | |
| ၄၃ | သဖန်းပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၃၆ | ၂၆၄ | ၂၆၄ | | |
| ၄၄ | မကြီးပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၀၅ | ၄၉၅ | ၄၉၅ | | |
| ၄၅ | ဘိုးသာအောင်ကုန်း ကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၈၄၇ | ၅၀၃ | ၅၀၃ | | |
| ၄၆ | ကျောင်းတော်ရာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၉၄ | ၂၀၆ | ၂၀၆ | | |
| ၄၇ | သပြေကြီးစု ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၇၂ | ၅၇၈ | ၅၇၈ | | |
| ၄၈ | ဘုရားငါးဆူ ကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၃၀၁၇ | ၉၈၃ | ၉၀၃ | ၈၀ | |
| ၄၉ | ခေမံကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၈၀၈ | ၅၄၂ | ၅၄၂ | | |
| ၅၀ | ဆင်လူးကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၇၇ | ၄၂၃ | ၄၃၂ | | ၉ |
| ၅၁ | ရွာပုလဲကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၁၁ | ၄၈၉ | ၄၈၉ | | |
| ၅၂ | ကြို့ပင်သာကျေးရွာအုပ်စု | ၄ | ၄၈၀၀ | ၃၇၅၃ | ၁၀၄၇ | ၁၀၄၇ | | |
| ၅၃ | မဲခေါင်းကျေးရွာအုပ်စု | ၃ | ၄၁၀၀ | ၂၉၅၄ | ၁၁၄၆ | ၁၁၄၆ | | |
| ၅၄ | ထန်းတပင်ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၈၇၃ | ၈၇၇ | ၈၂၇ | ၅၀ | |
| ၅၅ | မကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၁၄၀ | ၃၆၀ | ၃၆၀ | | |
| ၅၆ | ကြို့ကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၇၂၉ | ၅၂၁ | ၅၂၁ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၂၆ | ၁၂၁၅၀၀ | ၈၅၇၁၇ | ၃၅၇၈၃ | ၃၃၇၁၀ | ၂၂၅၄ | ၁၈၁ |
| | မြို့နယ်ကြိုတင်မဲ | | ၃၇၁ | ၃၇၁ | | | | |
| | မြို့နယ်လက်ကျန် | | ၅၅၉၅ | | ၅၅၉၅ | ၅၅၉၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၆ | ၁၂၇၄၆၆ | ၈၆၀၈၈ | ၄၁၃၇၈ | ၃၉၃၀၅ | ၂၂၅၄ | ၁၈၁ |

**ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၁။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၂၁၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၇၂၂၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၀၆၂၂ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၆၆၀၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၃၇၄၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်လိုအပ်ချက် စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၁၆၁၀၀ | ၈၀၂၀၅ | ၃၅၈၉၅ | ၃၂၉၃၁ | ၃၀၁၅ | ၅၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၂၉ | ၄၁၇ | ၇၁၂ | ၈၁၂ | | ၁၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၇၂၂၉ | ၈၀၆၂၂ | ၃၆၆၀၇ | ၃၃၇၄၃ | ၃၀၁၅ | ၁၅၁ |

၁၂။ ပေါက်ခေါင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုရှိ မဲရုံ ၂၁၂ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၃၀၁၅ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၅၁ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်မဲစာရင်းတွင် ထုတ်ပေးသည့် မဲလက်မှတ်အရေအတွက်မှာ ၁၁၂၉ ဖြစ်ပြီး သုံးစွဲသည့် မဲလက်မှတ်မှာ ၄၁၇ ဖြစ်သဖြင့် လက်ကျန် ၇၁၂ စောင် ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၈၁၂ စောင်တွေ့ရှိရသဖြင့် မဲလက်မှတ် အကောင်း ၁၀၀ အပိုတွေ့ရှိရပါသည်။ ငါးခူအိုင်ကျေးရွာအုပ်စုမှ မဲလက်မှတ်အကောင်း အစောင် ၁၀၀၊ ထန်းတပင် ကျေးရွာအုပ်စုမှ မဲလက်မှတ်အကောင်း အစောင် ၅၀၊ ကျေးရွာမမှတ်မိမှ မဲလက်မှတ်အကောင်း အစောင် ၁၀၀ တို့အား ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လာရောက် အပ်နှံခဲ့ကြောင်း တွေ့ရှိရသည်။ ပေါက်ခေါင်းမြို့နယ်တွင် ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက် စစ်ဆေးနေစဉ် ဘန့်ဘွေးတောင်ကျေးရွာအုပ်စုမှ မဲလက်မှတ်(အသုံးပြုပြီး) ၁၀၃ စောင်၊ အကောင်း အစောင် ၉၀၊ အပျက် ၇ စောင်တို့ကို ၁၈- ၃- ၂၀၁၂ ရက်နေ့တွင် လာရောက်အပ်နှံခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

စာမျက်နှာ ၂၀ သို့ ❊

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❊ စာမျက်နှာ ၁၉ မှ

၁၃။ ပေါက်ခေါင်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁) ရပ်ကွက် | ၂ | ၃၆၅၀ | ၂၅၂၀ | ၁၁၃၀ | ၁၁၁၆ | ၁၄ | |
| ၂ | အမှတ်(၂) ရပ်ကွက် | ၁ | ၁၆၀၀ | ၁၁၈၅ | ၄၁၅ | ၄၁၅ | | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၃ | ၂၇၅၀ | ၁၉၅၆ | ၇၉၄ | ၇၉၄ | | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၂ | ၂၃၀၀ | ၁၅၅၅ | ၇၄၅ | ၆၉၅ | ၅၀ | |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၄၅၀ | ၁၆၈၇ | ၇၆၃ | ၇၆၃ | | |
| ၆ | ရပ်သစ်ကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၂၁၁၁ | ၈၈၉ | ၈၈၉ | | |
| ၇ | ဝက်တိုးအုပ်စု | ၁ | ၁၃၀၀ | ၁၀၅၇ | ၂၄၃ | ၂၄၃ | | |
| ၈ | သဖန်းချိကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၇၃၃ | ၇၁၇ | ၅၆၇ | ၁၅၀ | |
| ၉ | ဘန့်ပြင်ကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၂၂၇၂ | ၉၂၈ | ၉၂၄ | ၄ | |
| ၁၀ | ပေါင်းစပါးကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၄၅၃ | ၆၉၇ | ၆၅၉ | ၃၈ | |
| ၁၁ | ရွာထောင်ကျေးရွာအုပ်စု | ၄ | ၁၃၀၀ | ၉၀၉ | ၃၉၁ | ၃၉၀ | ၁ | |
| ၁၂ | ကျွဲပေါင်ပင်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၆၄ | ၁၈၆ | ၁၈၆ | | |
| ၁၃ | ညောင်ပင်သာကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၉၂ | ၃၀၈ | ၃၀၇ | ၁ | |
| ၁၄ | ချောင်းဇောက်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၅၉ | ၁၉၁ | ၁၉၁ | | |
| ၁၅ | မြောက်လက်ကြီးကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၇၆ | ၄၇၄ | ၄၇၄ | | |
| ၁၆ | ဓမ္မသော်ကျေးရွာအုပ်စု | ၆ | ၃၉၅၀ | ၂၉၁၄ | ၁၀၃၆ | ၉၀၃ | ၁၃၃ | |
| ၁၇ | ထုံးတောင်ကျေးရွာအုပ်စု | ၄ | ၁၃၅၀ | ၉၁၆ | ၄၃၄ | ၃၆၃ | ၇၁ | |
| ၁၈ | ဝိတောက်ကုန်းကျေးရွာအုပ်စု | ၇ | ၂၉၀၀ | ၁၉၄၉ | ၉၅၁ | ၆၇၂ | ၂၇၉ | |
| ၁၉ | ဝါးရုံးပင်လယ်ကျေးရွာအုပ်စု | ၄ | ၁၆၅၀ | ၁၂၀၅ | ၄၄၅ | ၄၄၅ | | |
| ၂၀ | အရှေ့ကြို့ကုန်းကျေးရွာအုပ်စု | ၆ | ၂၃၅၀ | ၁၄၈၇ | ၈၆၃ | ၇၆၃ | ၁၀၀ | |
| ၂၁ | ထန်းတပင်ကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၈၁၃ | ၇၃၇ | ၆၃၃ | ၁၀၄ | |
| ၂၂ | ညောင်ကုန်းကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၇၁၇ | ၉၈၃ | ၈၉၉ | ၈၄ | |
| ၂၃ | လှည်းကူးကျေးရွာအုပ်စု | ၈ | ၃၉၅၀ | ၂၅၁၅ | ၁၄၃၅ | ၁၁၆၁ | ၂၇၄ | |
| ၂၄ | တောင်လက်ကြီးကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၈၉ | ၄၆၁ | ၄၆၁ | | |
| ၂၅ | တောင်လည် ကျေးရွာအုပ်စု | ၁၀ | ၅၁၀၀ | ၃၇၆၆ | ၁၃၃၄ | ၁၂၃၄ | ၁၀၀ | |
| ၂၆ | ညောင်ဝန်းကျေးရွာအုပ်စု | ၆ | ၃၃၅၀ | ၂၁၆၂ | ၁၁၈၈ | ၁၀၇၈ | ၁၁၀ | |
| ၂၇ | မြို့တောင်ကျေးရွာအုပ်စု | ၄ | ၁၈၀၀ | ၁၂၀၄ | ၅၉၆ | ၅၀၁ | ၉၅ | |
| ၂၈ | အရှေ့မကွေကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၁၉ | ၃၈၁ | ၃၆၆ | ၁၅ | |
| ၂၉ | တောင်ရွှေလောင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၂၅၄ | ၆၉၆ | ၅၉၆ | ၁၀၀ | |
| ၃၀ | အရာတော်ကျေးရွာအုပ်စု | ၄ | ၁၈၀၀ | ၁၂၈၁ | ၅၁၉ | ၄၆၉ | ၅၀ | |
| ၃၁ | ချောင်းဖြောင့်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၆၄ | ၃၃၆ | ၂၃၆ | ၁၀၀ | |
| ၃၂ | ချောင်းကောင်းကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၃၁ | ၄၆၉ | ၄၆၉ | | |
| ၃၃ | သပြေတောင်ကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၆၃၇ | ၄၁၃ | ၃၁၃ | ၁၀၀ | |
| ၃၄ | ကင်မွန်းခြံကျေးရွာအုပ်စု | ၆ | ၂၉၅၀ | ၂၁၅၁ | ၇၉၉ | ၇၉၉ | | |
| ၃၅ | သစ်ရောင်းပြန်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၀၈ | ၃၄၂ | ၃၃၆ | ၆ | |
| ၃၆ | ကြို့ပင်ဝိုင်းကျေးရွာအုပ်စု | ၅ | ၂၈၀၀ | ၂၀၃၈ | ၇၆၂ | ၇၁၃ | ၄၉ | |
| ၃၇ | သဖန်းကိုင်းကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၅၈၂ | ၈၆၈ | ၈၆၈ | | |
| ၃၈ | ငါးခူအိုင်ကျေးရွာအုပ်စု | ၇ | ၃၀၅၀ | ၁၉၈၈ | ၁၀၆၂ | ၉၁၂ | ၁၅၀ | |
| ၃၉ | ရွာရှည်ကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၉၂၁ | ၃၇၉ | ၃၇၉ | | |
| ၄၀ | အင်ငါးခူကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၉၈၄ | ၉၁၆ | ၇၅၂ | ၁၆၄ | |
| ၄၁ | အနောက်ကြို့ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၆၂ | ၄၃၈ | ၄၃၈ | | |
| ၄၂ | ဇောမိကုန်း ကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၁၀၉၃ | ၅၀၇ | ၄၀၇ | ၁၀၀ | |
| ၄၃ | မစိုးရိမ်ကျေးရွာအုပ်စု | ၄ | ၂၀၀၀ | ၁၅၄၀ | ၄၆၀ | ၄၆၀ | | |
| ၄၄ | ဝွေးပင်ခုံအုပ်စု | ၁ | ၃၅၀ | ၂၅၇ | ၉၃ | ၉၃ | | |
| ၄၅ | ဘန့်ဘွေးတောင်ကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၁၃၉ | ၆၆၁ | ၄၃၂ | ၂၂၉ | |
| ၄၆ | ကျွဲကလေးစမ်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၀၁၀ | ၈၄၀ | ၇၀၉ | ၁၃၁ | |
| ၄၇ | မြောက်ရွှေလောင်းကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၇၈ | ၂၇၂ | ၂၇၂ | | |
| ၄၈ | လေသာတောင်ကြီးကျေးရွာအုပ်စု | ၅ | ၁၇၀၀ | ၁၁၁၂ | ၅၈၈ | ၅၈၄ | ၄ | |
| ၄၉ | သစ်ပုတ်ကျေးရွာအုပ်စု | ၄ | ၁၃၅၀ | ၉၃၇ | ၄၁၃ | ၄၆၃ | | ၅၀ |
| ၅၀ | ကြျူဝတ်ကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၅၈၀ | ၇၂၀ | ၇၂၀ | | |
| ၅၁ | စမ်းမြိုင်အေး ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၂၁ | ၄၇၉ | ၄၇၇ | ၂ | |
| ၅၂ | မကြီးခုံကျေးရွာအုပ်စု | ၂ | ၈၅၀ | ၄၈၀ | ၃၇၀ | ၃၆၃ | ၇ | |
| ၅၃ | နွားမျောကျေးရွာအုပ်စု | ၃ | ၉၅၀ | ၆၃၆ | ၃၁၄ | ၂၁၄ | ၁၀၀ | |
| ၅၄ | ဆင်ခေါင်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၃၃၀ | ၇၂၀ | ၆၇၀ | ၅၀ | |
| ၅၅ | သစ်ဆိမ့်ပင်ကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၄၇၂ | ၆၇၈ | ၆၂၈ | ၅၀ | |
| ၅၆ | ကန်ကျင်းကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၇၁ | ၄၂၉ | ၄၃၀ | | ၁ |
| ၅၇ | ဒီးဒုတ်ကျေးရွာအုပ်စု | ၃ | ၈၀၀ | ၄၆၆ | ၃၃၄ | ၃၃၄ | | |
| ၅၈ | ရွှေတောင်ငွေတောင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၉၇ | ၃၀၃ | ၃၀၃ | | |
| | ရပ်ကွက်/ကျေးရွာချုပ် စုစုပေါင်း | ၂၁၂ | ၁၀၆၁၀၀ | ၈၀၂၀၅ | ၃၅၈၉၅ | ၃၂၉၃၁ | ၃၀၁၅ | ၅၁ |
| | မြို့နယ်မဲလက်မှတ် | | ၁၁၂၉ | ၄၁၇ | ၇၁၂ | ၈၁၂ | | ၁၀၀ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၁၂ | ၁၀၇၂၂၉ | ၈၀၆၂၂ | ၃၆၆၀၇ | ၃၃၇၄၃ | ၃၀၁၅ | ၁၅၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကျောက်စိမ်းဝေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဖြစ် တံမြက်စည်းများ ထုတ်လုပ်



နေပြည်တော် မတ် ၃၀

နေပြည်တော် ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိတ်(နောက်)ကျေးရွာရှိ ကျောက်စိမ်းဝေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားများသည် မိရိုးဖလာလက်မှုလုပ်ငန်းဖြစ်သည့် မြက်တံမြက်စည်း၊ အုန်းလက်တံမြက်စည်း ထုတ်လုပ်သည့်လုပ်ငန်းကို ကုန်ကြမ်းပစ္စည်းများ ကိုယ်တိုင်ဝယ်ယူလုပ်ကိုင်သည့်စနစ်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အသင်းသားတစ်ဦးသည် တစ်ရက်လျှင် ပျမ်းမျှ တံမြက်စည်း ၂၅ ချောင်း ထုတ်လုပ်နိုင်ပြီး အခြားကျေးရွာသူ ကျေးရွာသားအချို့ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။ အသင်းမှ ထုတ်လုပ်ရရှိသည့် တံမြက်စည်းများကို ဒေသတွင်းဈေးကွက်အနေဖြင့် လက်လီဝယ်ယူသုံးစွဲသူများကို ရောင်းချပေးလျက်ရှိပြီး ဒေသပြင်ပဈေးကွက်အတွက် မြင်းခြံ၊ မိတ္ထီလာ၊ တောင်တွင်းကြီး၊ တောင်ကြီးနှင့် ကလောမြို့ စသည့် မြို့ကြီးများရှိ ဈေးများ၊ ဈေးဆိုင်များသို့ အမှာစာစနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချစ်ခြင်း၊ မုန်းခြင်းကင်းသော
# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၂)

မောင်ချစ်အေး

**ကော်မရှင်၏ မဟာဗျူဟာရည်မှန်းချက်**

အစိုးရဌာန၊ အဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော "ပြည်သူ့ဘဏ္ဍာရန်ပုံငွေများဆုံးရှုံးမှု" တို့ကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရန်။

အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption) ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန်။

ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း (Worldwide Governance Indicators) တွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်းညွှန်းကိန်းကို သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန်တို့ ဖြစ်ပါသည်။

**လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိပုံ**

ကော်မရှင်၏ ရည်ရွယ်ချက်၊ မျှော်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည် -

(က) မူဝါဒရေးရာလုပ်ငန်းကော်မတီ

(ခ) နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

(ဂ) ဥပဒေရေးရာလုပ်ငန်းကော်မတီ

(ဃ) တိုင်ကြားစာစိစစ်သုံးသပ်ရေး လုပ်ငန်းကော်မတီ

(င) ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ

(စ) ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီတို့ ဖြစ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေး**
**မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းဧရိယာများ**

အောက်ပါလုပ်ငန်းဧရိယာ ငါးခုဖြင့် ပိုင်းခြားဆောင်ရွက်လျက်ရှိပါသည် -

(က) အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေသည့်အခြေခံကောင်းများကို တည်ဆောက်ခြင်း၊

(ခ) ကိုယ်ကျင့်သိက္ခာနှင့် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

(ဂ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများအား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်ဘဏ္ဍာရန်ပုံငွေပစ္စည်းများနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(င) အဂတိလိုက်စားမှု ကင်းရှင်းသော စီးပွားရေးနယ်ပယ်ဖြစ်ပေါ်စေခြင်း စသည်တို့ဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းဧရိယာ ငါးခုခွဲ၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

**ကော်မရှင်၏ ၂၀၂၃ ခုနှစ် ဦးစားပေးလုပ်ငန်းများ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အား ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အသစ်ဖွဲ့စည်းခဲ့ပြီးနောက် ကော်မရှင်၏ ဦးစားပေးလုပ်ငန်းများအဖြစ် အောက်ပါအတိုင်း ချမှတ်ထားရှိပါသည် -

- ပေါ်လစီမူဘောင် ခိုင်မာဖွံ့ဖြိုးတိုးတက်ရေး၊
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊
- တစ်နိုင်ငံလုံး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေး၊
- ကော်မရှင်စွမ်းဆောင်ရည်မြှင့်တင်ရေး၊
- နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊
- ပြည်သူသို့ အခြေအနေမှန်များ အစီရင်ခံတင်ပြရေးတို့ ဖြစ်ပါသည်။

**ပြည်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်**
**ထိတွေ့ဆောင်ရွက်ခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံး၏ မူလဖွဲ့စည်းပုံအား ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုချက်အရ အရာထမ်း၊ အမှုထမ်းများကို တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ အဂတိလိုက်စားမှုများအား အချိန်နှင့်တစ်ပြေးညီ ထိရောက်မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်တိုးချဲ့ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။

**ကော်မရှင်ကျင့်ဝတ်များ**

ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လက်တွေ့လိုက်နာကျင့်သုံးနိုင်ရန်အတွက် အခြေခံမူ (၆) ချက်ပါဝင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကျင့်ဝတ်အား ၂၀၁၈ ခုနှစ် မေလကပင် ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည် -

- ဖြောင့်မတ်တည်ကြည်မှု (Integrity)
- လွတ်လပ်စွာရပ်တည်နိုင်မှု (Independence)
- တာဝန်ယူမှု (Accountability)
- ပွင့်လင်းမြင်သာမှု(Transparency)
- မျှတမှု (Fairness)
- အားလုံးပါဝင်နိုင်မှု (Inclusiveness)

**စစ်တမ်းကောက်ယူမှုမှတွေ့ရှိချက်များ**

၂၀၁၈ ခုနှစ်တွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ အဂတိလိုက်စားမှု အခြေအနေများကို ဘက်လိုက်ခြင်းကင်း၍ ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် တတိယအဖွဲ့အစည်းတစ်ခုဖြစ်သော တရားမျှတမှုလက်လှမ်းမီနိုင်ရေးအဖွဲ့အား လုပ်ငန်းအပ်နှံ စစ်တမ်းကောက်ယူ တွေ့ရှိချက်များအရ ပြည်သူများသည် အဂတိလိုက်စားမှုအပေါ် တိတိကျကျ နားလည်သဘောပေါက်ခြင်း မရှိသော်လည်း အဂတိလိုက်စားမှုကို မလိုလားကြောင်း၊ အစိုးရဌာနများထံမှ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများအတွက် အချိန်မီရရှိပါက လာဘ်ပေးရန် ဆန္ဒရှိကြသော်လည်း အဂတိလိုက်စားမှုကို ပြည်သူလူထုအင်အားဖြင့်တိုက်ဖျက်နိုင်သည်ဟု အပြည့်အဝယုံကြည်သူများစွာရှိခြင်းကြောင့် ကော်မရှင်အတွက် ကြီးမားသော အထောက်အပံ့ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အဂတိလိုက်စားမှုကို ထိရောက်စွာအရေးယူခြင်း၊ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အဂတိလိုက်စားမှုတိုင်ကြားရန် လွယ်ကူချောမွေ့စေခြင်း၊ အသိပညာပေး အစီအစဉ်များဖြင့် ထိန်းကျောင်းပြီး အဂတိလိုက်စားမှု မရှိသူများကိုလည်း ချီးမြှင့်ဂုဏ်ပြုခြင်း၊ အဆိုပါစိတ်ဓာတ်ကို ဂုဏ်ယူလေးစားသည့် ပတ်ဝန်းကျင်တစ်ရပ်ဖြစ်အောင် ဖန်တီးခြင်းတို့ဖြင့် အဂတိလိုက်စားမှုများ လျှော့ကျနိုင်ကြောင်း၊ ထိုက်သင့်သောလစာ ခံစားခွင့်တိုးမြှင့်ရေးသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အထောက်အပံ့ဖြစ်စေကြောင်းတို့ကို တွေ့ရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း နယ်ပယ်အသီးသီး၌ ဖြစ်ပေါ်နေသည့် အဂတိလိုက်စားမှုများနှင့် ကော်မရှင်၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များအပေါ် ပြည်သူလူထု၏ သဘောထားအမြင်များကို သိရှိရန် United States Agency for International Development - USAID ၏ မြန်မာနိုင်ငံတရားဥပဒေစိုးမိုးမှု မြှင့်တင်ရေးအစီအစဉ် (PRLM) မှ ကောက်ယူခဲ့သော စစ်တမ်းအရ မြို့ပြဒေသနှင့် ကျေးလက်ဒေသများတွင် ဤကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် အပြုသဘောဆောင်သော ထင်မြင်ယူဆမှုများ တိုးတက်လာသော်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်သင့်သည့် နယ်ပယ်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် အထူးအားနည်းလျက်ရှိသေးကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်မှုများတွင် အဂတိလိုက်စားမှုအပေါ် စစ်တမ်းကောက်ယူခဲ့ရာ စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ထုံးလုပ်နည်းများ မြန်ဆန်ချောမွေ့စေရန်နှင့် လုပ်ငန်းစဉ် အပြီးသတ်နိုင်စေရန်အတွက် အစိုးရဝန်ထမ်းများဘက်မှ မတောင်းဆိုသော်လည်း လာဘ်ပေးခဲ့မှုများရှိကြောင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ဆုံးဖြတ်ချက်များကို ချမှတ်ရာ၌ အတားအဆီးဖြစ်နေသည့် အကြောင်းအရာများမှာ ငွေဈေးမတည်ငြိမ်မှု၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ဥပဒေစည်းမျဉ်းများ မကြာခဏပြောင်းလဲခြင်းတို့ဖြစ်ကြောင်း၊ သတင်းပို့တိုင်ကြားခြင်းယန္တရား၏ ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ရိုးရိုးရှင်းရှင်းနှင့် လက်လှမ်းမီရန် လိုအပ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးရေးအတွက် အခြေခံခိုင်မာသည့်လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရှိရသည်။

**[ မှတ်ချက်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် ဆောင်ရွက်ချက်သိကောင်းစရာများ ဆက်လက်တင်ပြသွားပါမည်။ ]**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်ရုံး၏ မူလဖွဲ့စည်းပုံအား ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူ ခွင့်ပြုချက်အရ အရာထမ်း၊ အမှုထမ်းများကို တိုးချဲ့ ဖွဲ့စည်းပေးခဲ့သည်။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့နှင့် မော်လမြိုင်မြို့တို့တွင် ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွဲ့စည်းပေးခဲ့သည်။ အဂတိလိုက်စားမှုများအား အချိန်နှင့်တစ်ပြေးညီ ထိရောက်မှန်ကန်မြန်ဆန်စွာ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်တိုးချဲ့ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်။**

# ဒီမိုကရေစီပုံပြင်ဇာတ်လမ်းများ

**ကိုရေချမ်း**

(ယမန်နေ့မှအဆက်)

မြန်မာနိုင်ငံတွင် အပြောင်းအလဲတစ်ခုခု ပေါ်ပေါက်လာပါက NCGUB ၏ကြိုတင်ပြင်ဆင်ထားသည့် အခြေအနေများကို ၁၉၉၈ ခုနှစ်ကာလက ပြည်ပဆက်ဆံရေး အမေရိကန်အစိုးရပိုင်းဆိုင်ရာ ကွန်ဂရက်ဆီးနိတ်တို့မှ အမတ်များ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်များက ပြည်ပြေး ဒေါက်တာစိန်ဝင်းကို မေးမြန်းကြသည့်အခါ "မြန်မာပြည်မှ ပါတီခေါင်းဆောင်၏ ညွှန်ကြားချက်အတိုင်း လုပ်နေကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။ ဤအဖြေမှာ တစ်ယောက်မဟုတ်၊ နှစ်ယောက်မဟုတ် ဒေါက်တာစိန်ဝင်းတို့ကို အလှူရှင်များက တွေ့တိုင်း မေးသည့်မေးခွန်း၏ အဖြေ ဖြစ်သည်။

**လောလောဆယ် ပူပူနွေးနွေးပုံပြင်ဇာတ်လမ်းမှာ အဓိကဇာတ်ဆောင်မပါဘဲ ဇာတ်ပို့များနှင့်ခင်းသော ဇာတ်လမ်း ဖြစ်သည်။ ဇာတ်လမ်းအစမှာ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းမမှန်ကန်မှု၊ မဲမသမာမှုများဖြင့် စခဲ့သည်။ မဲမသမာမှုများကို ဖြေရှင်းပေးရန် အဓိကတာဝန်ရှိသည့် UEC ကိုလည်းကောင်း၊ သမ္မတကိုလည်းကောင်း ဖြေရှင်းပေးရန်တင်ပြခဲ့သော်လည်း လက်မခံပယ်ချခဲ့သည်။ ဥပဒေဘောင်အတွင်းမှ ပြန်လည်စစ်ဆေးပေးရန် အကြိမ်ကြိမ်တောင်းဆိုတင်ပြခဲ့သော်လည်း လုံးဝလျစ်လျူရှုခဲ့သည်။ ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လွှတ်တော်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုသော်လည်း လက်မခံပယ်ချခဲ့သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ခေါ်ပေးရန်ကိုလည်း ပြုလုပ်ပေးခြင်းမရှိပေ။ အာဏာရှင်က တောင်းဆိုမှုမှန်သမျှ အာဏာနှင့်ပယ်ချခဲ့သည်။ နောက်ဆုံးတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကို အရေးပေါ်အခြေအနေအရ မလွှဲမရှောင်သာ တာဝန်ယူလိုက်ရ။**

ဆိုချင်သည်မှာ ပြည်ပြေး ဒေါက်တာစိန်ဝင်းအပါအဝင် ပြည်ပြေးများ၊ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းမှ လက်ကျန်လက်နက်ကိုင်အဖွဲ့များ၊ CRDB ပြည်ပြေးလက်ကျန်များ၊ ကျောင်းသား ABSDF အဖွဲ့များ၊ ကျောင်းသားအမည်ခံ DBSO အဖွဲ့စသည်တို့၏ မြန်မာနိုင်ငံအပေါ် ဆန့်ကျင်သော အဖျက်အမှောင့်လုပ်ရပ်များ ဖြစ်သည်။

### ပြည်တွင်း အုံကြွမှုဖြစ်စေရန် သဲကြီးမဲကြီး ဆောင်ရွက်

အထူးသဖြင့် ၁၉၉၈ ခုနှစ်အတွင်း ပြည်တွင်း အုံကြွမှုဖြစ်စေရန် သဲကြီးမဲကြီး ဆောင်ရွက်ခဲ့မှုများ။ ထိုဆောင်ရွက်ချက်များကို ပံ့ပိုးဖြည့်ဆည်းလမ်းညွှန်မှုများ၏ ပြည်ပဗဟိုချက်မသည် အမေရိကန်တွင် အခြေစိုက်သည့် NED အဖွဲ့ပင် ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းမှ ဗဟိုချက်မသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို ပေါင်းစပ်ပါလျှင် သမိုင်းတွင် မည်သူတို့သည် အမျိုးသားသစ္စာဖောက်များဖြစ်၍ မည်သူတို့သည် မျိုးချစ်နိုင်ငံသားများ ဖြစ်သည်ကို ထင်ရှားပေါ်လွင်စွာ တွေ့ရမည် ဖြစ်သည်။ မြန်မာနိုင်ငံအား နိုင်ငံကြီးအလိုကျ ဩဇာခံပုဂ္ဂိုလ် ခေါင်းဆောင်မှုရရှိရေးအတွက် ပြည်သူ့လွှတ်တော်ခေါ်ယူရေးဟူသော နိုင်ငံတော်လုပ်ကြံမှု၏ ဇာတ်လမ်းပုံရိပ်သည် ဝိုးဝိုးဝါးဝါး ပေါ်ထွက်လာပါသည်။ သို့သော် မြန်မာနိုင်ငံ၏ နိုင်ငံရေးပုံပြင်ဇာတ်လမ်းတွင် အဓိကဇာတ်ဆောင်တို့၏ သရုပ်ဆောင်မှုကို ချန်လှပ်၍မရသလို အဓိကဇာတ်ရံတို့ကိုလည်း ဆက်လက်ရှင်းလင်းတင်ပြရန် လိုပါသည်။

၁၉၉၈ ခုနှစ်တွင် ပြည်ပ၌ အပြင်းအထန်လှုပ်ရှားခဲ့ပြီး ပြည်တွင်း၌လည်း အပြင်းအထန်လှုပ်ရှားခဲ့ကြသည်။ ၁၉၉၈ ခုနှစ် ဧပြီလမှစတင်၍ ပါတီခေါင်းဆောင်၏ ခြေလှမ်းများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လှုပ်ရှားမှုအားလုံးသည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟူသော တရားမဝင်အဖွဲ့အစည်း ဖွဲ့စည်းလာသည်အထိ ဥပဒေကို ချိုးဖောက်ကျူးလွန်လာခဲ့သည်။ တရားဥပဒေချိုးဖောက်မှုကို ဝန်းရံပံ့ပိုးပြီး တည်ဆောက်လာခဲ့သော လှုံ့ဆော်ဖန်တီးမှုများကို ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်များ၊ ဇကပလက်ကျန်အနွယ်များနှင့် ပြည်ပရှိ ပြည်ပြေး ဒေါက်တာစိန်ဝင်းအုပ်စုအပါအဝင် အရှေ့တောင်နယ်စပ်မှ လက်နက်ကိုင်အဖွဲ့များ၊ ပြည်ပြေးများ၊ CRDB အနွယ်များက အားဖြည့်ကြိုးပမ်း၍မြန်မာပြည် ဖျက်စီးမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။

### ဇာတ်ဆောင်မှာ တစ်ယောက်တည်းဖြစ်

၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) ၏ လပတ်အစည်းအဝေးကို ရန်ကုန်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ပါတီခေါင်းဆောင်အပါအဝင် အဖွဲ့ဝင် ၁၁ ဦးတက်ရောက်ခဲ့ကြသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ(CRPP) ကို ၁၉၉၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ CRPP မှတစ်ဆင့် တက်လှမ်း၍ တရားမဝင် စင်ပြိုင်အစိုးရ ထူထောင်နိုင်အောင် ဦးတည်လှုပ်ရှားလာခဲ့သည်။ ဆယ်စုနှစ် တစ်ခုကျော်မျှ မြေပေါ်နိုင်ငံရေး လှုပ်ရှားခဲ့သည်။ ဖြစ်စဉ်အားလုံးကို ခြုံကြည့်ပါလျှင် ၁၉၉၀ ပြည့်နှစ် NCGUB၊ CRDB သည်လည်းကောင်း၊ ၁၉၉၈ ခုနှစ် CRPP သည်လည်းကောင်း၊ ၂၀၂၁ ခုနှစ် CRPH သည်လည်းကောင်း တစ်လှေတည်းစီး တစ်ခရီးတည်းသွားခဲ့ကြသည့် အပေါင်းပါများ ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ အဓိကဇာတ်ဆောင်မှာ တစ်ယောက်တည်းဖြစ်ပြီး အဓိကဇာတ်ပို့များမှာ ပြောင်းလဲသွားခဲ့သည်။ တံဆိပ်အမျိုးမျိုးပြောင်းလဲသွားသော်လည်း ရည်ရွယ်ချက်များ၊ ဇာတ်လမ်းများမှာ အတူတူပင် ဖြစ်သည်။

လောလောဆယ် ပူပူနွေးနွေးပုံပြင်ဇာတ်လမ်းမှာ အဓိကဇာတ်ဆောင်မပါဘဲ ဇာတ်ပို့များနှင့်ခင်းသော ဇာတ်လမ်း ဖြစ်သည်။ ဇာတ်လမ်းအစမှာ ၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းမမှန်ကန်မှု၊ မဲမသမာမှုများဖြင့် စခဲ့သည်။ မဲမသမာမှုများကို ဖြေရှင်းပေးရန် အဓိကတာဝန်ရှိသည့် UEC ကိုလည်းကောင်း၊ သမ္မတကိုလည်းကောင်း ဖြေရှင်းပေးရန် တင်ပြခဲ့သော်လည်း လက်မခံပယ်ချခဲ့သည်။ ဥပဒေဘောင်အတွင်းမှ ပြန်လည်စစ်ဆေးပေးရန် အကြိမ်ကြိမ်တောင်းဆိုတင်ပြခဲ့သော်လည်း လုံးဝလျစ်လျူရှုခဲ့သည်။ ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် လွှတ်တော်ကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုသော်လည်း လက်မခံပယ်ချခဲ့သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ပေးရန်ကိုလည်း ပြုလုပ်ပေးခြင်းမရှိပေ။ အာဏာရှင်က တောင်းဆိုမှုမှန်သမျှ အာဏာနှင့်ပယ်ချခဲ့သည်။ နောက်ဆုံးတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်ကို အရေးပေါ်အခြေအနေအရ မလွှဲမရှောင်သာ တာဝန်ယူလိုက်ရသည်။

### သောင်ပြင်တွင် လွှတ်သည့်ပမာ

တပ်မတော်သည် အာဏာသိမ်းခဲ့ခြင်း မဟုတ်ပေ။ အာဏာသိမ်းလျှင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း နိုင်ငံရေးသမားများအားလုံး ထောင်သွင်းအကျဉ်းချနေလောက်ပြီ။ CRPH ဆိုသည့် စိတ်ကူးယဉ်ဇာတ်များကို ဖန်တီးနိုင်မည် မဟုတ်ပေ။ ကန့်ကွက်နေသည့်ကြားမှ ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရသည်ဟုဆိုသော လွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှတ်တော်အသီးသီးသို့ တက်ရောက်ရန် နေပြည်တော်တွင် စုရုံးရောက်ရှိခဲ့ကြသည်။ ထိုနေ့တွင် တပ်မတော်က နိုင်ငံ့တာဝန်ယူလိုက်သောအခါ လွှတ်တော်ကိုယ်စားလှယ်များမှာ သောင်ပြင်တွင် လွှတ်သည့်ပမာ နေပြည်တော်စည်ပင်ဝင်းထဲတွင် အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့ကြသည်။ တပ်မတော်သည် လွှတ်တော်ကိုယ်စားလှယ်များအား မည်သည့် အနှောင့်အယှက်မှမပေးဘဲ ခေတ္တတားဆီးပြီး နေရင်းဒေသသို့ပြန်ကြရန် အသိပေးခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များ အိမ်ပြန်ကြသည်။

စာမျက်နှာ ၂၃ သို့ ○

**CRPH ၏ ပုံပြင်ဇာတ်လမ်းမှာ ရှေးယခင်လုပ်နည်းအတိုင်းပင် ဖြစ်သည်။ အားသာသည့်အချက်မှာ နည်းပညာခေတ်တွင် နေ့စဉ်လေလှိုင်းမှ စိတ်ကူးယဉ်ဇာတ်လမ်းများ ဖန်တီးနိုင်ခြင်း ဖြစ်သည်။ ပထမလုပ်ဆောင်ချက်မှာ အာဏာပြန်ရရေးကို ပြည်တွင်းလုပ်ဆောင်မှု ဖြစ်သည်။ ပြည်သူတို့ကို အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရရှိရေး ခေါင်းစဉ်တပ်၍ ဆန္ဒပြရာမှအစ အကြမ်းဖက်တိုက်ခိုက်ဖို့အထိ အဘက်ဘက်က အားပေးထောက်ပံ့မြှောက်ထိုးပင့်ကော် ပြုလုပ်ပေးခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ဝန်ကြီးများခန့်ကာ စိတ်ကူးယဉ်အမိန့်များ ထုတ်ပြန်ခဲ့သည်။ အစိုးရအုပ်ချုပ်ရေးယန္တရား ရပ်တန့်အောင် ရပ်ကွက်၊ ကျေးရွာအလိုက် ပါတီဝင်များဦးဆောင်၍ ထိပ်တိုက်ရင်ဆိုင်နိုင်အောင် ပြုလုပ်ခဲ့ကြသည်။ မည်သည့်နေရာတွင် ရှိမှန်းမသိသည့် ဝန်ကြီးဌာန သုံးခု တာဝန်ယူသော အရိုးအထူးကုဆရာဝန်က ပြည်သူများနှင့် ဝန်ထမ်းများကို မြှောက်ပင့်သွေးထိုး ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်တွင်း ပြည်ပ အလှူရှင်များထံမှ မြန်မာငွေ၊ ဒေါ်လာသန်းချီရယူပြီး ဝန်ထမ်းများကို CDM ပြုလုပ်စေကာ အကျပ်ရိုက်အောင်ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ပြည်သူအချင်းချင်း ဖိအားပေးအကျပ်ကိုင် သတ်ဖြတ်ခြင်းအထိ ဖြစ်လာခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

---

**တကယ်တမ်းတွင် CRPH သည် တရားမဝင်ဖွဲ့စည်းထားသော စိတ်ကူးယဉ်အစိုးရသာ ဖြစ်သည်။ လွှတ်တော်တက်ကာ အာဏာရလုဆဲအချိန်အခါတွင် အာဏာလက်လွှတ်လိုက်ရသဖြင့် သွေးရူးသွေးတန်းဖြင့် ယခင်လုပ်နည်းအတိုင်း ထလုပ်ကြခြင်းဖြစ်သည်။ ပြည်ပတွင် တိုင်းတစ်ပါးအား ဆရာတင်ပြီး ပြည်ဖျက်စီမံကိန်းဖော်ဆောင်ခြင်း ဖြစ်သည်။ ပြည်တွင်းမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ပြီး ဖက်ဒရယ်ကိစ္စကို အစဖော်ကာ မရေရာသော အဖြေထုတ်ပြီး ဘေးထွက်ဆိုးကျိုးများသည့် စိတ်ခံစားချက်ဖြင့် လုပ်ချင်ရာလုပ်ခြင်း ဖြစ်သည်။ ပြည်တွင်းရှိ ပြည်သူများကြား၊ မိဘနှင့် သားသမီးကြား၊ ဆရာနှင့် တပည့်ကြား၊ ဝန်ထမ်းများအချင်းချင်းကြား၊ စိတ်ဝမ်းကွဲကြ၊ ဖိအားပေးကြ၊ အနိုင်ကျင့်ကြ၊ သတ်ကြဖြတ်ကြဖြစ်အောင် ဖန်တီးပေးသည့် အန္တရာယ်များသော စိတ်ကူးယဉ်ပုံပြင်ဖြစ်။**

○ စာမျက်နှာ ၂၂ မှ

သို့သော် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် စည်ပင်ရိပ်သာ အမှတ်(၂)အတွင်း ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်အချို့သည် အာဏာဖီဆန်ရေးကို စတင်လုပ်ဆောင်ကြသည်။ လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်တို့ ကျမ်းကျိန်ကြသည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အွန်လိုင်းမှတစ်ဆင့် အဝေးရောက် လွှတ်တော်ကိုယ်စားလှယ်များကို စုစည်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ဤသို့ တပ်မတော် နိုင်ငံ့တာဝန်ယူထားချိန်တွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာအတွင်းမှာပင် တရားမဝင်သည့် လွှတ်တော်ပုံစံ ကတိသစ္စာပြု ကျမ်းကျိန်လက်မှတ်ထိုးသည့် ဥပဒေမဲ့လုပ်ရပ်များ လုပ်ခဲ့သော်လည်း အရေးယူဖမ်းဆီးခြင်း မရှိပေ။

### စိတ်ကူးယဉ်အမိန့်များ ထုတ်ပြန်ခဲ့

CRPH ၏ ပုံပြင်ဇာတ်လမ်းမှာ ရှေးယခင်လုပ်နည်းအတိုင်းပင် ဖြစ်သည်။ အားသာသည့်အချက်မှာ နည်းပညာခေတ်တွင် နေ့စဉ်လေလှိုင်းမှ စိတ်ကူးယဉ်ဇာတ်လမ်းများ ဖန်တီးနိုင်ခြင်း ဖြစ်သည်။ ပထမလုပ်ဆောင်ချက်မှာ အာဏာပြန်ရရေးကို ပြည်တွင်းလုပ်ဆောင်မှု ဖြစ်သည်။ ပြည်သူတို့ကို အာဏာရှင်ဆန့်ကျင်ရေး ဒီမိုကရေစီရရှိရေး ခေါင်းစဉ်တပ်၍ ဆန္ဒပြရာမှအစ အကြမ်းဖက်တိုက်ခိုက်ဖို့အထိ အဘက်ဘက်က အားပေးထောက်ပံ့ မြှောက်ထိုးပင့်ကော် ပြုလုပ်ပေးခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် ဝန်ကြီးများခန့်ကာ စိတ်ကူးယဉ်အမိန့်များ ထုတ်ပြန်ခဲ့သည်။ အစိုးရအုပ်ချုပ်ရေးယန္တရား ရပ်တန့်အောင် ရပ်ကွက်၊ ကျေးရွာအလိုက် ပါတီဝင်များဦးဆောင်၍ ထိပ်တိုက်ရင်ဆိုင်နိုင်အောင် ပြုလုပ်ခဲ့ကြသည်။ မည်သည့်နေရာတွင် ရှိမှန်းမသိသည့် ဝန်ကြီးဌာန သုံးခုတာဝန်ယူသော အရိုးအထူးကုဆရာဝန်က ပြည်သူများနှင့် ဝန်ထမ်းများကို မြှောက်ပင့်သွေးထိုးခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်တွင်းပြည်ပ အလှူရှင်များထံမှ မြန်မာငွေ၊ ဒေါ်လာ သန်းချီရယူပြီး ဝန်ထမ်းများကို CDM ပြုလုပ်စေကာ အကျပ်ရိုက်အောင် ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ပြည်သူအချင်းချင်း ဖိအားပေး အကျပ်ကိုင် သတ်ဖြတ်ခြင်းအထိ ဖြစ်လာခဲ့သည်။

ပြည်ပမှနေ၍ မြန်မာပြည်ဖျက်စီမံကိန်း အနေဖြင့် ချင်းပြည်နယ် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့နေ မကြာသေးမီကမှ လူမှုကွန်ရက်တွင် လူသိများလာသော ဒေါက်တာဆာဆာဆိုသူနှင့် ချိတ်ဆက်၍ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်းဖြစ်သည်။ ဒေါက်တာဆာဆာသည် တရားမဝင် ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ်ခန့်အပ်ခြင်းကို လက်ခံဆောင်ရွက်ခြင်း၊ နိုင်ငံတကာရှိ မြန်မာသံရုံးဝန်ထမ်းများအား CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ဝိတ်ဆို့အရေးယူမှုများ ဖြစ်ပေါ်လာအောင် တိုက်တွန်းခြင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အပြစ်မဲ့ပြည်သူများအား အကာအကွယ်ပေးရေးမူ (Responsibility to Protect –R2P) အတိုင်း ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊ ပြည်တွင်းပဋိပက္ခများ ပိုမိုကြီးထွားလာစေရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(အစိုးရ)အား ဖြိုဖျက်ရန် လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ဒေါက်တာဆာဆာအား မတ်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုရာဇသတ်ကြီးပုဒ်မ ၁၂၂(၂)ဖြင့် တရားစွဲပြီး ဖမ်းဝရမ်းထုတ်ဆင့်ထားသည်။

ထို့အတူ မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် တရားမဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အဖွဲ့ဝင်များ၊ ယင်းကော်မတီက ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ ယင်းကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုလည်းကောင်း၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုလည်းကောင်း အနှောင့်အယှက်အန္တရာယ်ဖြစ်စေသည်ဟု ယုံကြည်ယူဆသဖြင့် မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရ ဖော်ပြပါကော်မတီ၊ ယင်းကော်မတီက ဖွဲ့စည်းထားသော အဖွဲ့အစည်းများကို မတရားအသင်းအဖြစ် ကြေညာခဲ့သည်။

### အန္တရာယ်များသော စိတ်ကူးယဉ်ပုံပြင်ဖြစ်

တကယ်တမ်းတွင် CRPH သည် တရားမဝင်ဖွဲ့စည်းထားသော စိတ်ကူးယဉ်အစိုးရသာ ဖြစ်သည်။ လွှတ်တော်တက်ကာ အာဏာရလုဆဲအချိန်အခါတွင် အာဏာလက်လွှတ်လိုက်ရသဖြင့် သွေးရူးသွေးတန်းဖြင့် ယခင်လုပ်နည်းအတိုင်း ထလုပ်ကြခြင်းဖြစ်သည်။ ပြည်ပတွင် တိုင်းတစ်ပါးအား ဆရာတင်ပြီး ပြည်ဖျက်စီမံကိန်းဖော်ဆောင်ခြင်း ဖြစ်သည်။ ပြည်တွင်းမှာလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား ဖိတ်ခေါ်ပြီး ဖက်ဒရယ်ကိစ္စကို အစဖော်ကာ မရေရာသောအဖြေထုတ်ပြီး ဘေးထွက်ဆိုးကျိုးများသည့် စိတ်ခံစားချက်ဖြင့် လုပ်ချင်ရာလုပ်ခြင်းဖြစ်သည်။ ပြည်တွင်းရှိ ပြည်သူများကြား၊ မိဘနှင့် သားသမီးကြား၊ ဆရာနှင့် တပည့်ကြား၊ ဝန်ထမ်းများအချင်းချင်းကြား၊ စိတ်ဝမ်းကွဲကြ၊ ဖိအားပေးကြ၊ အနိုင်ကျင့်ကြ၊ သတ်ကြဖြတ်ကြဖြစ်အောင် ဖန်တီးပေးသည့် အန္တရာယ်များသော စိတ်ကူးယဉ်ပုံပြင် ဖြစ်သည်။

ရှေးဆရာကြီးများ လုပ်နည်းအတိုင်း လေထဲတွင် တိုက်အိမ်ဆောက်၊ ရေတွင် အရုပ်ရေးဆင်ဖြူတော်မှိုပြီး ကြိုစုပ်ရန် ဆက်လက်ကြိုးပမ်းမည်ဆိုလျှင် တိုင်းပြည်နှင့် ပြည်သူသာ နစ်နာဆုံးရှုံးမှုများမည်ဖြစ်သည်။ ကိုယ့်တပ်ကို ကိုယ်ချနင်းသလို၊ ကိုယ့်ခေါင်းဆောင်၊ ကိုယ့်ပါတီကို ကိုယ်ပြန်သတ်သလို ဖြစ်သွားပေလိမ့်မည်။

### တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်ပါ

စာရေးသူအနေဖြင့် စေတနာကောင်းဖြင့် အကြံပြုလိုသည်မှာ သွေးပူပြီး မရေရာသည့် ပုံပြင်များဖန်တီးခြင်းကို ဆက်မလုပ်ပါနှင့်။ မိမိတို့ တန်ဖိုးထားသောပါတီကို မှန်ကန်သည့် ခေါင်းဆောင်မှုဖြင့် ပြန်လည်တည်ဆောက်ပါ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်မည့် ရွေးကောက်ပွဲတွင် တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်ပါ။ NCA လမ်းကြောင်းတွင် ပါဝင်အကောင်အထည်ဖော်ပါ။ ၂၁ ရာစုပင်လုံကို ဆက်လက်လျှောက်လှမ်းပါ။ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ရိုးသားစွာ ပါဝင်ပါ။ သို့မှသာ လက်တွေ့ကျကျ အောင်မြင်နိုင်မည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် တိုင်းရင်းသားပြည်သူအားလုံး လိုလားသည့် အေးချမ်းသာယာသော ပြည်ထောင်စုကြီး ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

### သင်ခန်းစာယူစရာများသာဖြစ်

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းသည် သင်ခန်းစာယူစရာများသာ ဖြစ်ပါသည်။ မြန်မာပြည်တွင် အပြောင်းအလဲတစ်ခုခု ပေါ်ပေါက်တိုင်း မြန်မာပြည်ဖျက်စီမံကိန်းကို အနောက်အုပ်စုနိုင်ငံကြီးများက အစီအစဉ်ရှိရှိ ပါဝင်ဆောင်ရွက်ကြသည်များကို မြင်တတ်ဖို့ လိုပါသည်။ သူခိုးဓားရိုးကမ်းသူများနှင့် အချိတ်အဆက်အပေးအယူပြုလုပ်၍ မြန်မာပြည်ဖျက်စီမံကိန်းကို အကောင်အထည်ဖော်ခြင်း၊ အမျိုးသားသစ္စာဖောက်များကို လက်သပ်မွေးခြင်း၊ ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်များက မြန်မာပြည်ကိုဖျက်ရန် အခါပေးညွှန်ပြ လက်ထောက်ချကြခြင်း၊ ဆရာကြီးများကို ယုံစားအားကိုးပြီး အဖျက်အမှောင့်လုပ်ငန်းမျိုးစုံ လုပ်ကိုင်ကြခြင်း၊ လေလှိုင်းပေါ်မှ အမိန့်ညွှန်ကြားချက်အမျိုးမျိုးထုတ်ခြင်း၊ လေထဲတွင် လွှတ်တော်ကြီးဆောက်လုပ်ခြင်း၊ လေထဲတွင် အစိုးရအဖွဲ့ဝင်များ ရုံးထိုင်ကြခြင်း၊ လေထဲတွင် သမ္မတအိမ်တော်ကြီး ဆောက်ကြခြင်းတို့သည် အန္တရာယ်ရှိသော စိတ်ကူးယဉ်မှုများသာ ဖြစ်ပါသည်။

ထိုဖန်တီးမှုများသည် ရှေးလူကြီးများ၊ မိခင်များက ကလေးသူငယ်များအား ရုပ်အာဟာရ၊ အသိအာဟာရကြွယ်ဝအောင် စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်း ပြောကြသလို မဟုတ်ပါ။ စိတ်ကူးယဉ်တစ္ဆေသရဲပုံပြင်များ၊ နတ်အစွဲပုံပြင်များ ပြောနေသည်နှင့် တူပါသည်။ အခြောက်ဖြင့် ထုတော့မည်ဟု ဟန်ရေးပြပြီး သားရည်ကွင်းဖြင့် ပစ်နေကြသလို ဖြစ်နေသည်။ NCGUB ၊ CRDB ၊ CRPP ၊ CRPH တို့သည် မြန်မာပြည်တွင်းမှ ပြည်သူများ တွေဝေအောင်၊ ထင်ယောင်ထင်မှားဖြစ်အောင် ခြောက်လုံး၊ ဟန့်လုံး၊ မက်လုံးများ ပေးနေသည့် စိတ်ကူးယဉ် ဒီမိုကရေစီပုံပြင်ဇာတ်လမ်းများ ဖန်တီးပြောဆိုနေကြခြင်းသာ ဖြစ်ပါသတည်း။ ။

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

(ယမန်နေ့မှအဆက်)

ရဲရဲတောက်သတင်းဌာနမှ အယ်ဒီတာချုပ် အမတ်ဒိန်က ယနေ့ လူထုထဲတွင် ကောလာဟလမျိုးစုံ ပျံ့နှံ့နေပါကြောင်း၊ တစ်နေ့က မန္တလေး၊ မတ္တရာဘက်မှ လူများသည် နေပြည်တော်ကို တိုင်းရင်းသားလက်နက်ကိုင်များ သိမ်းသွားပြီဟု သိနေပါကြောင်း၊ တယ်လီဖုန်းများနှင့် လှမ်းမေးပါကြောင်း၊ လှိုင်သာယာမှ လူများက ပဲခူးကို တိုင်းရင်းသားလက်နက်ကိုင်များ သိမ်းသွားပြီဟု သိနေပါကြောင်း၊ လှိုင်သာယာတွင် R2Pသည်လှိုင်သာယာမှစမည်ဟု ကောလာဟလများ လွှင့်ပါကြောင်း၊ အချို့ကောလာဟလများသည် ရုတ်ခြည်းပြန်ပြီး ဖြေရှင်းရမည့် Issue များဖြစ်ပါကြောင်း၊ အထူးသဖြင့် ယခုလ ၃၁ ရက်နေ့ CDM ဝန်ထမ်းများ အလုပ်ဝင်ရန်ပြောနေသည်ကို "မဝင်နဲ့ သွားတာနဲ့ ဆွဲစီလိမ့်မယ်"ဆိုသည့် ကောလာဟလ ထုတ်နေပါကြောင်း၊ ညမအိပ်ရအောင် ထို့ပြင် စစ်တပ်မှပေါ်တာဆွဲနေပြီဟုဆိုသည့် ကောလာဟလမျိုးလည်း ထုတ်နေပါကြောင်း၊ ထို့ကြောင့် ယခုလို ကောလာဟလများကို စစ်တပ်က ပေါ်တာဆွဲသည်မှာ မဟုတ်ကြောင်း၊ ဆွဲသည့်အခြေအနေလည်း မရှိပါကြောင်းဆိုသည့် ဖြေရှင်းချက်မျိုးကို ယခုသတင်းစာရှင်းလင်းပွဲတွင် ဒီကနေ့ ဖြေရှင်း၍ရပါကြောင်း၊ သို့သော် သတင်းစာရှင်းလင်းပွဲကြည့်ခြင်းသည်ပင်လျှင် အသံကျယ်ကျယ် ကြည့်၍မရသည့် အချို့ဒေသများရှိပါကြောင်း၊ ဘာဖြစ်ခဲ့သလဲဆိုတာလည်း သိပါကြောင်း၊ ထို့ကြောင့် လူထုစိုးရိမ်ထိတ်လန့်နေရသည့် ကောလာဟလ Issue များကို ပြန်လည်ချေပရာတွင် MWD၊ MRTV နှင့် မလုံလောက်ဘူးဟု မိမိထင်ပါကြောင်း၊ တပ်မတော်မှ ပေါ်တာမဆွဲပါဘူးဆိုသည့် ကောလာဟလ ဖြေရှင်းချက်မျိုးကို ပြည်ထဲရေးဌာနသည် ညဘက်၌ Speaker နှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်နေပါကြောင်း ဆိုသည့်နောက်တွင် တပ်မတော်ပေါ်တာဆွဲမည်ဆိုသည့် မသမာသူများ၏ ကောလာဟလသည် မဟုတ်ပါကြောင်း စသဖြင့်ထည့်သွင်းကြေညာမှုမျိုး ပြုလုပ်သင့်ကြောင်း၊ ၎င်းတို့သည် MWD၊ MRTV တို့ကို နားမထောင်သည့်အတွက် ၎င်းတို့နားထောင်သည့် အသံမျိုးနှင့် ပြန်ဖြေရှင်းပြောပြလျှင် ပိုပြီးအဆင်ပြေမည်ဖြစ်ပါကြောင်း၊ ထိုလုပ်ငန်းကို လုပ်နိုင်ပါသလားဟု ပြည်ထဲရေးကို မေးလိုပါကြောင်း မေးမြန်းသည်။



ရှမ်းပြည် (တောင်ပိုင်း) နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များ အုပ်ချုပ်မှုဆောင်ရွက်ရန် ဖယ်ခုံမြို့သို့သွားရောက်စဉ် အဖွဲ့အကြမ်းဖက်သူလူတစ်စုမှ အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်

**အခြေခံပညာကျောင်းများနှင့်ပတ်သက်ပြီး အကြမ်းဖျင်းအနေဖြင့် နံပါတ်တစ် အခြေခံပညာကျောင်းများကို စတင်ဖွင့်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ကောလိပ်အဆင့်တွင် ပါရဂူတန်း၊ မာစတာတန်းများဖွင့်မည်ဖြစ်ပြီး ကျန်အတန်းများ လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ အခြေခံပညာကျောင်းများကို ဖွင့်သည့်အခါ မိမိတို့အနေဖြင့် လျာထားချက်က နောက်ကျနေသည့်အတွက် တစ်နှစ်ကို နှစ်တန်းဖွင့်မည်ဖြစ်ကြောင်း၊ တစ်နှစ်ကို နှစ်တန်းတက်ရမည်ဖြစ်ပြီး Grade-1 ကလေးသည် ပညာသင်နှစ်တစ်နှစ်တည်းတွင် Grade-1 လည်းပြီးသွားရမည်၊ Grade-2 လည်း သင်ပြီးသားဖြစ်ရမည့် ပုံစံမျိုးဖြင့်သွားရန် အကြမ်းဖျင်းစီစဉ်ထားကြောင်း၊ အားလုံးချောချောမွေ့မွေ့ဖြစ်သည့်အခါ ၎င်းပုံစံမျိုးသွားရန် လျာထားလျက်ရှိ။**

### ဖမ်းဆီးမှုများ မရှိ

ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက မတ်လ ၃၁ ရက်နေ့ CDM ကိစ္စနှင့်ပတ်သက်၍ အဓိကဖြစ်သည့် ဝန်ကြီးဌာနများကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း မိမိတို့ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ပူးတွဲဝင်ရောက်နေသည့် CDM မှာပါသွားသည့် ဝန်ထမ်းများ ရှိပါကြောင်း၊ အချို့သည် ယခုအထိ ပါနေပြီး အချို့လည်း ပြန်လည်ပြီး ဝန်ကြီးဌာနများတွင် အလုပ်ဝင်ရောက်နေပါကြောင်း၊ ၎င်းနှင့်ပတ်သက်ပြီး ပြန်လည်ဝင်ရောက်လာသည့်အခါတွင် ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ မေးမြန်းမှုများ၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ၊ ဝန်ထမ်းလုပ်ထုံးလုပ်နည်းအရ ပြုလုပ်မှုများ ရှိပါကြောင်း၊ ဖမ်းဆီးမှုများ မရှိပါကြောင်း။

တစ်နိုင်ငံလုံးတွင်ရှိသည့် ဝန်ထမ်းများကို ယခုသတင်းစာရှင်းလင်းပွဲမှ အတိအလင်းပြောကြားလိုပါကြောင်း၊ ဖမ်းဆီးမှုများ လုံးဝမရှိပါကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး မိမိတိုင်းပြည်နှင့် လူမျိုးအတွက်၊ ပြည်သူလူထုအတွက် မိမိတတ်ထားသည့်ပညာဖြင့်၊ မိမိလုပ်သက်ဖြင့် လုပ်ဆောင်နေရသည့် ဝန်ထမ်းများအနေဖြင့် မစိုးရိမ်ကြရန် မိမိတို့ပြောလိုပါကြောင်း၊ ကောလာဟလများ အမျိုးမျိုးရှိပါကြောင်း၊ ကောလာဟလနှင့်ပတ်သက်ပြီး အချို့ကောလာဟလများသည် ကြောက်စရာကောင်းပါကြောင်း။

တချို့အရာများသည် မီဒီယာများကိုယ်တိုင်မှ လုပ်ပေးနေခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်မှာပင်လျှင် အခြားရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသည့်ကျင်းများကို ဓာတ်ပုံရိုက်ပြီး နေပြည်တော်မှာ ဗုံးခိုကျင်းများ တူးနေပြီဆိုသော အကြောင်းအရာမျိုးဖြစ်ကြောင်း၊ ၎င်းကောလာဟလသည် အဓိပ္ပာယ်မရှိဘူးဆိုသည်ကို ယခုဒီအထဲတွင်ရှိနေသည့် လူများအားလုံး သိပါကြောင်း၊ သို့သော် အချို့နယ်များကို ရောက်သွားသည့်အခါ ၎င်းသည် ဟုတ်နိုးဆိုသည့် အရာမျိုး ဖြစ်လာပါကြောင်း၊ ယခုလို သတိပေးသည့်အတွက်လည်း ကျေးဇူးတင်ပါကြောင်း။

ညဘက်တွင် သတိပေးနေသည့် နယ်မြေလုံခြုံရေးအတွက်၊ တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းများလှည့်နေသည့်အခါ ကောလာဟလများနှင့်ပတ်သက်ပြီး နယ်မြေအလိုက် ၎င်းတို့ကို ပြန်ပြီးဖြေရှင်းနိုင်အောင်၊ ပြန်ပြီး ပြည်သူလူထုနားကို တိုက်ရိုက်ရောက်နိုင်အောင်လည်း မိမိတို့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလို အကြံပေးခြင်းကိုလည်း လေးစားပါကြောင်း ရှင်းလင်းဖြေကြားသည်။

### facebook team သက်တမ်း ကုန်မည့်အချိန်ကို သိလို

Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက facebook team က ယခုချိန်ထိ အလုပ်လုပ်နေဆဲ ဟုတ်၊ မဟုတ် သိလိုကြောင်း၊ ယခုအချိန်တွင် ဆူပူမှုများ အသားပေးဖော်ပြနေသည့် media များကို facebook က support လုပ်နေသည်ဟု ယူဆရပါကြောင်း၊ မိမိတို့ page များ ဖျက်ချခံရပါကြောင်း၊ အလားတူ နိုင်ငံတော်ပိုင် page များကိုလည်း ဖျက်ချခံရသည်ကို တွေ့ရပါကြောင်း၊ facebook team သက်တမ်းကုန်မည့်အချိန်ကို သိလိုကြောင်း၊ facebook team ရွေးချယ်သည့်အခါ အဂတိလိုက်စားမှုများ ရှိခဲ့၊ မရှိခဲ့ကို သိလိုပါကြောင်း မေးမြန်းသည်။

ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက facebook နှင့်ပတ်သက်ပြီး ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကိုသာ ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း၊ facebook နှင့်ပတ်သက်၍ အခြားနိုင်ငံများ၌လည်း စည်းမျဉ်းစည်းကမ်းများရှိပါကြောင်း၊ facebook နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တရားဥပဒေနှင့်သက်ဆိုင်သည့်ဌာနများ၊ ငွေရေးကြေးရေးနှင့်သက်ဆိုင်သည့် ဌာနများက အသေးစိတ်လေ့လာလျက်ရှိကြောင်း၊ ဥပမာပြောရလျှင် Australia မှာဆိုလျှင် facebook နှင့်ပတ်သက်၍ တရားဥပဒေအရ ဖြေရှင်းခဲ့ခြင်းရှိကြောင်း၊ အဆိုပါ ကိစ္စများနှင့်ပတ်သက်၍ မိမိတို့လုပ်ဆောင်လျက်ရှိသည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

### ကလေးသူငယ် အခွင့်အရေးများဥပဒေ

Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေးက အမျိုးသားရေးတော့ နည်းနည်းဆန်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ကလေးသူငယ်အခွင့်အရေးများဥပဒေကို ပြဋ္ဌာန်းစဉ်က နိုင်ငံခြားသားကလေးကို မြန်မာနိုင်ငံသားတစ်ဦးက နှစ်ယောက်အထိ မွေးစား၍ရသည်ဟူသည့် ဥပဒေပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထိုအချိန်ကလည်း ကန့်ကွက်ဆန့်ကျင်မှုများ လုပ်ခဲ့ပါကြောင်း၊ ကန့်ကွက်ဆန့်ကျင်မှုများကို လုံးဝလျစ်လျူရှုပြီး ဥပဒေအတည်ပြု ပြဋ္ဌာန်းခဲ့ပါကြောင်း၊ နစကအနေဖြင့် ပြန်လည်သုံးသပ်ပြင်ဆင်သွားရန် အစီအစဉ်ရှိ၊ မရှိကို ပြည်သူများက သိလိုကြောင်း မေးမြန်းခဲ့သည်။

စာမျက်နှာ ၂၅ သို့ ☆

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် မတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ်ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရပ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

နေပြည်တော် မတ် ၃၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၄၁၅၇ ဦး၊ အတွင်းလူနာ ၄၃၆၈ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၈၅၁ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၅၆၂ ဦး စုစုပေါင်း ၇၄၁၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၈၉၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၀၂၄ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၆၁၅ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၀၃၈၅၅၀ | ၂၃၅၁၀၀၅၁ | ၅၆၃၂၅၉ |
| ၂။ | ဘရာဇီး | ၁၂၅၇၇၃၅၄ | ၁၀၉၆၂၃၄၇ | ၃၁၄၂၆၈ |
| ၃။ | အိန္ဒိယ | ၁၂၀၆၇၅၆ | ၁၁၃၉၈၈၀၇ | ၁၆၂၂၁၈ |
| ၄။ | ပြင်သစ် | ၄၅၅၄၆၈၃ | ၂၉၀၈၁၀ | ၉၄၉၅၆ |
| ၅။ | ရုရှား | ၄၅၃၆၈၂၀ | ၄၁၅၅၉၉၆ | ၉၈၄၄၂ |
| ၆။ | ဗြိတိန် | ၄၃၃၇၆၉၆ | ၃၈၂၁၁၇၉ | ၁၂၆၆၁၅ |
| ၇။ | အီတလီ | ၃၅၄၄၉၅၇ | ၂၈၇၀၆၁၄ | ၁၀၈၃၅၀ |
| ၈။ | စပိန် | ၃၂၇၀၈၂၅ | ၃၀၃၈၁၇၅ | ၇၅၀၉၉ |
| ၉။ | တူရကီ | ၃၂၄၀၅၇၇ | ၂၉၇၅၁၀၈ | ၃၁၂၃၀ |
| ၁၀။ | ဂျာမနီ | ၂၇၉၆၄၀၀ | ၂၅၀၇၉၀၀ | ၇၆၅၉၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၀၅၇၇၅ | ၁၃၄၂၆၈၅ | ၄၀၇၅၄ |
| ၂။ | ဖိလစ်ပိုင် | ၇၄၁၁၈၀ | ၆၀၃၃၁၀ | ၁၃၁၉၀ |
| ၃။ | မလေးရှား | ၃၄၄၀၁၈ | ၃၂၈၅၅၄ | ၁၂၆၅ |
| ၄။ | မြန်မာ | ၁၄၂၄၁၂ | ၁၃၁၇၉၃ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၃၄၇ | ၆၀၁၃၈ | ၃၀ |
| ၆။ | ထိုင်း | ၂၈၈၁၂ | ၂၇၃၇၉ | ၉၄ |
| ၇။ | ဗီယက်နမ် | ၂၅၉၄ | ၂၃၅၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၃၇၈ | ၁၁၇၆ | ၁၁ |
| ၉။ | ဘရူနိုင်း | ၂၀၇ | ၁၉၁ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်အပေါ် အခွင့်ကောင်းယူကာ အကြမ်းဖက်အဖွဲ့များ၏ နည်းလမ်းများအတိုင်း အဖျက်အမှောင့်လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်

နေပြည်တော် မတ် ၃၀

ဆူပူအကြမ်းဖက်သူ လူစုလူဝေးများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ တစ်နေ့ထက်တစ်နေ့ ပိုမိုလုပ်ဆောင်လာနေကြရာ ယနေ့တွင် တိုင်းဒေသကြီး/ပြည်နယ်များ၌ မြို့နယ်အချို့ရှိ နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ ယာဉ်/ယန္တရားများကို မီးပုလင်းဖြင့် ပစ်ပေါက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ပစ်ပေါက်ထွက်ပြေး

ထိုသို့ ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့ရာ၌ နံနက် ၂ နာရီ မိနစ် ၂၀ တွင် စမ်းချောင်းမြို့နယ် စမ်းချောင်းမြောက်ရပ်ကွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်ရုံးကို အကြမ်းဖက်သူအင်အား (စိစစ်ဆဲ)က ဓာတ်ဆီပုလင်း ငါးလုံး မီးရှို့၍ ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် ရွေးကောက်ပွဲကော်မရှင်ရုံးရှိ ဆိုင်းဘုတ်တစ်ခု မီးလောက်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ နံနက် ၂ နာရီ ၄၅ မိနစ်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးကို အကြမ်းဖက်သူအင်အား ရှစ်ဦးခန့်က ဓာတ်ဆီပုလင်းများအား မီးရှို့၍ ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါ မီးပုလင်းများမှာ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအတွင်း ကျရောက်ပေါက်ကွဲမီးလောင်ခဲ့ပြီး နံနက် ၂ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ရုံးအတွင်းရှိ ပလတ်စတစ်ထိုင်ခုံ ခြောက်လုံး၊ စာရွက်စာတမ်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ထို့အတူ နံနက် ၁၀ နာရီခွဲတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ကုံကော်မီးပွိုင့်ရှိ အချက်ပြမီးထိန်းချုပ်ခန်း အဆောက်အအုံကို ဦးဆောင်သူ (စိစစ်ဆဲ) အကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်မှ မှန်များရိုက်ခွဲ၍ မီးရှို့နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော



စမ်းချောင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးကို ဓာတ်ဆီပုလင်းဖြင့် ပစ်ပေါက်မီးရှို့ထားသည်ကို တွေ့ရစဉ်။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက် ကုံကော်မီးပွိုင့်ရှိ အချက်ပြမီးထိန်းချုပ်ခန်း အဆောက်အအုံ မီးရှို့ဖျက်ဆီးခံရသည်ကို တွေ့ရစဉ်။

ပူးပေါင်းအဖွဲ့သည် အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများက တုတ်၊ အုတ်ခဲ၊ ဂျင်ကလိများဖြင့် အကြမ်းဖက် ပစ်ခတ်ရန်ပြုခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီတွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်သူများမီးရှို့ဖျက်ဆီးမှုကြောင့် မီးပွိုင့်အချက်ပြမီး ထိန်းချုပ်ခန်းအဆောက်အအုံ၏ မှန်နှစ်ချပ်ကွဲပြီး အဆောက်အအုံအတွင်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

မီးရှို့ဖျက်ဆီးခံထားရ

အလားတူ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် စဥ့်ကိုင်မြို့နယ် ရဲစုကျေးရွာအနီးတွင် မြေတူးစက်တစ်စီး မီးရှို့ဖျက်ဆီးခံထားရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ရဲစုကျေးရွာအနီးတွင် ရေနုတ်မြောင်းတူးဖော်နေသည့် စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးဌာနပိုင် မြေတူးစက်ယပ်တစ်စီးဖြစ်ကြောင်း တွေ့ရှိရပြီး အကြမ်းဖက်သူလူစုမှ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ယာဉ်၏အစိတ်အပိုင်း အများစု မီးလောင်ခဲ့ပြီး ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

အထက်ပါဖြစ်စဉ်များအတွင်း အကြမ်းဖက်မှုလုပ်ရပ်ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့ကြီးအချို့တို့၌ ဖြစ်ပေါ်လျက်ရှိသည့် ဆူပူဆန္ဒပြမှုများကြောင့် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများအနေဖြင့် စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိ

နေပြည်တော် မတ် ၃၀

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာမှားယွင်းမှုများကို တာဝန်ရှိသူအဖွဲ့ အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့် ရယူရန်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီးနောက် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ NLD ပါတီဝင်များနှင့် ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိသည်။



ကူးစက်အသွင်ပြောင်းလာခဲ့

ယခုအခါတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုမှတစ်ဆင့် ဆူပူအကြမ်းဖက်မှု မင်းမဲ့စရိုက်ဆန်သည့် လုပ်ဆောင်မှု၊ ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများစသည့် လက်နက်ကိုင်အကြမ်းဖက်သည့် အဆင့်သို့ ကူးစက် အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် NLD ပါတီဝင်များနှင့် ထောက်ခံသူများသည် တစ်ဖက်တွင် ပြည်သူများ လမ်းပေါ်သို့ ရောက်ရှိလာစေရန် ရည်ရွယ်၍ နည်းမျိုးစုံဖြင့် လှုံ့ဆော်သွေးထိုးလျက်ရှိပြီး နိုင်ငံရေးအပေါ် သိတတ်နားလည်မှု မရှိနိုင်သေးသည့် နုနယ်လှသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကိုပါ ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ရှေ့တန်းတင် အသုံးချလာကြသည်ကို တွေ့ရှိရသည်။ ၎င်းအပြင် ကလေးသူငယ်များအား လူအများ ထိခိုက်ဒဏ်ရာရရှိစေနိုင်သည့် လက်နက်များကို ကိုင်ဆောင်၍ အကြမ်းဖက်မှုတွင် ပါဝင်စေခြင်း၊ အခြားကလေးသူငယ်များကိုပါ ထိုသို့ ပြုမူလာစေရန်အတွက် အားပေးအားမြှောက်ပြုလုပ်၍ ဆုချီးမြှင့်ခြင်း စသည်တို့ကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မိဘပြည်သူများအနေဖြင့် မိမိတို့၏ ကလေးငယ်များကို နိုင်ငံရေး အသုံးချကိုယ်ကျိုးရှာသူများ၏ အသုံးချခံမဖြစ်စေရေးနှင့် လမ်းများမရောက်စေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

အမှိုက်သပိတ်

ယနေ့တွင်လည်း နိုင်ငံရေး အမြတ်ထုတ်လှုံ့ဆော်နေသူများ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အချို့မြို့ကြီးများ၌ အစိုးရဆန့်ကျင်ရေး အမှိုက်သပိတ်ဟူ၍ လုပ်ဆောင်လာကြသည်ကို အကျည်းတန်အရုပ်ဆိုးစွာတွေ့ရှိရသည်။ ၎င်းတို့၏ သွေးထိုးမြှောက်ပင့်ပြီး ပြည်သူအများ လုပ်ဆောင်လာစေရန် ပြောကြားနေမှုများကြောင့် အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကို အဘက်ဘက်မှ ထိခိုက်လျက်ရှိစေသည့်အပြင် နိုင်ငံတော်အေးချမ်းသာယာလှပရေးနှင့် တစ်ဦးချင်း၏ ကျန်းမာရေးကိုပါ ဆိုးရွားသည့်ထိခိုက်မှုများဖြစ်ပေါ်လာစေနိုင်သည့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းများကိုပါ လုပ်ဆောင်လာခဲ့သဖြင့် ပြည်သူအများမှ စိတ်အနှောင့်အယှက် ဖြစ်ပေါ်လျက်ရှိပြီး စိတ်မချမ်းမြေ့မှုများ ဖြစ်ပေါ်နေရသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများပေါ်တွင် အတားအဆီးများ ချထားခြင်း၊ အမှိုက်များကို စည်းကမ်းမဲ့အကျည်းတန်အရုပ်ဆိုးအောင် လုပ်ဆောင်နေမှုများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ ပြည်သူများ၏ ကျန်းမာရေးနှင့် စိတ်အနှောင့်အယှက်ကို ဖြစ်ပေါ်စေသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံတည်ငြိမ်အေးချမ်းသာယာစွာ နေထိုင်လိုသည့် ရပ်ကွက်နေပြည်သူများနှင့်အတူ ပူးပေါင်း၍ အတားအဆီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# စစ်အုပ်ချုပ်ရေး(Martial Law)အမိန့် ထုတ်ပြန်ထားရှိပြီး ကျူးလွန်မှုအလိုက် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်များအတွင်း စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကိုကျင့်သုံးရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပြီးဖြစ်ရာ ကျူးလွန်မှုအလိုက် ပြစ်ဒဏ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များအတွင်း ဖမ်းဆီးထိန်းသိမ်းခဲ့သည့် စိန်သောင်း၊ အောင်ပြည်ဖြိုး၊ စိုးသန်း၊ တင်ထွန်းနှင့် ကျော်သက်တို့အား စစ်ခုံရုံးဖွဲ့၍ စစ်ဆေးခဲ့ရာ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉-င ပါ ပြဋ္ဌာန်းချက်များအရ ပြစ်ဒဏ်ထိုက်သင့်သည့် ကိုင်ဆောင်ခွင့်မရှိဘဲနှင့် လက်နက်တစ်ခုခုကို စွဲကိုင်သွားလာမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် အသီးသီးကျခံစေရန် ၂၀၂၁ ခုနှစ် မတ် ၁၉ ရက်က အမိန့်ချမှတ်ခဲ့သည်။

အလားတူ ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မင်းထက်(ခ) လင်းထက်ပိုင်နှင့် လှဝင်းတို့အား SOLAMODA အထည်ချုပ်စက်ရုံ အဆောက်အအုံအား မတ် ၁၆ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့မှုအတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) အားလည်းကောင်း၊ အောင်ထွန်း (ခ) ဆာမိ၊ အောင်သက်ပိုင် (ခ) ပီချေးနှင့် ဝင်းကိုကိုတို့အား ခိုးရာပါပစ္စည်းလက်ခံထားရှိမှုအတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်အားလည်းကောင်း၊ ကျော်သိန်းဝင်း (ခ) ကိုကိုဝင်း၊ သီဟ (ခ) ဆံရှည်၊ ရန်နိုင်နှင့် နိုင်မင်းတို့သည် မတ် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၈ ရက်တို့တွင် ဆူပူအကြမ်းဖက်သူများနှင့်အတူ အော်ဟစ်ဆဲဆို ကြွေးကြော်ပြီး အစိုးရဝန်ထမ်းများအား ရုံးတာဝန်ဝတ္တရားများ ပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်မှုဖြင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က(ဂ)အရ အလုပ်နှင့်ထောင်ဒဏ်(၃)နှစ် ကျခံစေရန် စစ်ခုံရုံးဖွဲ့၍ စစ်ဆေးဆောင်ရွက်ခဲ့ကာ မတ် ၂၂ ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

စစ်ခုံရုံးက ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား ပြစ်မှုထင်ရှားစီရင်ခံရပါက တည်ဆဲဥပဒေများနှင့်အညီ သေဒဏ် (သို့မဟုတ်) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ် (သို့မဟုတ်) သက်ဆိုင်ရာ ပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ် တစ်မျိုးမျိုးအားချမှတ်နိုင်ပြီး အဆိုပါဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့်စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိဘဲ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ခံရပါက ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ အတည်ပြုချက်နှင့် သေဒဏ်ချမှတ်ခံရပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်ကြောင်း သိရှိရသည်။ သတင်းစဉ်

# တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်တို့၌ ဆူပူအကြမ်းဖက်မှုကို ဖြိုခွဲထိန်းသိမ်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်သူတစ်ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မတ် ၃၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့တွင် ဆူပူအကြမ်းဖက်ဆန္ဒပြသူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားစဉ် အကြမ်းဖက်သူလူစုလူဝေးက လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်စဉ် ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ နံနက် ၁၁ နာရီခွဲတွင် ကော့သောင်းမြို့ ရွှေစင်ယော်ရပ်ကွက် မြရည်ပုလဲလမ်း၌ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှင်းလင်းဖယ်ရှားနေစဉ် ဦးဆောင်သူ (စီစစ်ဆဲ) အနက်ရောင်များဝတ်ဆင်ထားသည့် အကြမ်းဖက်သူ လူစုလူဝေးအင်အား ၆၀ ခန့်သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂျင်ကလိ၊ လေးခွ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ပစ်ပေါက်တိုက်ခိုက်ခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သော ဆေးကုသမှုခံယူနိုင်ရေး နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်သူလူစုလူဝေးအား ဖြိုခွဲထိန်းသိမ်းစဉ် ဆူပူအကြမ်းဖက်သူ အမျိုးသား တစ်ဦး သေဆုံး၍ အမျိုးသား တစ်ဦး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် တောင်ဒဂုံမြို့နယ် (၁၀၄/၁၀၇) ရပ်ကွက်၌ ဦးဆောင်သူ (စီစစ်ဆဲ)ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၅၀ ခန့်သည် အများပြည်သူသွားလမ်းမကြီးကို အတားအဆီးများဖြင့် ပိတ်ဆို့၍ ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ပြီး ဆူပူဆန္ဒပြသူလူစုလူဝေးကို လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ဖြေရှင်းခဲ့သော်လည်း ၎င်းတို့က လိုက်နာမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်သေနတ်၊ လေးခွ၊ ဂျင်ကလိများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်း နှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူစုလူဝေးအတွင်းမှ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ပြီး အမျိုးသား တစ်ဦးကို ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်သုံးလက်၊ သံချွန် သုံးချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း လက်လုပ်မိုင်းများ ပြုလုပ်နေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးရှာဖွေရာ ၁၂ လမ်း အနောက်ထိပ် ကုံကော်အိမ်ရာ၌ အမျိုးသားတစ်ဦးကို ဒေသန္တရလက်လုပ်မိုင်း နှစ်လုံးနှင့်အတူ တွေ့ရှိခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းစဉ် အဆိုပါအမျိုးသားက လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ၎င်းအား လက်လုပ်မိုင်း တစ်လုံးနှင့်အတူ အသေဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် သေဆုံးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ



နေပြည်တော် မတ် ၃၀

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**ရန်ပြုတိုက်ခိုက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၁၁) နယ်မြေ(၇)၌ မောင်အိုက်လာ(ဘ) ဦးအိုက်ပီးကို လက်လုပ်သေနတ်နှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မူဆယ်မြို့ တောင်ရပ်ကွက် ကမ္ဘောဇဘဏ်(၁)ရှေ့၌ ဆူပူအကြမ်းဖက်သူ ၃၀ ခန့်က အုတ်ခဲ၊ ပုလင်းများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ဟိန်းမင်းဦး(ခ)ဆံရှည် (ဘ)ဦးမြင့်ထူး အပါအဝင် အမျိုးသား ခုနစ်ဦးတို့ကို ဓားသုံးချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မဂ်လာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ ကျူးကျော်တဲ တစ်လုံးအတွင်းမှ လက်လုပ်သေနတ် လေးလက်၊ မီးစာတပ်ထားသည့် ဓာတ်ဆီပုလင်း ၄၆ လုံး၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း။

**ဖမ်းဆီးထိန်းသိမ်း**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံရင်ပြင်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ထွက်မှုများ စစ်ဆေးဆောင်ရွက်စဉ် တောင်ဥက္ကလာပမြို့နယ်မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သို့ မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ရဲကိုကို(ဘ)ဦးလှမြင့်အား လက်လုပ်အသံဗုံးတစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် ဘန့်ဘွေးကုန်းနှင့် ကမ္ဘာ့ဆန်လမ်းဆုံ၌ ဆူပူအကြမ်းဖက်သူ ၁၀၀ ခန့်က တာယာကွင်းများ မီးရှို့ပိတ်ဆို့၍ လေသေနတ်များ၊ ဂျင်ကလိများ၊ လေးခွများ၊ မီးပုလင်းများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်း နှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ဇော်အေး(ဘ)ဦးညွန့်မောင်ကို ဒူးလေး ၁၀ လက်၊ လက်လုပ်သေနတ် နှစ်လက်၊ ဂျင်ကလိ ၄၁ ချောင်း၊ ဓားသုံးချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ဟင်္သာတမြို့၌ ဆူပူအကြမ်းဖက်မှုများကြောင့် ဖမ်းဆီးထိန်းသိမ်းထားသည့် ရှိုင်းလင်းထက်နှင့် အောင်ကိုထက်တို့နှစ်ဦး၏ ထွက်ဆိုချက်အရ ကနောင်စုရပ်ကွက် ပြည်တော်သာလမ်းနေ အောင်ကိုထက် နေအိမ်၌ ဖခင်ဖြစ်သူ ဦးယဉ်ထွေကို ဂျင်ကလိ ၂၇ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့အဝင် မန္တလေး-လားရှိုးလမ်းနှင့် ပြင်ဦးလွင်မြို့ရှောင်လမ်းဆုံရှိ Mobile X-Ray ရိုက်စက်နေရာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ ထွက်မှုများ စစ်ဆေးစဉ်ကျော်ကျော်ထူး(ဘ) ဦးဟာမြင့် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဖုံးအတွင်းရှိ ပီနံအိတ်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောင်ဆန်းဈေး၊ စည်ပင်သာယာရေးတာဝန်ခံရုံး၌ မျိုးသန်းနှင့် အောင်မျိုးဦးတို့နှစ်ဦးအား မီးစာတပ်ဓာတ်ဆီပုလင်း ၆၃ လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာနေ လင်းလင်း (ဘ)ဦးတင်ရွှေကို ၎င်း၏နေအိမ်၌ ဓားနှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ကိုးသောင်းလမ်းရှိ ကျော်မြတ်အေး နေအိမ်၌ ဂျင်ကလိ ၁၀၈ ချောင်းနှင့် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ညောင်တုန်းမြို့ အမှတ်(၂)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မသင်္ကာဖွယ်ပစ္စည်းတစ်ခု တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဒေသန္တရလက်လုပ်ဗုံးတစ်လုံးကို လည်းကောင်း၊ ကန့်ကြီးဒေါင့်မြို့နယ် ဒါးကကျေးရွာနေ မင်းမင်း(ဘ)ဦးဗိုက်ကြီးကို ၎င်း၏နေအိမ်၌ ဂျင်ကလိ ၁၃ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## သတင်းစာပတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူပတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၈၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၁၂၊ ၀၉-၉၈၁၃၉၂၄၉၈၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၁၂၇၂၉၊ ၀၂-၄၀၁၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၁၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၈၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၁၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၀၂၂၄၈၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၀၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၀၈၃

သင့်လုပ်ငန်းများအောင်မြင်ဖို့
အမြဲမပြတ်အားကိုးအားထားပြုနိုင်သည့် မြန်မာ့အလင်း
ကြေးမုံ
GLOBAL NEW LIGHT OF MYANMAR
သတင်းစာတွင် ကြော်ငြာထည့်ကြစို့



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း (က) အဆင့် ၂၇ ဈေး၊(ခ)အဆင့် ၆၅ ဈေး၊(ဂ)အဆင့် ၄၉ ဈေး၊(ဃ)အဆင့် ၃၆ ဈေးနှင့်အခွန်လွတ်ဈေး ၇ ဈေး စုစုပေါင်း ၁၈၄ ဈေးရှိပြီး ယခုအခါ ဈေးများအားလုံး ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ လှိုင်သာယာ(အနောက်ပိုင်းမြို့နယ်) အမှတ် (၂၀) ရပ်ကွက်ဈေးတွင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ကုန်စည်အဝင်အထွက်များ ပုံမှန်လည်ပတ်စီးဆင်းလျက်ရှိသည်ကို မတ် ၃၀ ရက်က တွေ့ရစဉ်။ သတင်းစဉ်

# ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် မတ် ၃၀

၂၀၂၁ ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသောဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစီးပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂)သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ


သင်ပါ ပြင်ပါ တိုးတက်လာ

ဆောင်းပါး စာမျက်နှာ » ၆

ဂျာမနီနိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်မည့်ခရီးသည်များ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ပြသရမည်

စာမျက်နှာ » ၁၃

ဇာတ်နာအောင် မလုပ်ကြပါနဲ့ မောင်တို့

ဆောင်းပါး စာမျက်နှာ » ၁၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

စာမျက်နှာ » ၁၈

ဒီမိုကရေစီပုံပြင်ဇာတ်လမ်းများ

ဆောင်းပါး စာမျက်နှာ » ၂၂

စစ်အုပ်ချုပ်ရေး (Martial Law) အမိန့် ထုတ်ပြန်ထားရှိပြီး ကျူးလွန်မှုအလိုက် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ » ၂၈


# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ရပ်ကွက်နှင့် ကျေးရွာများအရောက် ဖြန့်ဝေလှူဒါန်းလျက်ရှိ



ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေစဉ်။

နေပြည်တော် မတ် ၃၀

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စဉ် ရေတွင်း၊ ရေကန်များခန်းခြောက်သည့် မိုးခေါင်ရေရှားကာလများတွင် သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် ပြည်သူလူထု သောက်သုံးရေများ လိုအပ်ချက်မရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအထိ သွားရောက်ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

## ပေးဝေလှူဒါန်း

ထိုသို့ ဖြန့်ဝေလှူဒါန်းရာ၌ မတ် ၂၅ ရက်တွင် ကချင်ပြည်နယ် ဗိုင်းမော်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် မဒိန်ကျေးရွာအုပ်စု မဒိန်ကျေးရွာရှိ ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သောက်သုံးရေဂါလန် ၁၆၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ပင်လျှိုကျေးရွာအုပ်စု ညောင်ပင်လျှိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၊ ဆပ်ပျာကျင်းကျေးရွာအုပ်စု ဆပ်ပျာကျင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ စည်ပင်ရေပေးဝေရေးအုတ်ကန်တို့ကို သောက်သုံးရေဂါလန် ၃၀၈၀၀ ခန့်အား လည်းကောင်း ပေးဝေလှူဒါန်းခဲ့သည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ကသဲရပ်ကွက် “သာသနာ့ရောင်ခြည်” ဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းနှင့် မိဖုရပ်ကွက် “ရန်ပြေမာန်ပြေ”ဘုန်းတော်ကြီးကျောင်းတို့ကို သောက်သုံးရေဂါလန် ၁၆၀၀ ခန့်စီကို မီးသတ်ရေသယ်ယာဉ် တစ်စီးစီဖြင့် လည်းကောင်း၊ မင်းပြားမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ကန်သေကျေးရွာ “ပညာဗိမာန်”ဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)နှင့် အမ်းသားကြီးကျေးရွာဘုန်းတော်ကြီးကျောင်း (တိုက်ပွဲရှောင်စခန်း)တို့ကို သောက်သုံးရေဂါလန် ၈၀၀ ခန့်စီအား မီးငြိမ်းသတ်ယာဉ်တစ်စီးစီဖြင့် လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ရေဖြူကန်(တိုက်ပွဲရှောင်စခန်း)သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ်သွားရောက်၍ လည်းကောင်း သောက်သုံးရေ ပေးဝေလှူဒါန်းခဲ့သည်။

မတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ညောင်ပင်လျှိုကျေးရွာအုပ်စု ညောင်ပင်လျှိုကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် နှစ်ကြိမ် သွားရောက်၍ သောက်သုံးရေဂါလန် ၃၂၀၀ ခန့်အား ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်မျိုး